# သင်၏ညီအစ်ကိုပြစ်မှားခဲ့လျှင်

## ရှင်မဿဲ ၁၈း၁၅–၁၇ ကို လေ့လာသုံးသပ်ခြင်း

အက်ဖ် ၊ ဝိန်းမက်လီယို

မန်လျန်ပေါင်(Ph.D)ဘာသာပြန်ဆိုသည်။

အသင်းတော်တွင်းကန့်သတ်

# သင်၏ညီအစ်ကိုပြစ်မှားခဲ့လျှင်

Copyright©2012 by F. Wayne Mac Leod
LTMP ခွင့်ပြုချက်ဖြင့် ဘာသာပြန်၊ ပုံနှိပ်ထုတ်ဝေသည်။

**Light To My Path Book Distribution**
*sydeny Mines, Nova Scotia*

# မာတိကာ


နိဒါန်း - - - - - - - - ၁

၁။ သင်၏ညီအစ်ကိုပြစ်မှားခဲ့လျှင် - - - - - - - - ၆

၂။ သူ့ဆီသို့သွား၍ သူ၏အပြစ်ကိုပြ၍ဆုံးမလော့ - - - - - - - -၂၀

၃။ သင်တို့နှစ်ကိုယ်တည်းကြား - - - - - - - - ၃၅

၄။ သက်သေတစ်ဦး (သို့) နှစ်ဦး - - - - - - - - ၄၅

၅။ အသင်းတော်အား ကြားပြောလော့ - - - - - - - - ၅၇

၆။ အသင်းတော်၏စကားကို နားမထောင်လျှင် - - - - - - - - ၆၇

၇။ သာသနာပလူကဲ့သို့၄င်း၊

အခွန်ခံကဲ့သို့၄င်း၊ ထိုသူကိုမှတ်လော့ - - - - - - - - ၇၉

၈။ ပြဿနာဖြေရှင်းရန် အဖြေမရှိသောအခါ - - - - - - - - ၉၆

# နိဒါန်း

တယ်လီဖုန်း ဖြေကြားရန်အတွက် ကောက်ကိုင်လိုက်သောအခါ တဖက်မှ ရင်းနှီးသောအသံ တစ်သံကိုကျွန်တော် ကြားလိုက်ရသည်။ ထိုသူမှာ ကျွန်ုပ်သင်းအုပ်အဖြစ် ပါဝင်အမှုထမ်း နေသောအသင်းတော်မှ အသင်းဝင်တစ်ဦးဖြစ်သည်။ သူမ၏အသံသည် ကသုတ်ကရက်နိုင်လှ၏။ "အခုချက်ချင်းဒီဘက်ကိုအမြန်လာပါ" ဟု ကျွန်ုပ်အားပြောလိုက် သည်။ "ဘာကြောင့်လဲ၊ ဘာတွေဖြစ်နေတာလဲ"ဟု ကျွန်ုပ်ပြန်၍မေးခဲ့ သည်။ "ဒီရောက်တော့မှ ရှင်းပြမယ်"ဟု ကျွန်ုပ်အား ပြန်ဖြေကြားခဲ့သည်။

လုပ်လက်စအရာများကို ထားခဲ့ပြီး၊ သူမအိမ်သို့ ချက်ချင်း ကျွန်တော်အရောက်သွားခဲ့သည်။ ဤအခြင်းအရာကား ထိုအသင်းတော်ရှိ အသင်းဝင်များအိမ်သို့ ကျွန်ုပ်နောက်ဆုံးလည်ပတ်ခဲ့ခြင်းများအနက်မှ တစ်ကြိမ်ဖြစ်ပေလိမ့်မည်။ ထိုအရပ်၌အမှုတော်ဆောင်သက်တမ်းနှစ်နှစ် ထမ်းဆောင်ပြီးနောက် ခွင့်ရက်ဖြင့် အိမ်သို့ပြန်ရန် ကျွန်ုပ်၏ ဇနီးသည်နှင့် ကျွန်တော်တို့ ပြင်ဆင်နေကြသည်။ အသင်းတော်မှအမျိုးသမီးများသည် ၎င်းတို့ထံ၌ ကျွန်ုပ်၏အမျိုးသမီးပြုခဲ့သော အမှုတော်များကို ဂုဏ်ပြုသည့်အနေဖြင့် နှုတ်ဆက်ပွဲကျင်းပပေးရန်ပြင်ဆင်နေကြသည်။

ကျွန်ုပ်ရောက်သွားသောအခါ ထိုအသင်းဝင်အမျိုးသမီးအား

ကျွန်ုပ်နှုတ်ဆက်လိုက်သည်။ ကျွန်ုပ်အား အိမ်ထဲသို့ ဝင်ရန် ဖိတ်ကြားခဲ့သည်။ ထို့နောက် ကျွန်တော် "ဘာပြဿနာဖြစ်တာလဲ" ဟု မေးခဲ့ရာ "အဖြစ်အပျက်ကတော့ ဒီလို . . . ဒီလို" ဟူ၍ တုန့်ပြန်ဖြေကြားခဲ့ သည်။ (သူမ၏နာမည်ကိုလည်း ဖော်ပြခဲ့သည်။) သူမက "အဲဒီအမျိုးသမီး က ကျွန်မတို့နဲ့ အသင်းတော်တူ တဖက်အသင်းတော်က အမျိုးသမီးတွေကို ခင်ဗျားအမျိုးသမီးအတွက် လုပ်မယ့် နှုတ်ဆက်ပွဲကိုဖိတ်ခဲ့တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကို ဘာမှမတိုင်ပင်ဘူး။ ကျွန်မတို့ဆီမှာ လာဆုံကြဖို့ ဖိတ်လိုက်တာဘဲ။ ရှင်ကကျွန်မတို့ရဲ့ သင်းအုပ်ဖြစ်တဲ့အတွက် အဲဒီကိစ္စတွေကို အဲဒီအမျိုးသမီးဆီမှာ သွားပြောပေးပါ။ ကျွန်မကို ပထမဆုံးတိုင်ပင်သင့်တယ်လို့ အဲဒီအမျိုးသမီးကိုပြောပေးပါ။" ဟု ဒေါသ ပါသောလေသံဖြင့် ပြောခဲ့သည်။

ကျွန်တော်ကလည်း "ခင်ဗျားကိုယ်တိုင်သူကို ပြောပြီးပြီးလား" ဟု မေးခဲ့သည်။ "မပြောမိဘူး၊ ပြောရင်လဲ နားထောင်မှာ မဟုတ်ဘူး" ဟု သူမပြန်ပြောခဲ့သည်။ "ခင်ဗျားမပြောကြည့်ဘဲနဲ့ ဘယ်လိုလို့ သိနိုင်မှာလည်း" ဟု ကျွန်ုပ်ပြန်မေးခဲ့သည်။ "သူ့အိမ်အထိလိုက်သွားရင် ကျွန်မကို ရိုက်မှာ" ဟု သူမဆိုပြန်သည်။ "ရှင်တဘက်ဖုန်းလိုင်း ကနေ နားထောင်ပေးတယ်ဆိုရင် သူကိုကျွန်မဖုန်းခေါ်လိုက်မယ်" ဟု သူမပြန်ဖြေခဲ့သည်။

"ခဏလောက် စဉ်းစားကြည့်ပါဦး" ဟု ကျွန်ုပ်တုန့်ပြန်လိုက်သည်။ "အကယ်၍ ကျွန်တော်တို့ဟာ အခြားသူတစ်ဦးဦးနဲ့ပြဿနာဖြစ်တယ်ဆိုရင် အဲဒီလူဆီကို ကျွန်ုပ်တို့ကိုယ်တိုင်သွားပြီး ဖြေရှင်းဖို့ သမ္မာကျမ်းစာက ပြောထားတယ်။ ဒါကြောင့် အဲဒီပြဿနာနဲ့ ပတ်သက်ပြီး ဘုရားသခင်ရဲ့ကောင်းချီးမင်္ဂလာကိုလိုချင်တယ်ဆိုရင် ဘုရားသခင်ရဲ့ နည်းလမ်းအတိုင်းပြုလုပ်ရမယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒီပြဿနာကို ဘုရားသခင်ရဲ့နည်းလမ်းအတိုင်း မလုပ်ဘူးဆိုရင် ကျွန်တော်ဘာတစ်ခုမှ

လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ကိုယ်တိုင် သွားပြောပါ” ဟု ကျွန်ုပ်ဆိုလိုက်သည်။ “ကောင်းပြီး” ဟု သူမပြောပြီး တဖက်ခန်းရှိ တယ်လီဖုန်းအား ကောက်ကိုင်ရန်သွားခဲ့သည်။ မိနစ်အနည်းငယ် ကြာသောအခါ အပြုံးမျက်နှာဖြင့် ပြန်လာသော သူမကို တွေ့လိုက်ရသည်။ “ဘုရားသခင်က သူ့(သူမနာမည်ကိုဖော်ပြလျက်)ကို သူလုပ်ခဲ့တဲ့ အရာနဲ့ပတ်သက်ပြီး၊ စကားပြောခဲ့တယ်။ ကျွန်မကိုတောင်းပန်လိုက်တယ်။ ပြဿနာတွေအားလုံးပြီးသွားပြီ။” ကျွန်ုပ်တို့နှစ်ဦးစလုံး ဤကဲ့သို့သောကောင်းချီးမင်္ဂလာအတွက် ဘုရားသခင်ကို အတူတကွချီးမွမ်းခဲ့ကြသည်။

ထိုနေ့က သူမအိမ်မှ ပြန်လာခဲ့စဉ်တွင် ကျွန်ုပ်စဉ်းစား မိသည်မှာ အကယ်၍ထိုအမျိုးသမီးပြောသည့်အတိုင်း ကျွန်ုပ်လိုက်လုပ်ခဲ့ လျှင် မည်သည့်အရာများ နောက်ဆက်တွဲ ဖြစ်ခဲ့လိမ့်ဦးမည်နည်း ဟူသော အရာပင်ဖြစ်သည်။ ထိုပြဿနာ၌ အသင်းတော်တစ်ခုလုံး ဝင်စွက်ဖက်ခဲ့ကြသည်ဟု စိတ်ကူးကြည့်ပါ။ ရလဒ်မှာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ အသင်းတော်များစွာတို့သည် ထိုကဲ့သို့သော ပြဿနာ အသေးအမွှားလေးများကြောင့် အစိတ်စိတ်အမွှာအမွှာကွဲခဲ့ကြရသည်။

ကျွန်ုပ်တို့ မိသားစုအတွင်းရှိ သားသမီးများကြား၌ရှိ ပြဿနာများကို ကျွန်ုပ်တို့ရှောင်လွှဲ၍မရနိုင်သကဲ့သို့ ယုံကြည်သူများကြားရှိ ပြဿနာများကို ထိုထက်ရှောင်လွှဲနိုင်ကြမည်မဟုတ်ပါ။ အကြောင်းကိစ္စများကို မည်သို့ မည်ပုံပြုလုပ်ရမည်ဟူသော အချက်၌ ကျွန်ုပ်တို့အားလုံး အမြဲတမ်းသဘောတူနိုင်ကြမည် မဟုတ်ပါ။ တခါတရံတွင် ဒေါသနှင့် မာနတို့ဖြင့် တုန့်ပြန်လုပ်ဆောင်ကြသည်။ ပုဂ္ဂိုလ်ရေးရာများထိခိုက်ကုန်သည်။ လူအများစိတ်ထိခိုက်၍နာကျင်ကြရသည်။ ယုံကြည်သူများရှိ ပဋိပက္ခများနှင့် ဆက်နွယ်၍ ကျမ်းစာတွင် သာဓကများဖြင့် ဖော်ပြထား

သည့် အရာများ ပြည့်နေသည်။

ဤပြဿနာများရှိလာမည့်အကြောင်းကို ဘုရားသခင်သိရှိ နေခဲ့သောကြောင့် ဖြေရှင်းချက်များအား သမ္မာကျမ်းစာ၏ နေရာအနှံ့အပြားတွင် ဖော်ပြပေးထားသည်။ ကျွန်ုပ်တို့အတွက် အထူးစိတ်ဝင်စားဖွယ်ကောင်းသည့်အရာမှာ မဿဲ ၈း၁၅-၁၇ရှိ ခရစ်တော်၏သွန်သင်ချက်ပင်ဖြစ်သည်။ ဤကျမ်းပိုဒ်တွင် ထွက်ပေါ်လာသည့်ပြဿနာများအား မည်သို့ ဖြေရှင်းကိုင်တွယ်ကြရမည့်အကြောင်းအား ခရစ်တော်က ပြသပေးထားသည်။

မဿဲ ၁၈ သည် ကျွန်ုပ်တို့၏ လူမှုဆက်ဆံရေးကဏ္ဍများ၌ ထွက်ပေါ်လာသော ပြဿနာများအား ကျွန်ုပ်တို့ ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းကြရန် စိန်ခေါ်တိုက်တွန်းထားသည်။ ဤကျမ်းပိုဒ်သည် အပြစ်၌ ပြိုလဲသွားသောသူများအား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘေးကင်းသောနည်းလမ်းများကို ပံ့ပိုးပေးထားပြီး၊ သာမန်ခရစ်ယာန်များအား ၎င်းတို့၏ညီအစ်ကိုမောင်နှမများ ခွန်အားနည်းနေသည့် အချိန်၌ ကူညီဖေးမခြင်းအမှုအား အလေးအနက်ထားကြရန် တိုက်တွန်းခွန်အားပေးထားသည်။

ဤကျမ်းပိုဒ်ကိုလျစ်လျူရှုထားခဲ့ကြသောကြောင့် ခရစ်တော်၏ ခန္ဓာကိုယ်ရှိ လူများစွာတို့သည် အရှက်တကွဲအကျိုးနည်းခြင်း များနှင့် ကြုံတွေ့ကြရပြီး၊ စိတ်နာကျင်ခံစားမှုများလည်း ရှိခဲ့ကြရသည်။ လာမည့်သင်ခန်းစာအနည်းငယ်တွင် ခရစ်တော်၏သွန်သင်ချက်များနှင့် သွန်သင်ချက်များမှ ယနေ့အသင်းတော်အတွင်းရှိ ကျွန်ုပ်တို့၏ လူမှုဆက်ဆံရေးများအတွက် လက်တွေ့အသုံးဝင်သောအချက်အလက်များအား စမ်းစစ်သွားကြမည်ဖြစ်သည်။ သခင်ကိုယ်တော်သည် ဤလေ့လာဆွေးနွေးချက်များအား မလွဲမသွေရောက်ရှိလာလိမ့်မည့် ပဋိပက္ခများအား

ကိုင်တွယ်ဖြေရှင်းရာတွင် သူ၏လူမျိုးတို့အား ကူညီရန်အတွက်အသုံးပြုရန်မှာ ကျွန်ုပ်၏ဆုတောင်းချက်ဖြစ်သည်။ ဤလေ့လာဆွေးနွေးချက်များအားဖြင့် ခရစ်တော်၏ခန္ဓာကိုယ်အတွင်းရှိ ဆက်ဆံရေးများ၌ ဒဏ်ရာငြိမ်းခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းများကို ယူဆောင်လာရန်ဘုရားသခင်သည် ကျေနပ်နှစ်ခြိုက်ပါစေသော် -

အက်ဖ်၊ ဝိန်း မက်လီယို

၁။

# သင်၏ညီအစ်ကို ပြစ်မှားခဲ့လျှင်

*"သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်" (မဿဲ၊ ၁၈း၁၅)*

မဿဲ ၁၈း၁၅-၁၇ အား စတင်လေ့လာရာတွင် မှတ်သားရမည့်အချက်မှာ ခရစ်တော်သည် ဤကျမ်းပိုဒ်၌ "ညီအစ်ကို" အကြောင်းကို ပြောနေပါသည်။ ဤကျမ်းပိုဒ်သည် ယုံကြည်သူများအတွက်ဖြစ်သည်။ ဤကျမ်းပိုဒ်အရ နားလည်ထားသည်မှာ ခရစ်တော်၏ကိုယ်ခန္ဓာ၌ရှိ ယုံကြည်သူများအကြားတွင် ပြဿနာများရှိမည့်အကြောင်းဖြစ်သည်။ ဤအချက်ကြောင့် ကျွန်ုပ်တို့မအံ့သြသင့်ပါ။ အချိန်ကာလဟူသော ယန္တရားကြီးစတင်လည်ပတ်ခဲ့သည့်အချိန်မှစ၍ ဘုရားသခင်၏အိမ်တော်အတွင်းရှိ ညီအစ်ကိုများ မောင်နှမများအကြား၌ ပဋိပက္ခများရှိခဲ့ပြီးဖြစ်သည်။ ဧဒင်ဥယျာဉ်ကြီးအတွင်း၌ပင် မနာလိုဝန်တိုခြင်းနှင့် အမုန်းဒေါသတို့ဖြင့် ရောပြွန်နေရာမှ ညီဖြစ်သူအာဗေလအား သတ်ဖြတ်ခဲ့သော ကာဣန၏အသက်တာကို တွေ့မြင်ခဲ့ကြပြီဖြစ်သည်(ကမ္ဘာ၊ ၅)။ ၎င်းဥယျာဉ်ကြီး၌အစပြုခဲ့သောအရာသည် ယုံကြည်သူ ညီအစ်ကိုမောင်နှမများကြား၌ရှိသော ဆက်ဆံရေးများအား ချိုးဖျက်၍ အပိုင်းပိုင်းကွဲစေသော ဒီရေလှိုင်းကြီးအဖြစ် လည်ပတ်လှုပ်ရှားနေပါသည်။

မျက်မှောက်ကာလခရစ်တော်၏အသင်းတော်အားသုံးသပ်ကြည့်ပါ။ အသင်းတော်ကြီးများ၏အရေအတွက်ကို ရေတွက်ပြီး ၎င်းတို့တစ်ခုချင်းစီ၏သမိုင်းကို လေ့လာကြည့်ပါ။ အသင်းတော်၏သမိုင်းသည် သူပုတ် ကိုယ်ပုတ် ယှဉ်ပြိုင်မှုများ၊ သဘောထားကွဲလွဲမှုများနှင့် ပြည့်နှက်နေခဲ့ သည်။ အယူဝါဒကွဲလွဲမှုများ၊ မိမိပို၍နှစ်သက်သော

အရာကို ‌ရှေ့တန်းတင် ခြင်းနှင့် ထုံးတန်းအစဉ်အလာမှ ဖန်တီးခဲ့သော မရေတွက်နိုင်သည့် ပဋိပက္ခ များသည် ယုံကြည်သူတို့အား စိတ်ဝမ်းကွဲ စေရန် အကြောင်းဖန်ပေးခဲ့သည်။ ရန်သူများလက်ကြောင့်မဟုတ်၊ ဘုရားသခင်၏အမှုကိုထမ်းဆောင်သည်ဟု ယုံကြည်ကြသောအခြား ခရစ်ယာန်များလက်ချက်ဖြင့် ခရစ်ယာန်များသည် ပန္နက်တိုင်တွင် ချည်၍မီးရှို့ခြင်းကို ခံနေကြရသည်။ ယေရှုကိုယ်တိုင်သည်လည်း သူ၏တပည့်တော်တပါး၏သစ္စာဖောက်ခြင်းကို ခံခဲ့ရသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုလုံးတွင် ယုံကြည်ချက်တစ်ခုကို ယုံကြည်ဝန်ခံထားကြသော ယုံကြည်သူများကြား၌ ရှိနေသော ပဋိပက္ခများနှင့် စပ်လျဉ်းသော သာဓကများဖြင့် ပြည့်နေပါသည်။

ဤသမ္မာကျမ်းပိုဒ်၌တွေ့ရသော အားတက်ဖွယ်ရာအကြောင်းမှာ ခရစ်တော်သည် သူ၏အသင်းတော်အတွင်း၌ ဖြစ်ပျက်နေသော ပြဿနာ များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ပေးထားခြင်းပင် ဖြစ်သည်။ လူသားတို့၏ စိတ်နေသဘောထားနှင့် ရှောင်လွှဲ၍မရသော ပဋိပက္ခများ ကို ကြိုတင်သိရှိနေသည့်အလျောက် ခရစ်တော်က "သင်၏ညီအစ်ကို သည် သင့်ကိုပြစ်မှားလျှင်" ဤအရာများသည် သင်ပြုလုပ်ရမည့်အရာများ ဖြစ် သည်ဟု ကျွန်ုပ်တို့အား သွန်သင်ပေးထားသည်။ ပြဿနာများကို ရင်ဆိုင်ရာ၌ ခရစ်တော်သည် ကျွန်ုပ်တို့အား အကူအညီမဲ့သော အခြေအနေတွင် မချန်ထားမခဲ့ပါ။ ဖြစ်လာမည့်အကြောင်းကို သူ သိရှိနေသည့် အလျောက် ထိုအရာများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျွန်ုပ်တို့ အား လမ်းညွှန်ချက်များကို ပေးထားခဲ့သည်။ ပြဿနာများ၏ ကြီးမား ကျယ်ပြန့်မှုကို စဉ်းစားကြည့်လျှင် ယနေ့တွင် ဤကျမ်းပိုဒ်သည် ကျွန်ုပ်တို့အတွက် အလွန်တရာအရေးပါသော ကျမ်းပိုဒ်ဖြစ်သည်။ ကျွန်ုပ်တို့ ထဲမှလူအနည်းငယ်သာလျှင် အခြားယုံကြည်သူတစ်ဦးဦးနှင့်

ပြဿနာတစ်စုံတရာမရှိဘဲ ဤလောကမှထွက်ခွါသွားကြလိမ့်မည်။ ထိုအကြောင်းကြောင့် မဿဲ ၁၈း၁၅-၁၇ သည် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့ အသက်ရှင်စဉ်တစ်လျောက် မြောက်များစွာသော အချိန်၌ ဤကျမ်းပိုဒ်အား ကိုးကားရန်လိုအပ်လာပါလိမ့်မည်။

သခင်ခရစ်တော်သည် ဤကျမ်းပိုဒ်တွင် အပြစ်ဒုစရိုက်အကြောင်းကိုလည်း ဖော်ပြထားသည်ကို သတိပြုပါ။ "အပြစ်ဒုစရိုက်" ဟူသောစကားလုံးသည် ထူးခြားမှုရှိပြီး၊ ကျွန်ုပ်တို့အား အရေးကြီးသောအကြောင်းအရာတစ်ခုကို ပြောလျက်ရှိနေသည်။ ယနေ့တွင် ယုံကြည်သူများကြား၌ ဖြစ်တတ်သောပြဿနာများကို ဖြစ်ပေါ်စေသော အကြောင်းအရာ မြောက်များစွာရှိပါသည်။ မိမိပို၍နှစ်သက်သောအရာကို ရှေ့တန်းတင်ခြင်းသည် အသင်းတော်ကို ကွဲစေနိုင်သည်။ တစ်ဦးက ငြိမ်သက်၍ နှလုံးသွင်း ဆင်ခြင်သည့် ဝတ်ပြုကိုးကွယ်ခြင်းသဏ္ဌာန်ကို နှစ်သက်စဉ်တွင် အခြားတစ်ဦးကလည်း တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားကိုးကွယ်ဝတ်ပြုခြင်းမျိုးကို နှစ်သက်နေပါလိမ့်မည်။ ဘုရားတရားကို ကြည်ညိုသောယုံကြည်သူများကပင်လျှင် သမ္မာကျမ်းစာ၏ သွန်သင်ချက်များကို အဓိပ္ပါယ်အမျိုးမျိုးဖြင့် ဘာသာပြန်ထားကြသည်။ ဥပမာ - နောက်ဆုံးသောကာလ၌ဖြစ်ပျက်မည့်အကြောင်းအရာများနှင့် စပ်လျဉ်းသောအယူဝါဒများကို သုံးသပ်ကြည့်ပါ။ ဤကဲ့သို့သော ကွဲပြားသည့် အယူဝါဒများက စစ်မှန်သောယုံကြည်သူများကိုပင်လျှင် ကွဲစေနိုင်သည်။ အသင်းတော်အတွင်း၌ ကျင့်သုံးရမည့်အရာများနှင့်စပ်လျဉ်းသော မေးခွန်းများသည်လည်း စိတ်ဝမ်းကွဲစေသောအရာများဖြစ်သည်။ ခရစ်ယာန် တစ်ဦးသည် မည်သည့်အရာကို စားသုံးနိုင်၊ မည်သည့်အရာကို သောက်သုံးနိုင်သည်၊ မည်သည့်အရာကိုပြုလုပ်နိုင်သည် ဟူသော အကြောင်းအရာများသည် ရိုးသားသော ယုံကြည်သူများအကြား၌ ဖြစ်နေ

သော ပြင်းထန်သည့် ငြင်းခုန်မှုများ၏အရင်းအမြစ်များဖြစ်နေကြသည်။ တမန်တော်ပေါလုသည် ဤအကြောင်းအရာများနှင့်စပ်လျဉ်း၍ ရောမ ၁၄း၅-၈၊ ၁၂-၁၃ တို့တွင် ကျွန်ုပ်တို့အား များစွာသွန်သင်ပေးရန် ရှိနေသည်။ သူ၏အကြံပြုချက်အား ဆင်ခြင်ကြည့်ပါ -

(၅)နေ့ရက် တစ်ရက်ထက် တစ်ရက် သာ၍မြတ်သည်ဟု လူအချို့ထင်တတ်၏။ လူအချို့မထင်၊ လူတိုင်း မိမိစိတ်သဘောကျပါစေ။ (၆)နေ့ရက်ကို စောင့်သောသူသည် ဘုရားသခင်ကို ထောက်၍စောင့်၏။ နေ့ရက်ကို မစောင့်သောသူသည်လည်း ဘုရားသခင်ကိုထောက်၍ မစောင့်ဘဲနေ၏။ စားသောသူသည် ဘုရားသခင်ကို ထောက်သောစိတ်နှင့် စား၍ ကျေးဇူးတော်ရှိသည်ဟု ဝန်ခံ၏။ မစားသောသူသည်လည်း သခင်ဘုရားကို ထောက်သောစိတ်နှင့် မစားဘဲနေ၍ ကျေးဇူးတော်သိရှိသည်ဟု ဝန်ခံ၏။ (၇) ငါတို့တွင် အဘယ်သူမျှ ကိုယ့်အဖို့အလိုငှာ အသက်မရှင်။ အဘယ်သူမျှ ကိုယ့်အဖို့အလိုငှာ မသေ။ (၈) အသက်ရှင်လျှင် ဘုရားသခင်အဖို့အလိုငှာ ရှင်၏။ သေလျှင်လည်း ဘုရားသခင်အဖို့အလိုငှာ သေ၏။ ထို့ကြောင့် အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ သခင်ဘုရားဆိုင်တော်မူ၏။ (၁၂) သို့ဖြစ်၍ ငါတို့ရှိသမျှသည် ဘုရားသခင်စစ်ကြောတော်မူခြင်းကို ခံရကြမည်။ (၁၃) ထို့ကြောင့် ငါတို့သည် ယခုမှစ၍ အချင်းချင်း မစစ်ကြောမစီရင်ဘဲ နေကြကုန်အံ့။ ညီအစ်ကိုချင်း ထိမိ၍လဲစရာအခွင့်၊ မှားယွင်းစရာအခွင့် မရှိစေမည်အကြောင်း သာ၍စီရင်ကြကုန်အံ့။

ဘုရားတရားကိုင်းရှိုင်းသော ယုံကြည်သူများအတွင်းတွင် ကွဲပြားသော အယူအဆများ အမြဲတမ်း ရှိနေပါမည်။ ကြီးမားသော ကွဲပြားခြားနားခြင်းသည် အသင်းတော်အတွင်း၌ ရှိမည့်အကြောင်း ကျွန်ုပ်တို့ သိထားသင့်သည်။ ကျွန်ုပ်တို့သည် ကွဲပြားသော နည်းလမ်းများဖြင့် ဘုရားသခင်ကို ကိုးကွယ်ကြလိမ့်မည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအား မတူသော နည်းလမ်းများဖြင့် ဖော်ပြကြပါလိမ့်မည်။ သို့သော်လည်း ဤကွဲပြားခြားနားချက်များကို အပြစ်မမြင်ပါ။ ဤကွဲပြားခြားနားချက်များနှင့် တကွ ရှင်သန်ရန်နှင့် ၎င်းတို့အား သာမန်အကြောင်းအရာများအဖြစ် မှတ်ယူလက်ခံကြရန် ရှင်ပေါလုက ကျွန်ုပ်တို့အား တိုက်တွန်းထားပါသည်။

မဿဲ၊ ၁၈း၁၅-၁၇ သည် မိမိပို၍နှစ်သက်သောအရာကို ရှေ့တန်းတင်ခြင်း(သို့) အယူဝါဒဆိုလျှင် အသေးအမွှားကိစ္စရပ်များ၌ သမ္မာ ကျမ်းစာအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း စသည့် ယုံကြည်သူများ အလယ်၌ တွေ့မြင်နိုင်သာ ကွဲပြားခြားနားချက်များနှင့် စပ်လျဉ်းသော ကျမ်းပိုဒ် မဟုတ်ပါ။ "သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်"ဟု သခင်ယေရှု ပြောကြားရာတွင် သူသည် သမ္မာကျမ်းစာ၏သိသာထင်ရှားသော သွန်သင်ချက်များကို မနာခံဘဲ ဘုရားသခင်အား စော်ကားရာရောက်သော အပြုအမူများဖြင့် အသက်ရှင်နေသော ညီအစ်ကို(သို့) ညီအစ်မ တစ်ဦး၏အကြောင်းအား ပြောနေခြင်း ဖြစ်သည်။ ဤကျမ်းပိုဒ်ရှိ ခရစ်တော်၏သွန်သင်ချက်အား လိုက်လျောက်ကျင့်သုံးမည်ဆိုလျှင် မိမိပို၍ နှစ်သက်သောအရာများနှင့် အပြစ်ဒုစရိုက်တို့၏ ခြားနားချက် အား ပထမဦးစွာ ခွဲခြားကြရမည်။

အပြစ်ဒုစရိုက်သည် သမ္မာကျမ်းစာက ရှင်းလင်းတိကျစွာဖော်ပြထားသော ပညတ်ချက်များကို မနာခံခြင်းနှင့် သက်ဆိုင်သောအရာဖြစ်သည်။ ထိုမနာခံမှုမှာ ရည်ရွယ်၍သော်လည်းကောင်း၊ မရည်ရွယ်ဘဲ

သော်လည်းကောင်း လုပ်သောအရာဖြစ်နိုင်သည်။ အပြစ်ဒုစရိုက်ကိုပြုရန် အတွက် ဆိုးညစ်သောအကြံအစည်များဖြင့် ပြုလုပ်ရန်မလိုပါ။ အပြစ်ရှိရန်အတွက် အပြစ်ကျူးလွန်မိသည့်အဖြစ်ကို သင်သိရှိရန် ပင် မလိုအပ်ပါ။ တောလည်ရာကျမ်း ၁၁း၂၂-၂၄တွင် မရည်ရွယ်ဘဲ လုပ်ခဲ့သော အပြစ်များအတွက် ဓမ္မဟောင်းကျမ်း၌ ပြုလုပ်ကြရသောယဇ်ပူဇော်ခြင်းကို ဖော်ပြထားပါသည်။

(၂၂-၂၃) ထာဝရဘုရားသည် မောရှေကို မှာထားသောနေ့မှစ၍ မောရှေအားဖြင့် သင်တို့၌ထားတော်မူသော ပညတ်၊ သင်တို့အမျိုးအစဉ်အဆက်၌ ထားတော်မူသော ပညတ်အလုံးစုံတို့ကို သင်တို့သည် မစောင့်၊ မှားယွင်းခြင်းသို့ရောက်ကြသည်အမှုမှာ (၂၄)ပရိတ်သတ်အပေါင်းတို့သည် မသိဘဲ သတိလစ်၍မှားယွင်းခြင်းသို့ ရောက်လျှင် ပရိတ်သတ်အပေါင်းတို့သည် ထာဝရဘုရားအဖို့ မွှေးကြိုင်သောအနံ့ရှိစေခြင်းငှာ၊ ထုံးဖွဲ့သော ထုံးစံရှိသည်အတိုင်း ဘောဇဉ်ပူဇော်သက္ကာ၊ သွန်းလောင်းရာပူဇော်သက္ကာနှင့် တကွ နွားထီးချိုဖြင့် မီးရှို့ရာယဇ်ကိုငှင်း၊ ဆိတ်ဖြင့် အပြစ်ဖြေရာယဇ်ကို ငှင်း၊ ပူဇော်ရကြရမည်။

ယေဇကျေလ ၄၅း၁၈-၂၀ တွင်လည်း မသိဘဲ သတိလစ်၍ ပြုမိသော အပြစ်ဒုစရိုက်အတွက် ပြုလုပ်ရမည့် ယဇ်ပူဇော်ခြင်းများအား ဖော်ပြထားသည်။

(၁၈) အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပဌမလ၊ တစ်ရက်နေ့ တွင် အပြစ်မပါ၊ အသက်ပျိုသော နွားထီးတစ်ကောင်ကို ယူ၍ သန့်ရှင်း ရာဌာနကို စင်ကြယ်စေရမည်။ (၁၉) ယဇ်ပုရောဟိတ်သည် အပြစ်ဖြေရာ

ယဇ်ကောင်သွေးအချို့ကို ယူ၍ အိမ်တော်တိုင်၌၄င်း၊ ယဇ်ပုလ္လင်အောက်ထက်လေးထောင့်၌၄င်း၊ အတွင်းတံတိုင်း တံခါးတိုင်၌၄င်း၊ ထည့်ရမည်။ (၂၀) ထိုမှတပါး မရည်ရွယ်ဘဲ (သို့) မသိဘဲ သတိလစ်၍ မှားယွင်းသောသူနှင့် မိုက်မဲသောသူအတွက် ခုနှစ်ရက်နေ့တွင် ထိုနည်းတူ ပူဇော်၍ အိမ်တော်အတွက် အပြစ်ဖြေရာမင်္ဂလာကိုပြုရမည်။ (အလေးထား ဖော်ပြထားသောစကားလုံးများမှာ ကျွန်ုပ်ပေါင်းထည့်ထားသောအရာဖြစ်သည်)။

ဘုရားသခင်၏ ရှင်းလင်းသော ပညတ်ချက်များအားသိလျက်နှင့်၄င်း၊ မသိ၍၄င်း၊ မလိုက်နာခြင်းသည် မိမိတို့ပို၍နှစ်သက်သောအရာများအား ရှေ့တန်းတင်ခြင်း၊ သမ္မာကျမ်းစာအား အနက်ဖွင့်ဘာသာပြန်ခြင်းတို့နှင့် ကွဲပြားသည်။ လွန်ခဲ့သောအချိန်၌ အိန္ဒိယနိုင်ငံရှိ အသင်းတော်တစ်ပါးတွင် ကျွန်ုပ်နှုတ်ကပတ်တော်ဟောကြားစဉ်က တရားဟောပလ္လင်ဆီသို့ ဒေသနာဟောကြားရန် ချဉ်းကပ်စဉ်တွင် ကျွန်ုပ်အားဖိနပ်ချွတ်ဖို့ ပန်ကြားခြင်းခံရသည်။ မီးတောက်နေသောချုံပုတ်ရှေ့တွင် မောရှေရပ်ခဲ့စဉ်က သူ၏ဖိနပ်ကိုချွတ်ရန် ဘုရားသခင်က မိန့်ကြားခဲ့သည်။ ထွက်မြောက်ရာကျမ်း ၃း၅ ရှိ အဖြစ်အပျက်ကို အခြေခံ၍ ယုံကြည်သူများက ပြုလုပ်သော အစဉ်အလာတစ်ခုဖြစ်သည်။ ထိုအချိန်မှစ၍ ဒေသနာဟောကြားတိုင်း ဘုရားသခင်က စေခိုင်းထားသည့်အရာများအား အလေးအနက်ထားရန် ကျွန်ုပ်ကိုယ်ကျွန်ုပ်သတိပေးသည့်အနေဖြင့် ဖိနပ်ချွတ်ခြင်းအစဉ်အလာ စတင်ကျင့်သုံးခဲ့သည်။ ဤအစပြုမှုမှာ နှစ်သက်ဖွယ်ကောင်းသော အပြုအမူဖြစ်သော်လည်း၊ ဖိနပ်ကိုစီးလျက် တရားဟောခြင်းသည် အပြစ်မမည်ပါ။

သခင်ယေရှုသည် အပြစ်ဒုစရိုက်သားများနှင့် မကြာခဏ မိတ်ဆွေဖွဲ့ခဲ့သည်။ အမှန်အားဖြင့် ခရစ်တော်အား အခွန်ခံသောသူ၊ အပြစ်ဒုစရိုက်သားတို့၏ မိတ်ဆွေအဖြစ် လူအများသိခဲ့ကြသည်(မဿဲ၊ ၁၁း၁၉)။ တစ်ဘက်၌လည်း ရှင်ပေါလုက ခရစ်တော်၏သွန်သင်ချက်ဖြစ် သော မယုံကြည်သူတို့အထဲမှ ထွက်ခွါ၍၄င်းတို့နှင့် သီးခြားနေရန် ဟူသော အချက်ဖြင့် သူ၏စာဖတ်သူတို့အား သတိပေးထားပါသည်။

> "ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှ ထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ် သောအရာကို လက်နှင့်မျှ မတို့ထိကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည် လက်ခံမည် (၂ကော၊ ၆း၁၇)။

သခင်ခရစ်တော်၏သွန်သင်ချက်နှင့် သာဓကတို့အား ကျွန်ုပ်တို့ မည်သို့ နားလည်ကြရမည်နည်း။ မယုံကြည်သူများနှင့် အပေါင်းအသင်း ပြုသင့်သလော။ (သို့) မပြုသင့်ဘူးလော။ အချို့သော အခြေအနေများ တွင် မယုံကြည်သူများနှင့် အပေါင်းအသင်းဖွဲ့ရန် လိုအပ်ပြီး၊ အချို့အခြေ အနေများတွင် သူတို့နှင့် သီးခြားနေရန်လည်း လိုအပ်သည်။ ထိုအခြေအနေအတွက် စည်းမျဉ်းစည်းကမ်းမှာ အမြဲလိုလို မထင်မရှား ဖြစ်နေသောကြောင့် ယုံကြည်သူများသည် ထိုအခြေအနေတစ်ခုစီအား ကွဲပြားစွာ အနက်ဖွင့်ခဲ့ကြသည်။

လွန်ခဲ့သောအချိန်က ကျွန်ုပ်နှင့်ကျွန်ုပ်၏ဇနီးသည် အသင်း တော်တစ်ခုသို့ တက်ရောက်ခဲ့ကြသည်။ ထိုအသင်းတော်တွင် ဝတ်ပြု ကိုးကွယ်ခြင်းပုံစံသုံးခုရှိသည်။ နံနက် ၉ နာရီအချိန်တွင် ထုံးစံ အစဉ်အလာအတိုင်း ဝတ်ပြုကိုးကွယ်ခြင်း ရှိပြီး၊ ထိုအစီအစဉ်တွင် ခရစ်ယာန်ဓမ္မဟောင်းများနှင့် ရိုးရာဓမ္မဟောင်းများကို အဓိကထား သီဆို

ကြသည်။ နံနက် ၁၀ နာရီအချိန်တွင် ခေတ်နှင့်အလိုက် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်အား ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်သောအဖွဲ့နှင့် ခေတ်သစ်ဓမ္မတေးတိုလေးများကို ပို၍နှစ်သက်သူများအတွက် စီစဉ်ပေးပြီး၊ နံနက် ၁၁ နာရီအစီအစဉ်သည် ပို၍ခေတ်မှီသောအစီအစဉ်ဖြစ်ပြီး၊ ပြည့်စုံသော တေးဂီတအဖွဲ့၊ ပို၍ကျယ်လောင်သောဂီတသံနှင့် ပို၍မြူးကြွသောအစီအစဉ်ဖြစ်သည်။ ယုံကြည်သူများဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ကိုယ်စီနှစ်သက်မှုများ ရှိနေကြသည်။

ခရစ်တော်၏ကိုယ်ခန္ဓာ၌တစ်ဦးကိုတစ်ဦး စိတ်ရှည်သည်းခံကြရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား မိန့်မှာထားသည်။ ကျွန်ုပ်တို့အားလုံးသည် အကြောင်းအရာများကို တသမတ်တည်း ရှုမြင်ကြမည်မဟုတ်ပါ။ ပြဿနာအကြောင်းအရာတစ်ခုအတွက် ညီအစ်ကိုမောင်နှမတစ်ဦးဦးအား ကျွန်ုပ်တို့ချဉ်းကပ်ဖြေရှင်းခြင်း မတိုင်မီတွင် သူတို့လုပ်သောအရာမှာ အပြစ်ဒုစရိုက်တစ်ခုလော(သို့) ပုဂ္ဂိုလ်ရေးရာနှစ်သက်မှုလော ဆိုသည့်အချက်ကို ဦးစွာ တိုင်းတာဆုံးဖြတ်ကြရမည်။

ဤအကြောင်းအရာဆွေးနွေးမှုတွင် နောက်ထပ်ထည့်သွင်းစဉ်းစားရမည့်အချက်များလည်း ရှိနေပါသေးသည်။ ပတ်ဝန်းကျင်အခြေအနေနှင့် ကျွန်ုပ်တို့ ညီအစ်ကို၏စိတ်နေသဘောထားကိုလည်း ကျွန်ုပ်တို့သုံးသပ်စစ်ဆေးရမည်။ ဤအချက်အား ပို၍ပြည့်စုံစွာ ရှင်းပြပေးလိုပါသည်။

ဓမ္မရာဇဝင်ပထမစောင် ၂၁း၁-၃ တွင် ဒါဝိဒ်သည် သူ၏အပေါင်းအပါများနှင့်တကွ ရှောလုရန်မှ ထွက်ပြေးပုန်းရှောင်နေကြရသည်။ သူတို့သည် ဆာလောင်မွတ်သိပ်ခြင်းနှင့်အတူ ရေငတ်ခြင်းကို ခံစားနေကြရာ အားအင်ပြည့်ဖြိုးလန်းဆန်းစေသော အစားအသောက်များလိုအပ်နေသည်။ ဒါဝိဒ်သည် ယဇ်ပုရောဟိတ်ထံ၌ သူနှင့်သူ့လူများ

အတွက်မုန့်ကိုပေးရန် တောင်းဆိုခဲ့သည်။ ထိုနေရာ၌ ရရှိနိုင်မည့် မုန့်မှာ မောရှေ၏ပညတ်တရားအရ ယဇ်ပုရောဟိတ်တစ်ဦးတည်းအတွက် ချန်လှပ်ထားသော မုန့်ဖြစ်သည်။ သို့သော်လည်း ယဇ်ပုရောဟိတ်သည် ဒါဝိဒ်နှင့် သူ့လူများအား သနားခြင်း၊ ဂရုဏာသက်တော်မူသောကြောင့် မုန့်အားပေးခဲ့သည်။ မောရှေ၏ပညတ်တရားအာ ချိုးဖောက်သော ဤယဇ်ပုရောဟိတ်အား အပြစ်တင်ရှုတ်ချရန်မှာ မည်မျှလွယ်ကူလိမ့်မည်နည်း။ သို့သော် လည်း ဤယဇ်ပုရောဟိတ်အား သူ၏ပြုမူပုံနှင့်စပ်လျဉ်း၍ သခင်ယေရှုမှ ချီးကျူးထားသည့်အချက်မှာ မှတ်သားလောက်ပေသည်။ အဘယ့်ကြောင့် ဆိုသော် ယဇ်ပုရောဟိတ်သည် ချစ်ခြင်းမေတ္တာကို အရင်းခံလျက် ဒါဝိဒ်နှင့် သူ့လူများလိုအပ်နေသည့်အချိန်တွင် ကျွေးမွေးခဲ့သောကြောင့် ဖြစ်သည်(မဿဲ၊ ၁၂း၁-၅)။ ဤအပြုအမူသည် ဘုရားသခင်က မောရှေအား ပေးအပ်ခဲ့သော ပညတ်တရားများအား တိုက်ရိုက် ချိုးဖောက်ထားသော်လည်း ဘုရားသခင်သည် ဤ ယဇ်ပုရောဟိတ်၏အပြုအမူအား လက်ခံခဲ့သည်။

ဓမ္မဟောင်းကျမ်းရှိ ဥပုသ်နေ့နှင့်စပ်လျဉ်းသော ပညတ်တရားကို တိတိကျကျစောင့်ထိန်းကြရသည်။ သို့သော်လည်း ပညတ်တော်နှင့်စပ်လျဉ်း၍ သခင်ယေရှုသည် ဖာရိရှဲများနှင့် အတိအလင်းဆန့်ကျင်ထားရသည်။ သခင်ယေရှုသည် သနားခြင်းဂရုဏာနှင့်တရားသဖြင့်ကျင့်ခြင်းသည် ပညတ်တော်အား ဥပဒေတစ်ခုသဖွယ် ခံစားချက်မဲ့စွာ လိုက်နာခြင်းထက်သာ၍ အရေးကြီးကြောင်း ဖော်ပြခဲ့သည်။ ဥပုသ်နေ့၌ လူတစ်ဦးစီအား ပျောက်ကင်းစေခြင်းအကြောင်းနှင့်စပ်လျဉ်း၍ သခင်ယေရှုက ဖာရိရှဲတို့အား ပြောကြားခဲ့သည်မှာ

(၁၁) "မိမိ၌သိုးတစ်ကောင်တည်းရှိ၍ ထိုသိုးသည်
ဥပုသ်နေ့တွင် တွင်းထဲသို့ ကျလျှင် ဆွဲမတင်ဘဲ နေမည့်သူ

တစ်စုံတစ်ယောက်မျှ သင်တို့တွင် ရှိသလော။ (၁၂) လူသည် ထိုသိုးထက် အလွတ်မြတ်ပေ၏။ ထို့ကြောင့် ဥပုသ်နေ့၌ကျေးဇူးပြုအပ်သည်" ဟု ပြန်ပြောတော်မူသည် (မဿဲ၊ ၁၂း၁၁-၁၂)။

အကယ်၍ သင်၌ပျောက်ကင်းစေနိုင်သော အစွမ်း(သို့) သက်သာစေရန် လုပ်ပေးနိုင်စွမ်းရှိလျှက် လူတစ်ဦးစီအား ဥပုသ်နေ့၌ ဝေဒနာကို ခံစားစေရန် ပြုခြင်းသည်မှားယွင်းရာ မကျပေဘူးလော။ သင်၌ကယ်တင်နိုင်သောအစွမ်းအစရှိလျှက်နှင့် သိုးတစ်ကောင်အား ဥပုသ်နေ့တွင် သေဆုံးရန် သင်ခွင့်ပြုခြင်းသည်လည်း မှားယွင်းရာမကျပေဘူးလော။ ညီအစ်ကိုတစ်ဦးအား မစွပ်စွဲမီ ထိုသူ၏စိတ်နေသဘောထားနှင့် ရည်ရွယ်ချက်များကို ပထမဦးစွာ သုံးသပ်စစ်ဆေးရန် လိုအပ်ပါသည်။

လူတစ်ဦးက သူ၏သေအံဆဲဆဲ မိတ်ဆွေအား ဆေးရုံသို့ မောင်းပို့ သည့် သာကေအား ကျွန်ုပ်အမြဲအသုံးပြုလေ့ရှိသည်။ ထိုသူက စက္ကန့်တိုင်းသည် တန်ဖိုးရှိသည်ဟု သိထားပြီး သူ့မိတ်ဆွေ၏ အသက်သည်လည်း ဆေးရုံသို့ မြန်နိုင်သမျှ မြန်အောင် မောင်းပို့ ပေးမည့် သူအပေါ်၌ မူတည်နေသည်။ ထိုအခြေအနေနှင့်အတူ ကားကို မောင်းထွက်ခဲ့ရာလမ်း၌ အမြန်နှုန်းသတ်မှတ်ချက်ပြ ဆိုင်းဘုတ်လေးများကို သတိပြုမိလာခဲ့သည်။

ဆုံးဖြတ်ချက်တစ်ခုချရပေတော့မည်။ အမြန်နှုန်းသတ်မှတ်ချက် ဆိုင်းဘုတ်လေးများကို လိုက်နာပြီး မိတ်ဆွေ၏အသက်ကို အသေခံမည်လော(သို့) ထိုလမ်းစည်းကမ်းကို ချိုးဖောက်ပြီး မိတ်ဆွေ၏အသက်ကို ကယ်မည်လော။ သူ့မိတ်ဆွေ၏အသက်ကို ကယ်ရန်အတွက် ဆေးရုံသို့ အမြန်ဆုံးတင်ပို့ရန် ကြိုးစားမောင်းနှင်နေသော ထိုသူ၏အလျှင်အမြန်

မောင်းနှင်နေမှုကို သင်ပြစ်တင်ရှုံ့ချပါမည်လော။ ဘုရားသခင်က ကျွန်ုပ်တို့၏အထက်၌ ပေးအပ်ထားသောအုပ်ချုပ်သူအစိုးရအား လိုက်နာရန်လိုအပ်သည့်အကြောင်း ထိုသူအား ဖော်ပြရန် သမ္မာကျမ်းပိုဒ်များကို သင်ကိုးကားပြရန် ပြေးပြမည်လော။ နိုင်ငံတော်၏ဥပဒေများကို ချိုးဖောက်သောကြောင့် ထိုသူအား အသင်းတော်၏စည်းမျဉ်းစည်းကမ်းများ အရ စီရင်မည်လော။ သင်ပြုမည်မဟုတ်ပါ။ ထိုသူ၏ရည်ရွယ်ချက်စိတ်ရင်းကို သင်သိလာသောအခါတွင် ထိုသူအား လမ်းပေါ်၌ အခြားသူများ၏အသက်အန္တရာယ်ကို ဂရုမစိုက်ဘဲ စည်းမဲ့ကမ်းမဲ့ မောင်းနှင်နေသည့်သူအဖြစ် သင်ရှုမြင်မည်မဟုတ်တော့ဘဲ၊ မိတ်ဆွေ၏အသက်ကိုကယ်ရန် သနားခြင်းဂရုဏာစိတ်ရှိသောသူအဖြစ် သင်ရှုမြင်လာလိမ့်မည်။ ထိုသူ၏အပြုအမူများသည် ဘုရားသခင်အတွက် စိတ်အနှောက်အယှက်ဖြစ်စေသောအရာမဟုတ်သကဲ့သို့ အပြစ်ကျူးလွန်သူအဖြစ် စွပ်စွဲရန်လည်းမဟုတ်ပါ။

လူတိုင်း၏ရည်ရွယ်ချက်စိတ်ရင်းများအား ဦးစွာ မဆန်းစစ်ဘဲ ထိုသူတို့အား အပြစ်ကျူးလွန်သူများအဖြစ် စွပ်စွဲကြသော အဖြစ်အပျက်များစွာကို ကျွန်ုပ်ကြုံဖူးသည်။ စွပ်စွဲသူတို့သည် စွပ်စွဲခံသူတို့၏ ပြောကြားချက်ကို အချိန်ယူ၍နားထောင်ပြီး အခြေအနေအား နားလည်သဘောပေါက်ခဲ့လျှင် ထိုသူတို့သည် မိမိတို့၏ညီအစ်ကိုတို့အား အပြစ်ကျူးလွန်သူများအဖြစ် စွပ်စွဲခြင်း ဖင့်နှေးသွားလိမ့်မည်။

မဿဲ၊ ၁၈း၁၅ သည် ဘုရားသခင်အား မထီမဲ့မြင်ပြုသော အပြုအမူများဖြင့် အသက်ရှင်နေသော ယုံကြည်သူမိတ်ဆွေတစ်ဦး၏ အကြောင်းအား ပြောဆိုနေခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်သည် ယုံကြည်သူတို့အကြား၌ သဘောထားကွဲလွဲမှုအကြောင်းကိုသော်၄င်း၊ ညီအစ်ကို၏ ရည်ရွယ်ချက်စိတ်ရင်းကို ဦးစွာ မစမ်းစစ် ပြည်တတရား

အတိုင်း စီရင်ခြင်းအကြောင်းများအား ရေးသားထားသောကျမ်းပိုဒ် မဟုတ်ပါ။ သခင်ယေရှု၏ ဤသွန်သင်ချက်အား မှန်မှန်ကန်ကန် လက်တွေ့ ကျင့်သုံးမည်ဆိုလျှင် ကျွန်ုပ်တို့သည် ညီအစ်ကို၏ အပြုအမူများနှင့် ရည်ရွယ်ချက်စိတ်ရင်းတို့သည် ဘုရားသခင်အား မထီမဲ့မြင်ပြုရာ ရောက်မရောက် ဦးစွာ စမ်းစစ်ကြရမည်။

**ဆင်ခြင်သုံးသပ်ရန်အချက်များ**

- အပြစ်ဒုစရိုက်များနှင့် ပြည့်နေသော ဤလောကတွင် ကျွန်ုပ်တို့သည် အခြားယုံကြည်သူမိတ်ဆွေတစ်ဦးနှင့် မည်သည့်အခါတွင်မျှ ပြဿနာဖြစ်မည်မဟုတ်ဟု မှတ်ယူခြင်းသည် အမှန် တကယ် လက်တွေ့ ကျပါသလား။
- အပြစ်ဒုစရိုက်နှင့် ပို၍နှစ်သက်သောအရာများ၏ ခြားနားချက်ကား အဘယ်နည်း ။ သင်၏အသင်းတော်၌ သင်ကိုင်တွယ်ဖြေရှင်းနေရသည့် ပို၍နှစ်သက်သောအရာနှင့် အရေးမကြီးသောအယူဝါဒများအား အနက်ဖွင့်ဘာသာပြန်ခြင်းနှင့်စပ်လျဉ်းသော သာဓကများကို ဖော်ပြပါ။
- ထိုသူ၏ရွေးချယ်မှုနှင့် လုပ်ဆောင်မှုတို့အား ရှု၍အပြစ်ပြုသူအဖြစ် မစွပ်စွဲမီ လူတစ်ဦးတစ်ယောက်ကို သိရှိနားလည်ရန် မည်မျှအရေးကြီးပါသနည်း။

**ဆုတောင်းရန်အချက်များ**

- ခရစ်တော်၌ညီအစ်ကိုဖြစ်ကြသော ကျွန်ုပ်တို့ကြား၌ မလွှဲမသွေဖြစ်ပေါ်လာမည့်ပြဿနာများအတွက် ဖြေရှင်းရန် လမ်းညွှန်ချက်ကိုပေးသော သခင်ကိုယ်တော်အား ကျေးဇူးတင်ရန် -

- အနက်ဖွင့်ဘာသာပြန်ခြင်းနှင့် ဦးစားပေးလုပ်ဆောင်မှုတို့ကြောင့် ရှိးသားသော ယုံကြည်သူများကြား၌ရှိနေသော ကွဲပြားချက်များအား လက်ခံနိုင်ရန်အတွက် ကျေးဇူးတော်ကိုပေးရန် သခင်ကိုယ်တော်ထံ၌ တောင်းခံရန်။ သင်နှင့်သဘောထားကွဲလွဲသော ညီအစ်ကိုအပေါ်၌ သည်းမခံနိုင်ခဲ့ခြင်းနှင့် စိတ်မရှည်နိုင်ခဲ့ခြင်းတို့အတွက် သခင်ကိုယ်တော်ထံတော်၌ ခွင့်လွှတ်ခြင်းကို တောင်းဆိုပါ။
- သင့်ညီအစ်ကို၏ ရည်ရွယ်ချက်စိတ်ရင်းအား မှန်မှန်ကန်ကန် နားလည်ခြင်းမတိုင်မီအထိ ဝေဖန်စီရင်ခြင်းမပြုရန် ဘုရားသခင်ထံ၌ အကူအညီတောင်းခံပါ။

## ၂။
## သူ့ဆီသို့ သွား၍ သူ၏ အပြစ်ကို ပြ၍ဆုံးမလော့

*"သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်... သူ့ဆီသို့ သွား၍ သူ၏ အပြစ်ကို ပြ၍ ဆုံးမလော့" (မဿဲ၊ ၁၈း၁၅)။*

မဿဲ၊ ၁၈း၁၅ တွင် သခင်ယေရှုသည် ခရစ်ယာန်မိတ်ဆွေတစ်ဦးက အပြစ်ဒုစရိုက်ပြုမိလျှင် ကျွန်ုပ်တို့ မည်သို့ ပြုမူရမည့်အကြောင်း ဦးတည်ပြောဆိုထားသည်။ ဆက်လက်၍ ဤကျမ်းပိုဒ်အား လေ့လာသုံးသပ်သွားကြမည်ဖြစ်ရာ အခန်းငယ် ၁၅ တွင် သခင်ယေရှုပြောဆိုသော အပြစ်ဒုစရိုက်မှာ သင့်အပေါ်၌ပြုထားသော အပြစ်ဖြစ်ကြောင်း သတိပြုပါ။ ဤကျမ်းပိုဒ်သည် တခြားသူများထံ၌ ပြစ်မှားသောအပြစ်အကြောင်းကို မဆိုထားပါ။ သို့သော် အခြားသူများတွေ့ကြုံရသော မတရားမှု (သို့) အဓမ္မဆရာများအား အမှုထားရန် မလိုကြောင်းကိုလည်း မဆိုလိုပါ။ ဤအကြောင်းအရာအား ဦးတည်ပြောဆိုထားသော အခြားကျမ်းပိုဒ်များစွာရှိပါသည်။ သို့သော် ဤကျမ်းပိုဒ်တွင်မူ ကျွန်ုပ်တို့ အပေါ်၌ ကျူးလွန်ထားသောအပြစ်ဒုစရိုက်အကြောင်းကိုသာ ပြောထားခြင်းဖြစ်ပါသည်။

တစ်ဦးတစ်ယောက်က ကျွန်ုပ်တို့ထံပါး၌ ပြစ်မှားသော အပြစ်များအား ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍စုံစမ်းနှောက်ယှက်ခြင်းနှစ်မျိုးအား အမြဲလိုလို ကြုံတွေ့ရသည်။ ပထမစုံစမ်းခြင်းမှာ ထိုပြဿနာအား ကျွန်ုပ်လက်ဝယ်ပိုက်လျှက် လက်စားချေခြင်းဖြစ်သည်။ ဤသို့သောအပြုအမူကြောင့်ပင်လျှင် သူတပါးအား မရည်ရွယ်ဘဲ အပြစ်ပြုမိသောသူတို့အား ကာကွယ်ရန် သမ္မာကျမ်းစာမှ ဖော်ပြထားသည်။ တောလည်ရာကျမ်း

၃၅း၁၀-၁၄ တွင် ညီအစ်ကိုမောင်နှမတစ်ဦးဦးအား မရည်ရွယ်ဘဲ သတ်မိသောသူအား ထိုအသတ်ခံရသည့် မိသားစုများ၏လက်စားချေခြင်းမှ ကွယ်ကာပေးရန်အတွက် ဘုရားသခင်သည် မိမိ၏လူတို့အား ခိုလှုံရာမြို့များကို တည်ထောင်ကြရမည့်အကြောင်း မိန့်မှာထားခဲ့သည်။

> (၁၀) သင်တို့သည် ယော်ဒန်မြစ်ကိုကူး၍ ခါနန်ပြည်သို့ ရောက်ကြသောအခါ (၁၁) လူအသက်ကို အမှတ်တမဲ့ သတ်မိသောသူ ပြေး၍ ခိုလှုံရာ မြို့တို့ကို ရွေးထားရမည်။ (၁၂) ထိုမြို့တို့ကား လူအသက်ကို သတ်သော သူသည် ပရိတ်သတ်ရှေ့သို့ရောက်၍ တရားစီရင်ခြင်းကို မခံမီ တိုင်အောင် သေစားသေစေသော သူ၏လက်မှ လွတ်၍ ခိုလှုံရာမြို့ဖြစ်ရသည်(၁၃-၁၄)။ လေဝိသားတို့အား ပေးသောမြို့တို့တွင် ယော်ဒန်မြစ်အရှေ့ဘက်၌ ခိုလှုံရာမြို့ သုံးမြို့၊ ခါနန်ပြည်၌ ခိုလှုံရာမြို့သုံးမြို့၊ ပေါင်း ခြောက်မြို့ တို့ကို ရွေးထားရမည်(တော၊ ၃၅း၁၀-၁၄)။

တမန်တော်ပေါလုကလည်း ပြဿနာများအား လက်ဝယ်ပိုက်တုန့်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ရောမ၊ ၁၂း၁၉၌ သတိပေးထားပါသည်။

> ချစ်သူတို့ သူတစ်ပါးသည် သင်တို့ကို ပြစ်မှားသောအခါ ကိုယ်တိုင် အပြစ်ပြန်၍ မတုန့် ပြန်ကြနှင့်။ အမျက်တော်ကို အခွင့် ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့် အလျောက် ငါ ဆပ်ပေးမည် ဟု ထာဝရဘုရားမိန့်တော်မူ၏။

ခရစ်ယာန်တို့သည် ၎င်းတို့အား ပြစ်မှားသောသူတို့အပေါ်၌ လက်စားချေခြင်းအမှုကို မရှာကြံမည့်အကြောင်း ဤကျမ်းပိုဒ်ငယ်များအားဖြင့် အထင်အရှား သိနိုင်ပါသည်။ ကျွန်ုပ်တို့သည် လက်စားချေလို

သောစိတ် ဆန္ဒများ (သို့) လက်စားချေခြင်းများအား ခုခံကြရမည်။

ညီအစ်ကို(သို့) ညီအစ်မ တစ်ဦးစီမှ ကျွန်ုပ်တို့အား ပြစ်မှားသောအခါ၌ ရှိလာနိုင်သော ဒုတိယစုံစမ်းခြင်းမှာ ဘာမျှမပြောဘဲ နေခြင်းဖြစ်သည်။ သခင်ယေရှုကိုယ်တိုင် အခြားပါးတဖက်လှည့်၍ပေးရမည် အကြောင်း သွန်သင်ခဲ့ပါသည်။

(၃၈)မျက်စိကိုဖျက်လျှင် ကိုယ့်မျက်စိကိုဖျက်ခြင်းကို ခံစေ။ သူ့သွားကို ချိုးလျှင် ကိုယ့်သွားချိုးခြင်းကို ခံစေဟူသော ပညတ်စကားကိုသင်တို့ ကြားရပြီ။ (၃၉) ငါပညတ်သည်ကား၊ ညှော်ကယှက်သောသူကို မဆီးတားနှင့်။ သင်၏ပါးတစ်ဘက်ကို သူတစ်ပါးရိုက်လျှင် ပါးတစ်ဘက်ကို လှည့်၍ ပေးဦးလော့။ (၄၀) သင့်အင်္ကျီကို ယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှာ အခွင့်ပေးဦးလော့ (မဿဲ၊ ၅း၃၈-၄၀)။

အထက်ပါ ကျမ်းပိုဒ်အားဖြင့် သခင်ကိုယ်တော်သည် ကျွန်ုပ်တို့ကို ပြစ်မှားသော သူတို့အား မည်သို့မျှတုန့်ပြန်ခြင်းမပြုရန် လိုလားကြောင်း လွယ်ကူစွာ ထင်မှတ်နိုင်သည်။ ဤအချက်သည် မဿဲ ၁၈ ၌ ခရစ်တော်က ယုံကြည်သူတို့အား သွန်သင်ထားသည့် ညီအစ်ကို တစ်ဦးက ပြစ်မှားသောအခါ မည်သို့ ပြုမူတုန့်ပြန်ရမည့်အကြောင်းနှင့် တိတိကျကျ ဆန့်ကျင်နေသယောင်ရှိသည်။ မဿဲ ၅ နှင့် မဿဲ ၁၈ ရှိ သခင်ယေရှု၏ သွန်သင်ချက်များ၌ သိသာထင်ရှားသော ကွဲပြားမှုများ ရှိနေသည်။ မဿဲ ၅း၃၈-၄၀ တွင် သခင်ယေရှုသည် "ညှော်ကယှက်သောသူ" (ငယ် ၃၉)အား ကျွန်ုပ်တို့ တုန့်ပြန်ရမည့်အကြောင်းအား ပြောကြားထားသည်။ မဿဲ ၁၈ သည် အလွန်ထူးခြားပါသည်။ ဤကျမ်းပိုဒ်တွင် ခရစ်တော်သည် ကျွန်ုပ်တို့အား ပြစ်မှားသော "ညီအစ်ကို" အား ပြန်လည်

တုန့်ပြန်ရမည့်အကြောင်းနှင့်စပ်လျဉ်း၍ ပြောကြားထားသည်။ အထက်ပါ ကွဲပြားချက်အရ ကျွန်ုပ်တို့အား ပြစ်မှားသောညီအစ်ကိုအား တုန့်ပြန်ပုံနှင့် နှောက်ယှက်တတ်သော မယုံကြည်သူတစ်ဦးအား တုန့်ပြန်ပုံတို့မှာ ကွဲပြားရမည်။ မဿဲ ၅း၃၉ တွင် သခင်ယေရှုက "နှောက်ယှက်သောသူ" အား ကျွန်ုပ်တို့က မခုခံရန် ပြောကြားထားခြင်းဖြစ်သည်။ မဿဲ ၁၈း၁၅တွင်မူ ကျွန်ုပ်တို့သည် ထိုညီအစ်ကိုထံသို့ သွားရောက်၍ "သူ၏အပြစ်ကို ဖော်ပြရမည်။" ယုံကြည်သူများထံမှ ပို၍ ကြီးမားသောမျှော်လင့်ချက်ရှိနေသည်။ မယုံကြည်သူများနှင့် ဆက်ဆံရေးတွင် ကွဲပြားခြားနားချက်များ အစဉ်ရှိနေရမည်ဖြစ်ပြီး၊ အခြားတဘက်တွင်မူ ခရစ်တော်၏ကိုယ်ခန္ဓာ၌ ရှိနေကြသော ကျွန်ုပ်တို့၏ကွဲပြားခြားနားမှုများကို အတတ်နိုင်ဆုံး ကိုင်တွယ်ဖြေရှင်းကြရန် ကျွန်ုပ်တို့အား ဘုရားသခင်မျှော်လင့်နေသည်။

ကျွန်ုပ်တို့ပြုလုပ်ရန် လိုအပ်သောအချက်မှာ ဒုတိယစုံစမ်းခြင်း ဖြစ်သောဘာမျှ မတုန့်ပြန်ခြင်းသည် မဿဲ ၁၈း၁၅ရှိ ခရစ်တော်၏ သွန်သင်ထားခြင်းနှင့် အတိအလင်း ဆန့်ကျင်နေသောအကြောင်းပင် ဖြစ်သည်။ ညီအစ်ကို(သို့)ညီအစ်မ တစ်ဦးဦးက ကျွန်ုပ်တို့အား ပြစ်မှားသော အခါ ထိုသူ၏အပြစ်ကို ဖော်ပြရန်မှာ ခရစ်တော်၏သွန်သင်ချက်ဖြစ်သည်။ "သွား၍" ဟူသောစကားလုံးသည် ဤကျမ်းပိုဒ်တွင် ရွေးချယ်၍ ပြုလုပ်ရသောအရာမဟုတ်ပါ။ သခင်ယေရှုကိုယ်တိုင် တိတိကျကျ မိန့်ဆိုထားသော အရာဖြစ်သည်။ အကယ်၍ ညီအစ်ကို တစ်ဦးသည် သင့်အား ပြစ်မှားသောအခါ ထိုသူထံသို့ သွား၍ ထိုပြဿနာအကြောင်းအား ပြောရမည်။ အကယ်၍ ကျွန်ုပ်တို့မသွားခဲ့လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိန့်မှာထားချက်အား အတိအလင်း မနာခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့အား မထီမဲ့မြင်ပြု၍ ပြစ်မှားသောညီအစ်ကို တစ်ဦးထံသို့ သွားရမည်မှာ လွယ်ကူသည့်အရာ မဟုတ်ပါ။ ထိုအရာနှင့် စပ်လျဉ်း၍ အကြောင်း

ပြချက်များစွာ ရှိသည်။

ပထမအကြောင်းပြချက်မှာ ယုံကြည်သူများဖြစ်ကြသည့် အလျောက် အခြားပါးတဘက်အားပေးအပ်ရန်မှာ လိုအပ်သောအရာ ဖြစ်သည်ဟု ခံစားကြသည်(မဿဲ၊ ၅း၃၈-၄၀)။ တစ်ခါတရံတွင် စော်ကားခံရခြင်းနှင့် မထီမဲ့မြင်ပြုခံရခြင်းများအား သည်းခံအောင့်အီး ခြင်းအား ဝိညာဉ်ရေးရာဝတ္တရားတပါးအဖြစ်မှတ်ယူထားကြသည်။ ထိုအချင်းအရာမှာသခင်ယေရှုသွန်သင်ပေးခဲ့သော အရာမဟုတ်လော့။ ဟေရှာယ ၃၅တွင် ယေရှုအား သိုးမွေးညှပ်သူများရှေ့၌ ငြိမ်သက် စွာ ရှိနေသောသိုးအလား၊ ဖော်ကျူးထားသည်။

ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိပ်စက်ရှုတ်ချခြင်းကိုခံ၍
နှုတ်ကို မဖွင့်ဘဲနေ၏။
အသေသတ်ခြင်းငှာ ဆောင်သွားသောသိုးသူငယ်ကဲ့သို့
သူ့ကိုဆောင်သွား၍ သိုးသည် အမွေးညှပ်သောသူရှေ့မှာ
မမြည်ဘဲနေသကဲ့သို့သူသည် နှုတ်ကို မဖွင့်ဘဲနေ၏
(ဟေရှာယ၊ ၅၃း၇)။

သခင်ယေရှုသည် သူ့အား အဆုံးစီရင်မည့်သူများအား မခုခံခဲ့ပါ။ စုံစမ်းစစ်ဆေးသောအခါတွင်လည်း သူ့အား စွပ်စွဲသော သူများရှေ့တွင် နှုတ်ဆိတ်လျက်ရှိနေသည်။ သူ့အား ကဲ့ရဲ့ခြင်းနှင့် ကားတိုင်ထက် သံမှိုဖြင့် တင်ရိုက်ခြင်းကိုပင် ခွင့်ပြုခဲ့သည်။ ယုံကြည်သူများဖြစ်သည့်အလျောက် ဝိညာဉ်ရေးရာနှင့်ဆိုင်သော အရာများကို ပြုလုပ်ခြင်းဆိုသည် မှာ ဤကျမ်းပိုဒ်ရှိ ခရစ်တော်၏ သာဓကအား လိုက်လျောက်၍နှုတ်ဆိတ် နေခြင်းဖြစ်သည်ဟု တစ်ခါတရံ ကျွန်ုပ်တို့မှတ်ယူကြသည်။

သို့သော်လည်း မဿဲ ၁၈း၁၅ ၏ အဓိကအကြောင်းအရာမှာ

စော်ကားခံရသောသူ တစ်ဦးတစ်ယောက်အကြောင်းမဟုတ်ဘဲ၊ ပြစ်မှားသော ညီအစ်ကိုအကြောင်းဖြစ်သည်။ ကျွန်ုပ်၏ညီအစ်ကိုထံသို့သွားရခြင်းမှာ ကျွန်ုပ်ပြစ်မှားခံရသောကြောင့် သွားခြင်းမဟုတ်ဘဲ၊ ထိုသူအပြစ်တရား၌လဲကျနေသောကြောင့် သွားရခြင်းဖြစ်သည်။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ထိုသူအား ပြန်လာဖေးမကူညီရန်နှင့် ခရစ်တော်၏ခန္ဓာကိုယ်နှင့် ပြန်လည်မိဿဟာယဖွဲ့နိုင်ရန်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်အားပြစ်မှားသောအပြစ်ကို လျစ်လျူရှုထားလျှင် ကျွန်ုပ်သည် ကျွန်ုပ်၏ညီအစ်ကိုအား ထိုအပြစ်ဒုစရိုက်၌ဆက်လက်နစ်မွန်းနေရန် အခွင့်ပေးခြင်းဖြင့် သူ့အား ထိခိုက်နစ်နာစေနေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ညီအစ်ကို၏ကောင်းရာကောင်းကြောင်းအတွက် "သွား" ရောက်ခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို ခုခံပြောဆိုကာကွယ်ရန်အတွက် သွားခြင်းမဟုတ်ပါ။

ကျွန်ုပ်တို့၏ညီအစ်ကိုထံသို့ သွားရောက်ရန် တုံ့ဆိုင်းနေရခြင်း၏ဒုတိယအကြောင်းအရင်းမှာ ထိုသူ၏တုန့်ပြန်မှုကို ကြောက်ရွံ့သောကြောင့်ဖြစ်သည်။ အကယ်၍ သူ၏အပြစ်များအား ဖော်ပြလျှင် ကျွန်ုပ်တို့၏ညီအစ်ကိုက မည်သို့ပြောဆိုတုန့်ပြန်မည်အကြောင်းကို ကျွန်ုပ်တို့အမှန်တကယ် မသိနိုင်ပါ။ သူသည် ကျွန်ုပ်တို့အား အမျက်ဒေါသထွက်လိမ့်မည်လော။ ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ပြုမည်လော။ ကျွန်ုပ်တို့ညီအစ်ကို၏ တုန့်ပြန်ချက်မှာ မည်သို့ဖြစ်မည့်အကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်ရန် လမ်းမရှိပါ။ သို့သော် သွားရမည့်မိန့်ဆိုချက်မှာ ရှိနေသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုသည် အပြစ်ဒုစရိုက်၌လဲကျနေသောကြောင့် သူသည် အကူအညီလိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ၊ သတိပေးရန်ကို မူ သူလိုအပ်နေသည်။ ကျွန်ုပ်တို့မတိုင်မီ၌ရှိခဲ့ကြသောသူတော်စင်များသည် အပြစ်သားများထံ၌ ဘုရားသခင်၏

နှုတ်ကပတ်တော်ကို ပြောပြရန် သူတို့၏အသက်ကို စတေးခဲ့ကြသည်။ မိမိ၏သိုးအုပ်မှ သိုးတစ်ကောင်လမ်းမှားပျောက်ဆုံးနေသည့်အကြောင်းကို သိသော သိုးထိန်းသည် ထိုသိုးငယ်အား သိုးအုပ်ဆီသို့ ပြန်လည် ခေါ်ဆောင်ပေးရန်အတွက် ကြီးမားသော စွန့်စားမှုမျိုးအား အစွမ်း ရှိသမျှဖြင့် ပြုလုပ်ရမည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် ကားတိုင်ထက်၌အသက်ကို ဆပ်ပေးခဲ့သည်။ ကျွန်ုပ်တို့၏ညီအစ်ကို အတွက် ကျွန်ုပ်တို့ မည်သည့်အရာအား ပေးဆပ်ရန် ဆန္ဒရှိကြသနည်း။ သူ့အား စိတ်ပျက်စေခြင်းကို ကျွန်ုပ်တို့ စွန့်ကြမည်လော။ သူ၏ အမျက်ဒေါသကို စွန့်ကြမည်လော။ သင်၏ ညီအစ်ကို မူလ အခြေအနေ သို့ ပြန်ရောက်ရန် သင်လိုလိုလားလား ပေးဆပ်လိုသောအခကား အဘယ်နည်း။ ကျွန်ုပ်တို့၏ညီအစ်ကို ကို တကယ်ချစ်လျှင် ထိုသူအား အပြစ်တရားမှ အနိုင်ပိုင်းနေသည့်အဖြစ်ကို ရှုမြင်ရခြင်း၌ ဘယ်သော အခါမျှ ကျေနပ်မည်မဟုတ်ပါ။

တတိယအချက်မှာ ကျွန်ုပ်တို့ညီအစ်ကို ထံသို့ သွားရောက်ရန် တုံ့ဆိုင်းနေကြရသည့်အကြောင်းမှာ ကိုယ်ကိုယ်ကို စိတ်ချယုံကြည်မှု မရှိ သောကြောင့်ဖြစ်သည်။ ဤအချင်းအရာမှာ အမှန်ပင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့ သွားရောက်တွေ့ဆုံရင်ဆိုင်မည့် ညီအစ်ကိုမှာ ပို၍ အသက်ကြီးပြီး၊ ယုံကြည်ခြင်း၌လည်း ရင့်ကျက်သောသူ ဖြစ်ခဲ့လျှင် ထိုသူနှင့် ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်ကြရသည်။

ထိုသူ၏ ခရစ်တော်၌ ရှိသော အတွေ့အကြုံများမှာ ကြီးမား ကျယ်ပြန့်သောကြောင့် ထိုသူအား တိုက်ရိုက်ချဉ်းကပ်ရန် ကျွန်ုပ်တို့သည် လုပ်ပိုင်ခွင့် မရှိဟု ခံစားတတ်ကြသည်။ တစ်ခါတရံတွင် ယုံကြည်စိတ်ချ မှု မရှိခြင်းသည် ပြဿနာနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏မှန်ကန် ဖြောင့်မတ်ခြင်းအရာအား မသေမချာဖြစ်နေသောကြောင့်ဖြစ်သည်။

ပတ်ဝန်းကျင်အား တလွဲအဓိပ္ပါယ်ဖော်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုအား ချဉ်းကပ်မည့်အရေးထက် သံသယဒွိဟစိတ်များမှာ ဖြစ်ပေါ်လာသောအရာများကို ပေးရန် ပို၍လွယ်ကူပါသည်။ သို့သော် အပြစ်တရားသည် ရင့်ကျက်သူအတွက် ဖြစ်စေ၊ မရင့်ကျက်သေးသောသူအတွက်ဖြစ်စေ ပြဿနာတစ်ခုဖြစ်ကြောင်းကို ကျွန်ုပ်တို့ သတိရကြပါစို့။

အညတရဖြစ်စေ၊ ထင်ပေါ်သူဖြစ်စေ၊ ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ အပြစ်၌လဲကျနိုင်ပါသည်။ ဘုရားသခင်နှင့်အတူလျှောက်လှမ်းသော ကျွန်ုပ်တို့အသက်တာအား ကျွန်ုပ်၏သားသမီးများက အမြဲတမ်းလိုလို စိန်ခေါ်ပညာပေးခဲ့ကြသည်။ ကျွန်ုပ်ကဲ့သို့ ဘဝအတွေ့အကြုံသူတို့၌ မရှိသေးသော်လည်း သူတို့သည် ကျွန်တော့်အား ပညာပေးနိုင်ကြသည်။ နှိမ့်ချပါ။ သို့သော်လည်း ယုံကြည်စိတ်ချမှု မရှိခြင်းအရာသည် သင့်အား နာခံခြင်းလမ်းမှ သွေဖယ်သွားရန် စွမ်းဆောင်ဖို့ အခွင့်မပေးပါနှင့်။

"သွား" ဟူသော စကားလုံးနှင့် စပ်လျဉ်း၍ပို၍ သိသင့်သည့် အကြောင်းအရာများစွာ ရှိနေသေးသည်။ သွားရမည့်သူများသည် အပြစ်ခံရသောသူဖြစ်သည်။ သင်းအုပ်တပါးအနေဖြင့် သူမနှင့် သူမ၏ခရစ်တော်၌ညီအစ်မဖြစ်သူတို့၌ ရှိသောပြဿနာအား ဖြေရှင်း ပေးရန် ကျွန်ုပ်အား ဖုန်းခေါ်ခဲ့သော အမျိုးသမီး၏ဖြစ်စဉ်အား နိဒါန်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ပြစ်မှားခံရသောသူမှာ သွားရောက် ရမည့်သူဖြစ်ကြောင်း ခရစ်တော်က ဤကျမ်းပိုဒ်တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ဤမထီမဲ့မြင်ပြုခံရခြင်းသည် အခြားသူထံ၌လည်း ဖြစ်နိုင်သော်လည်း မဖြစ်ခဲ့ပါ။ သင်ထံ၌ဖြစ်ပျက်ရန် ခွင့်ပြုဘို့အရာသည် သင့်တော်သည်ဟု ဘုရားသခင်ရှုမြင်ခဲ့သည်။ ထိုပြဿနာနှင့် စပ်လျဉ်း၍

တစ်စုံတခုပြုလုပ်ရန် သင့်အားခေါ်ခန့်ခဲ့ခြင်းဖြစ်သည်။ သင့် အပါး၌ ဖြစ်ပျက်သည့်အရာကို ထောက်ထား၍သင်သွားရမည်ဖြစ်သည်။ တခြားမည်သူမျှ လုပ်မည်မဟုတ်ပါ။ "သွား၍၊ သူ့အပြစ်ကို ဖော်ပြလော့" ဟု ဘုရားသခင်သည် သင့်အား လက်ညှိုးထိုး၍အမိန့်တစ်ခုပေးထားသည်။ သင့်ကိုယ်စား အခြားသူတစ်ဦးအား စေလွှတ်ခြင်းသည် ဘုရားသခင်၏မိန့်ဆိုချက်အား မနာခံခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့ညီအစ်ကိုထံသို့ သွားရောက်ရသည့် အကြောင်းရင်းကို သတိပြုပါ။ သခင်ယေရှုက ကျွန်ုပ်တို့သွားရောက်ရသည့် ရည်ရွယ်ချက်မှာ ထိုသူ၏အပြစ်ကိုဖော်ပြရန်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောထားပါသည်။ ကျွန်ုပ်တို့၏ ဂုဏ်နှင့်ကျေနပ်ဖွယ်မှုအား ကာကွယ်ပြောဆိုရန် သွားရခြင်းဖြစ်ကြောင်း သခင်ယေရှုက မဆိုထားသည်အကြောင်းကို တဖန် ဖော်ပြလိုသည်။ ကျွန်ုပ်တို့ သွားရောက်ရခြင်းမှာ ထိုသူအား သူ၏ အပြစ်များကို နားလည်လာရန်ကူညီပေးခြင်းအတွက်ဖြစ်ပြီး၊ ထိုသို့အားဖြင့် နောင်တရ၍ ဘုရားသခင်နှင့်လျှောက်လှမ်းသောအသက်တာကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့ညီအစ်ကို၏အပြစ်အား သူ့၌ ဖော်ပြရန် နည်းလမ်း အမျိုးမျိုးရှိသည်။ နည်းလမ်းအားလုံးမှာ ဘုရားသခင်နှစ်သက်တော်မူသော နည်းလမ်းများ မဟုတ်ပါ။ ဥပမာ - ကျွန်ုပ်တို့၏ညီအစ်ကိုထံသို့ ငါမှန်ပါသည်ဟူသော စိတ်သဘောထားမျိုးဖြစ်ခြင်း၊ သူ၏ရှုံးနိမ့်မှု၌ ကိုယ့်ကိုယ်ကို ကြည့်ကောင်းအောင် လုပ်လိုသောစိတ်ထားဖြင့် သွားရောက်နိုင်သည်။ ထိုစိတ်သဘောထားမျိုးမှာ လုကာ ၁၈း၁၀-၁၄ ၌တွေ့ရသော ဖာရိရှဲတို့၏ စိတ်ထားမျိုး ဖြစ်သည်။ ထိုဖာရိရှဲ၏ဆုတောင်းသံကို နားထောင်ကြည့်ပါ -

(၁၀) လူနှစ်ယောက်တို့သည် ဆုတောင်းပဌနာပြုခြင်းငှာ

ဗိမာန်တော်ပေါ်သို့ တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ်၏။ တစ်ယောက်ကား အခွန်ခံဖြစ်၏။ (၁၁) ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက် အို ဘုရားသခင် သူတစ်ပါးတို့သည် အနိုင်အထက် လုယူခြင်း၊ မတရား သဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း အပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ် သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ (၁၂) အကျွန်ုပ် သည် ခုနှစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာ ရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့ လှူပါ၏ ဟူ၍ ဆုတောင်း ပဌနာပြု၏။ (၁၃) အခွန်ခံမူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မျှော်မကြည့်ဝံ့ဘဲ ရင်ဘတ်ကိုခတ်လျက် အို ဘုရားသခင် အပြစ်များသောကျွန်ုပ်အား သနားခြင်း ဂရုဏာစိတ်ရှိတော်မူပါဟု ဆုတောင်းလေ၏။ (၁၄) ငါဆိုသည်ကား ထိုသူသည် အပြစ်ပြေလျှက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား ကိုယ့်ကိုယ်ကို ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုယ်ကို နှိမ့်ချသောသူ မည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက်လတံ့ဟု မိန့်တော်မူ၏။

ဖာရိရှဲ၏ ဆုတောင်းသံသည် မာန်မာနတရားနှင့် ပြည့်နေ၏။ ဖာရိရှဲသည် ၎င်း၏ဘေး၌ဆုတောင်းနေသော အခွန်ခံနှင့် ကိုယ့်ကိုယ်ကို နှိုင်းယှဉ်ထားသည်။ သူသည် ကိုယ့်ကိုယ်ကို သာ၍ကောင်းမြတ်သည် မှတ်ယူပြီး၊ ထိုအရာအားလည်း လူအများကို သိစေခဲ့ပြီ။ ခရစ်တော် သည် ထိုဖာရိရှဲ၏ မောက်မာမှုအား ရှုတ်ချထား၏။ မဿဲ ၁၈း၁၅ကို လည်း

အထက်ပါပုံဥပမာအတိုင်း နားလည်ထားရန် လိုအပ်ပါသည်။ ညီအစ်ကို၏ အပြစ်ကို ဖော်ပြရန် ကျွန်ုပ်တို့သွားရောက်သောအခါ ငါမှန်ပါသည်ဟူသော စိတ်ထားမျိုးဖြင့် မသွားရန် ဂရုပြုကြရမည်။ ဤသို့သောစိတ်ထားသည် မိမိ၏ညီအစ်ကိုထက် ဝိညာဉ်ရေးရာ၌ သာလွန်သည်ဟု ယုံကြည်သောသူ၏စိတ်ထားမျိုးဖြစ်သည်။ ကိုယ့်ကိုယ်ကို မှန်ပါသည်ဟူသော ပုဂ္ဂိုလ်သည် ကိုယ့်ကိုယ်ကို အခြားသူများနှင့် နှိုင်းယှဉ်ခြင်းကို နှစ်သက်၏။ ထိုသို့အားဖြင့် သူသာလွန်ကောင်းမြတ်သည့် အကြောင်းကို ခံစားကြည်နူးနေနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ညီအစ်ကိုထံသို့ ဒေါသထွက်နေသောစိတ်နှင့်တကွ သူပြုခဲ့သော နာကျင်မှုအတွက် ပြန်လည်ပေးဆပ်ရန် ရှာနေကြသော ဆန္ဒတို့ဖြင့်လည်းသွားနိုင်သည်။ ဤသို့သော ပုဂ္ဂိုလ်၏စိတ်ခါတ်မှာ ပြဿနာကို ကိုယ့်လက်ဖြင့် ရှင်းလိုခြင်းဖြစ်သည်။ သူ၏ညီအစ်ကိုအား ပြုခဲ့သော အကုသိုလ်အတွက် ပြန်လည်ပေးဆပ်စေလိုသည်။ တရားမျှတမှုရှိခြင်းကို သူလိုလားသည်။ တရားမျှတမှုသည် သမ္မာကျမ်းစာ၌တွေ့ရသော အရေးကြီးသည့် သွန်သင်ချက်ဖြစ်သော်လည်း ဤကျမ်းပိုဒ်၌ သခင်ယေရှုသွန်သင်ထားသည်မှာ တရားမျှတမှုအကြောင်းမဟုတ်ပါ။ အပြစ်၌လဲကျနေသော ညီအစ်ကိုအား ပြန်လည်ဖေးမ၍ မွမ်းမံခြင်းအကြောင်းဖြစ်သည်။ အကယ်၍သင်သည် သင့်ညီအစ်ကို ထံသို့ သူပြုခဲ့သောအမှုအတွက် ရန်ကြွေးဆပ်ရန် ရည်ရွယ်ချက်ဖြင့်သွားခဲ့လျှင် သင်သည် ဤကျမ်းပိုဒ်၌ခရစ်တော်က အတိအလင်းဖော်ပြထားသော အကြောင်းအရာအတွက် သွားရောက်ခဲ့ခြင်းမဟုတ်ပါ။

ကျွန်ုပ်တို့၏ ညီအစ်ကိုအား သူ၏အပြစ်ကို မည်သို့ဖော်ပြရမည်နည်း။ ဖိလိပ္ပိ၊ ၂း၃ တွင် တစ်ကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်များ (သို့) လှည့်ဖျားတတ်သောစိတ်ထားများဖြင့် သွားရောက်ခြင်း

မဟုတ်ဘဲ၊ ထိုညီအစ်ကိုသည် ကျွန်ုပ်တို့ထက်ပို၍ ကောင်းမြတ်သောသူ အဖြစ် မှတ်ယူလျှက် သွားရောက်ရမည့်အကြောင်း ဖော်ပြထားသည် (ထိုအမှုသည် ကျွန်ုပ်တို့၏ ညီအစ်ကိုက ကျွန်ုပ်တို့အား ပြစ်မှားသောအခါ တွင် လုပ်ရန်မလွယ်ကူသောအရာဖြစ်သည်)။

(၃) ရန်တွေ့လိုသောစိတ်၊ ချည်းနှီးကျော်စော်ကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတစ်ပါးသည် ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍တစ်ယောက်ကိုတစ်ယောက်ထင်မှတ် ကြလော့ (ဖိလိပ္ပိ၊ ၂း၃)။

ရှင်ပေတရုမှာလည်း သူ့ခေတ်ကာလရှိ လူငယ်လူရွယ်တို့အား စိန်ခေါ်တိုက်တွန်းသည့်အနေဖြင့် နာခံခြင်းနှင့် နှိမ့်ချခြင်း ရှိကြရန် ပြော ကြားခဲ့သည်။

(၅) ထိုနည်းတူ အသက်ပျိုသောသူတို့ အသက်ကြီးသူတို့ ၏ စကားကို နားထောင်ကြလော့။ ထိုမျှမက အချင်းချင်း တစ်ယောက်အောက် တစ်ယောက်၊ နှိမ့်ချလျက်နေ၍ နှိမ့် ချခြင်းတန်ဆာကို ဆင်ကြလော့။ အကြောင်းမူကား ထောင်လွှာစော်ကားသော သူတို့ကို ဘုရားသခင်ဆီးတား တော်မူ၏။ စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော် မူ၏ (၁ပေ၊ ၅း၅)။

ရောမ၊ ၁၃း၈ တွင် ရှင်ပေါလုက သူ၏စာဖတ်သူတို့အား လူ့အသက်တာ၌ မည်သည့်အခါမျှ ကျွန်ုပ်တို့ပြန်၍ မပေးဆပ်နိုင်မည့် အကြွေးတစ်ခုမှာ တစ်ယောက်နှင့်တစ်ယောက် ချစ်မြတ်နိုးခြင်း ဟူသော အကြွေးဖြစ်သည့်အကြောင်းအား ပြောပြခဲ့သည်။

အချင်းချင်း ချစ်မေတ္တာမှတစ်ပါး အဘယ်အကြွေးမျှ

မတင်စေနှင့်။ သူတစ်ပါးကို ချစ်သောသူသည် အကျင့်
တရားနှင့်ပြည့်စုံပြီ (ရောမ၊ ၁၃း၈)။

ကျွန်ုပ်တို့ညီအစ်ကို၏အပြစ်ကိုဖော်ပြမည်ဆိုလျှင် ငါမှန်ပါသည် ဟူသောစိတ်ထား၊ စိတ်ဆိုးခြင်းများကိုရှောင်ရှား ကြရမည်။ လက်စားချေလိုသောစိတ်ထားများကိုလည်း ဘေးဖယ်ထားကြရမည်။ ထိုသို့ပြုမည့်အစား ကျွန်ုပ်တို့၏ညီအစ်ကိုအား နှိမ့်ချသောစိတ်နှင့် ချစ်ခြင်းမေတ္တာတို့ဖြင့်၎င်း၊ သူသည် ကျွန်ုပ်တို့ထက် သာလွန်ကောင်းမြတ်သောသူအဖြစ်မှတ်ယူ၍၎င်း၊ ချဉ်းကပ်ကြရမည်။ ကျွန်ုပ်တို့ ညီအစ်ကိုအပြစ်၌ လဲကျသောအခါတွင် ကျွန်ုပ်တို့၏နှိမ့်ချသောစိတ်အားဖြင့်သာ သူ့ကို ရိုသေနိုင်မည်။ လေးစားနိုင်မည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏အရင်းခံစိတ်မှာ ထိုသူအား ကူညီရန်နှင့် ဖေးမ၍နဂိုရပ်တည်ခြင်းသို့ ပို့ပေးရန်ဖြစ်သည်။ လက်စားချေခြင်းကို ရှာကြရန်မဟုတ်၊ သူ၏အားနည်းချက်ကို ရင်း၍ ကိုယ်ကောင်းကြောင်းကို ထုတ်ဖော်ရန်မဟုတ်ပါ။ အကယ်၍ သင်သည် သူ့ထံသို့သွားရန် သမ္မာကျမ်းကဖော်ပြထားသည်။ နှိမ့်ချခြင်းနှင့် ချစ်ခြင်းမေတ္တာအရင်းခံစိတ်တို့အား သင်၌မရှိသေးကြောင်း သိမြင်လာလျှင် ဘုရားသခင်က သင့်အားခွင့်လွှတ်ပေးရန်နှင့် ထိုစိတ်ထားများအား သင့်ကို ပေးရန်အတွက် ဆုတောင်းဖို့လိုအပ်ပေသည်။

ဤနေရာတွင် အောက်ပါအကြောင်းအရာကို ဖော်ပြခြင်းမှာ ထူးခြားနေပေလိမ့်မည်။ ကျွန်ုပ်တို့ညီအစ်ကို၏အပြစ်ကိုဖော်ပြရာ ပြသရမည့် ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကို ပြစ်မှားသော ထိုညီအစ်ကိုအတွက်သာ ဦးတည်ချက်ထားသည်မဟုတ်၊ ကျန်အသင်းတော်တစ်ခုလုံးအတွက်လည်း ဦးတည်၍ပြသကြရသည်။ အကယ်၍ ထိုညီအစ်ကိုသည် အပြစ်၌ဆက်လက်ကျင်လည်နေလျှင် သူ၏အပြစ်များသည် ခရစ်တော်၏ခန္ဓာအား မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်လိုသော စိတ်ရင်းဖြင့်

ကျွန်ုပ်တို့၏ ညီအစ်ကိုအား သူပြုသောအပြစ်များကို သတိထားမိလာရန် ကူညီကြရမည်။

**ဆင်ခြင်သုံးသပ်ရန်အချက်များ**

* လူတစ်ဦးတစ်ယောက်သည် သင့်အား ပြစ်မှားသောအခါ သင်၏ သဘာဝစိတ်ရင်းမှလာသော တုန့်ပြန်မှုကား အဘယ်သို့နည်း။
* ကျွန်ုပ်တို့၏ညီအစ်ကို (သို့) ညီအစ်မက ကျွန်ုပ်တို့အား ပြစ်မှားသောအခါ၌ ထိုသူ့ထံသွားရန်မှာ အဘယ်ကြောင့် အရေးကြီးသနည်း။
* ကျွန်ုပ်တို့အား ပြစ်မှားသော ညီအစ်ကို (သို့) ညီအစ်မထံ သွားရောက်ဖြေရှင်းရန် မည်သည့်အရာက ကျွန်ုပ်တို့အား ဟန့်တားနေပါသနည်း။
* ကျွန်ုပ်တို့အား ပြစ်မှားသော မယုံကြည်သူ(သို့) ယုံကြည်သူ တစ်ဦးအား တုန့်ပြန်ရာ၌ ကွဲပြားခြားနားချက်ရှိပါသလား။ အဘယ်ကြောင့်နည်း။
* အခြားပါးတစ်ဘက်ကို ပေးအပ်ခြင်းနှင့် ညီအစ်ကို၏အပြစ်ကိုဖော်ပြခြင်းတို့၏ ကွဲပြားခြားနားချက်ကား အဘယ်နည်း။
* ကျွန်ုပ်တို့ ညီအစ်ကို၏အပြစ်ကို မည်သို့ဖော်ပြရမည်နည်း။ မည်သည့်စိတ်ဓါတ်များကို ရှောင်ရှားရမည်နည်း။ ကျွန်ုပ်တို့ကို ပြစ်မှားသော ထိုညီအစ်ကိုထံသို့ သွားရောက်ရာတွင် မည်သို့သော စိတ်ဓါတ်များ ရှိရမည်နည်း။
* ကျွန်ုပ်တို့၏ ညီအစ်ကိုထံသို့ နှိမ့်ချသော နှလုံးနှင့် ချစ်ခြင်းမေတ္တာအရင်းခံတို့ဖြင့် မသွားနိုင်ကြောင်း ကျွန်ုပ်တို့သိရှိလာလျှင် ဘာလုပ်ကြရမည်နည်း။

**ဆုတောင်းရန်အချက်များ**

* သင့်အား မထိမဲ့မြင်ပြု၍ ပြစ်မှားသော သူတို့အပေါ်၌ နှိမ့်ချသော စိတ်နှင့် ချစ်ခြင်းမေတ္တာစိတ်တို့ရှိရန် သခင်ကိုယ်တော်ထံတော်၌ဆုတောင်းခြင်းဖြင့် အကူအညီတောင်းပါ။
* သင့်အားမထိမဲ့မြင်ပြု၍ ပြစ်မှားသော ညီအစ်ကို (သို့) ညီအစ်မ အပေါ်၌ မှားယွင်းသော စိတ်ထားမျိုးဖြင့် အသင်္ကြီရှင်ဘူးပါသလား။ ပြဿနာအား အဖြေမှန်ထွက်သည်အထိ ဖြေရှင်းရန် ညီအစ်ကို (သို့) ညီအစ်မထံသို့ သွားရန် သခင်ကိုယ်တော်အထံ၌ ကျေးဇူးတော်ကို တောင်းလျှောက်ပါ။
* သင့်အား ပြစ်မှားသော ခရစ်တော်၌ရှိ ညီအစ်ကို (သို့) ညီအစ်မ တစ်ဦးအပေါ်၌ သင်ထားရှိသော ဒေါသတရား၊ ငါမှန်ပါသည်ဟူသောစိတ်ထားများကို ဖယ်ရှားပေးရန် သခင်ကိုယ်တော်ထံ၌ ဆုတောင်းပါ။

# ၃။
# သင်တို့နှစ်ကိုယ်တည်းကြား

*"နှစ်ယောက်တည်းချင်း" (မဿဲ ၁၈း၁၅)*

ဓမ္မရာဇဝင်ပထမစောင် ၂၅ တွင်ဒါဝိဒ်နှင့် သူ၏စစ်သူရဲတို့အကြောင်း အရေးကြီးသော ရာဇဝင်တစ်ပုဒ်ရှိသည်။ သူတို့သည် ရှောလု၏လက်မှ လွတ်ရန် တောထဲ၌လှည့်လည်ပုန်းရှောင်နေကြသည်။ ထိုသို့သွားလာရင်း သူတို့သည် နာဗလဟု ခေါ်သော သူဌေးကြီးတစ်ဦးနေထိုင်ရာ ကာရမေလ အရပ်သို့ ရောက်လာခဲ့ကြသည်။ ဒါဝိဒ်သည် သူ၏ရဲမက်တို့ အား နာဗလထံ စေလွှတ်၍ အစားအသောက်များနှင့် အခြားထောက်ပံ့ ပစ္စည်းများကို ထောက်ပံ့ပေးပို့နိုင်ခြင်း ရှိ မရှိအကြောင်းအား မေးလျှောက်စေ၏။ နာဗလသည် ဒါဝိဒ်နှင့်သူ၏ရဲမက်တို့အား မထီမဲ့မြင်ပြု၍ အထောက်အပံ့များ ပေးကမ်းခြင်းအားဖြင့် ငြင်းဆန်ခြင်းဖြင့် တုန့်ပြန် လိုက်သည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့သည် အခြားသူများမှ ထောက်ပံ့ ပေးကမ်းရန်သာ မျှော်ကိုးတတ်ကြသည်။ သို့သော်လည်း ဒါဝိဒ်ကဲ့သို့ အဆုံးတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ညီအစ်ကိုအား စစ်ခင်းရန် အသင့်ရှိနေသောရဲမက်ရှိသမျှအား ကျွန်ုပ်တို့ဘက်၌ စုစည်းထားကြသည်။

မဿဲ ၁၈း၁၅ တွင် သခင်ယေရှုက အတိအလင်းဖော်ပြထားသည်မှာ ကျွန်ုပ်တို့အား ပြစ်မှားသော ညီအစ်ကိုနှင့် ပြဿနာရှင်းတော့မည်ဆိုလျှင် ကျွန်ုပ်တို့ တစ်ဦးတည်းသာ သွားရောက်ဖြေရှင်းရမည်ဟူ၍ ဖြစ်သည်။ ဤအချက်အတွက် အကြောင်းအရင်းများစွာရှိသည်။

ပထမမှာ ပြဿနာအား ကျွန်ုပ်တို့နှစ်ကိုယ်ကြား၌သာ ဖြေရှင်း

လျှင် ထိုပြဿနာသာ ရှိရင်းထက်ကြီးထွားလာမည့်အဖြစ်မှ ကွယ်ကာနိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ပြဿနာပျံ့နှံ့သွားလျှင် မည်သည့်အရာများဖြစ်လာမည့်အကြောင်းအား တဒင်္ဂမျှ တွေးကြည့်ပါ။ ပြဿနာအားလူသိများလာလေလေ၊ ပုံကြီးချဲ့ခြင်းနှင့် အထင်ကွဲလွဲမှု များအတွက်အလားအလာများလေလေပင်ဖြစ်သည်။ အဖြစ်အပျက်များ အား တစ်ဦးမှ တစ်ဦးသို့ ဆင့်ကမ်းပြောဆိုလျှင် ထိုအဖြစ်အပျက်မှာ ကြီးထွားလာရန်အလားအလာရှိသည်။ ပြဿနာအား ကျွန်ုပ်နှင့် ကျွန်ုပ်၏ညီအစ်ကိုအကြား၌သာ ထားရှိထားခြင်းအားဖြင့် ထိုပြဿနာ အား ရှိရင်းထက်ပို၍ ဆိုးရွားလာသောအဖြစ်မှ ကာကွယ်ပေးနိုင်သည်။

ဒုတိယမှာ ပြဿနာအား နှစ်ကိုယ်ကြားဖြေရှင်းခြင်းဖြင့်ညီအစ်ကို၏ဂုဏ်သိက္ခာအား ကျွန်ုပ်ကာကွယ်ပေးနိုင်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာ၌တစ်ဦးကိုတစ်ဦး ရိုသေလေးစားရန် ကျွန်ုပ်တို့၌ တာဝန်ဝတ္တရားရှိကြသည်။ ကျွန်ုပ်အားပြစ်မှားသော ညီအစ်ကိုလည်း အပါအဝင်ပင်ဖြစ်သည်။ သူသည် အပြစ်ကိုကျူးလွန်မိသော်လည်း ခရစ်တော်၌ညီအစ်ကိုအနေဖြင့် သူ့အား ရိုသေလေးစားရန် လိုအပ်သည်ဟု မိန့်မှာထားချက်အတိုင်း ကျွန်ုပ်၏ညီအစ်ကိုအား နှစ်ကိုယ်ကြားစကားပြောခြင်းဖြင့် သခင်ယေရှုသည် ထိုညီအစ်ကိုအား မလိုအပ်ဘဲ ဖြစ်လာမည့်ထိခိုက်နစ်နာခြင်းမှ ကွယ်ကာပေးနေသည်။ အကယ်၍ပြဿနာအား နှစ်ကိုယ်ကြား၌ဖြေရှင်းနိုင်မည်ဆိုလျှင် ရှည်ရှည်ဝေးဝေး ဆက်သွားရန် မလိုအပ်တော့ပါ။ ကျွန်ုပ်၏ညီအစ်ကိုသည် နဂိုအခြေအနေသို့ ပြန်လည်ဖေးမပို့ဆောင်ခြင်းကို ခံရပြီး၊ သူ၏ဂုဏ်သိက္ခာနှင့် လေးစားမှုတို့အား ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

တတိယမှာ ကျွန်ုပ်၏ညီအစ်ကိုထံသို့ တစ်ဦးတည်းသွားရောက်ပြီး၊ သူ၏ပြစ်မှားမှုအား ကျွန်ုပ်တို့နှစ်ကိုယ်ကြား၌သာ ထားရှိခြင်းဖြင့်

အသင်းတော်အား ကျွန်ုပ်တို့ ကာကွယ်ပေးထားသည်။ စာတန်သည် လူအများအား ပြောစရာအကြောင်းအရာများကို ပေးခြင်းလောက် အခြားအရာများကို မနှစ်သက်ပေ။ အတင်းအဖျင်းပြောခြင်းနှင့် အသရေ ပျက်အောင်မဟုတ်မမှန်ပြောဆိုခြင်းသည် ယနေ့တွင် အသင်းတော် အတွင်း၌ သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်နေသည်။ ညီအစ်ကိုတစ်ဦး ၏ မကောင်းကြောင်းအား ကျွန်ုပ်တို့ပြောဆိုကြသောအခါ အသင်းတော် ၏ ညီညွတ်သင့်မြတ်မှုအား ဖျက်ဆီးစေနိုင်သည့်အရာအားလုံး အရဲစွန့် လုပ်ဆောင်နေကြသည်။ အသင်းတော်များစွာပြိုကွဲရခြင်းမှာ အသင်းသူ/သားများ အုပ်စုဖွဲ့ ဘက်လိုက်ခြင်းကြောင့်ဖြစ်သည်။ စာတန် သည် ညီအစ်ကိုတစ်ဦး၏အမှားတစ်ခုအား ဆောင်ယူ၍ အသင်းတော် တစ်ခုလုံးအား ဖျက်ဆီးဖြိုခွဲရန် အသုံးပြုခြင်းထက် အခြားအရာကို နှစ်သက်မည်မဟုတ်ပါ။ ပြဿနာအား ကျွန်ုပ်နှင့်ညီအစ်ကိုတို့ကြား၌ ထားရှိခြင်းဖြင့် အထက်ဖော်ပြပါအကြောင်းအရာဖြစ်ပေါ်လာခြင်းကို ကာကွယ်ရန် ကျွန်ုပ်အပိုင်း ကျွန်ုပ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ခရစ်တော်သည် သူ့ခေတ်ကာလ၌အပြစ်သားများအား မည်သို့ ကိုင်တွယ်ခဲ့ပုံကို စဉ်းစားသုံးသပ်ကြည့်ပါ။ ယောဟန် ၈ တွင် သခင်ယေရှု ဗိမာန်တော်အတွင်း၌ သွန်သင်ဟောပြောနေစဉ်၊ ဖာရိရှဲများက မှားယွင်း ခြင်းအမှုကို ပြုစဉ်တွင် ဖမ်းခံရသော အမျိုးသမီးအား သူ့ထံခေါ်ဆောင် လာခဲ့ကြသည်။ သူတို့သည် သူမအားရှေ့သို့ တွန်းပို့ကာ သူမအားမှားယွင်း ခြင်းအမှုကို ပြုစဉ်တွင် ဖမ်းခံရသူဖြစ်ကြောင်း ကြေငြာခဲ့ကြသည်။ သူမအားခေါ်ဆောင်လာသောသူများနှင့် ရင်ဆိုင်ဖြေရှင်းရာတွင် သခင် ယေရှုက အပြစ်မရှိသူက ပထမဦးစွာ ခဲနှင့်ပေါက်ရန် မိန့်ဆိုခဲ့သည်။ ထိုသူတို့အားလုံးထွက်ခွါသွားပြီး၊ သခင်ယေရှုနှင့် ထိုအမျိုးသမီး နှစ်ဦးတည်း သာကျန်ရစ်ခဲ့သောအချိန်တွင် သခင်ယေရှုသည်

ထိုအမျိုးသမီးအား ဘဝဟောင်းကို စွန့်လွှတ်ရန် နှစ်ကိုယ်ကြား ပြောကြားခဲ့ပြီး သွားခွင့်ပြုခဲ့သည်။

ရှင်ယောဟန် ၄ တွင် လည်း သခင်ယေရှုသည် ရှမာရီ အမျိုးသမီးအား ထိုနည်းအတိုင်းပင် ပြောဆိုဖြေရှင်းခဲ့သည်။ တပည့်တော်များအားလုံး စားသောက်ဖွယ်ရာများ ဝယ်ရန်ထွက်ခွါပြီးနောက်မှ ထိုအမျိုးသမီးတစ်ဦးတည်းကိုသာ သခင်ယေရှုစကားပြောခဲ့သည်။ သခင်ယေရှုကထိုအမျိုးသမီးအား သူမ၌လင်ယောကျ်ားငါးဦးရှိခဲ့ပြီး၊ ယခုလက်ရှိ ပေါင်းသင်းနေသောသူမှာ သူမ၏လင်ယောကျ်ားမဟုတ်ကြောင်း အား ပြန်လည်သတိရစေရန် ပြောကြားခဲ့သည်။ သခင်ယေရှုသည်သူမအား သူမ၏အနေအထိုင် ရှင်သန်ပုံအား ပြန်လည်ဆင်ခြင်သုံးသပ်ရန် စိန်ခေါ် တိုက်တွန်းခဲ့ပြီး၊ ထိုအရာကိုလည်း နှစ်ကိုယ်ကြားသာ ပြုခဲ့ပါသည်။

ရှင်လုကာ ၁၆ မှာလည်း အခွန်ခံဇကဲ့အား သခင်ယေရှုတွေ့ဆုံခဲ့ခြင်းအကြောင်းအား ပြောပြထားသည်။ ထိုနေ့ရက်ကာလတွင် အခွန်ခံတို့ ကို အပြစ်ရှိသောသူများအဖြစ် သတ်မှတ်ထားကြသည်။ သူတို့သည် လူတို့အား ကိုယ်ကျိုးအတွက် အသုံးပြုကြသောကြောင့် လူအများမှ သူတို့အား သူခိုးများအဖြစ် မှတ်ယူခဲ့ကြသည်။ ရှင်လုကာ ၁၉ တွင် ဇကဲ့အား သခင်ယေရှုဆုံတွေ့ခဲ့သည်။ ထိုသို့ဆုံတွေ့ရာတွင် သခင်ယေရှုကိုယ်တိုင် ကပင် ဇကဲ့အား သူ့အိမ်သို့ ဖိတ်ကြားခဲ့သည်။ သခင်ယေရှုသည် ဇကဲ့နှင့် နှစ်ယောက်တည်းရှိသောအချိန်တွင် ဇကဲ့၏အပြစ်အကြောင်းအား ဖော်ပြ ပြောဆိုခဲ့ပြီး၊ ထိုဒုစရိုက်အမှုအားကျောခိုင်းသွားရန် စိန်ခေါ် တိုက်တွန်းချက်အားဇကဲ့ကလက်ခံပြီး မတရားသဖြင့်ရယူခဲ့သောငွေများကို ပြန်လည် ပေးကမ်းဝေမျှခဲ့သည်။ သခင်ယေရှုသည် ဇကဲ့အား လူအများရှေ့၌ ထိပ်တိုက်တွေ့၍ အပြစ်ကို ဖော်ပြနိုင်ခဲ့သော်လည်း သူမလုပ်ခဲ့ပါ။ ထိုသို့ပြုမည့်အစား နှစ်ကိုယ်ကြားပြောဆိုရန် ရွေးချယ်ခဲ့ပါသည်။

သခင်ယေရှုသည် လူအုပ်စုတစ်စုအား လူသိရှင်ကြားပြစ်တင်ရှုတ်ချခဲ့သောအချိန်များ ရှိနေခဲ့သည်မှာ မှန်ပါသည်။ သူသည် ကြမ်းတမ်းသောစကားများဖြင့် ဖာရိရှဲတို့အား ဆန့်ကျင်ပြောဆိုခဲ့သည်။ ဗိမာန်တော်အထဲ၌ အရောင်းအဝယ်လုပ်နေသောသူ၊ သူတို့၏အဖွဲ့များကို မှောက်လှန်ခဲ့ပါသည်။ သို့သော် ဤဖြစ်ရပ်များတွင် သခင်ယေရှုသည် ထိုအဖွဲ့အစည်းအတွင်း၌ဖြစ်နေသော ကိုယ်ကျင့်တရားပျက်ပျားမှုအား ရည်ညွှန်း၍လုပ်ဆောင်နေခြင်းဖြစ်သည်။ ဖာရိရှဲတို့၏ မှားယွင်းသော သွန်သင်မှု (သို့) ဓနဥစ္စာဝါဒနှင့် မလေးမစားပြုနေသောအရောင်းအဝယ်ပြုလုပ်နေသူတို့အား ဆန့်ကျင်၍ပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အသိုင်းအဝန်းရှိ အပြစ်တရားနှင့် အကုသိုလ်အမှုများအား ဆန့်ကျင်၍ပြောဆိုရမည့်အချိန်ရှိသည်။ ကျွန်ုပ်တို့ခေတ်ကြီး၏မှားယွင်းသောသွန်သင်ချက်များနှင့် ကျင့်ကြံမှုများကို ထောက်ပြပြောဆိုကြရမည်။ သို့သော် ညီအစ်ကို (သို့) အစ်မညီမတို့၏ အကြောင်းအား လူရှေ့သူရှေ့၌ ပြောဆိုရာတွင် ကျွန်ုပ်တို့ သတိထားရမည့်အကြောင်း မဿဲ ၁၈ ၌ သတိပေးထားပါသည်။

မဿဲ ၁၈း၁၅ ရှိ ခရစ်တော်သွန်သင်ထားချက်အား ကျွန်ုပ်တို့လိုက်နာကြမည်ဆိုလျှင် အခြားခမ့်ညီအစ်ကိုမောင်နှမများနှင့် အတူတကွစုရုံး၍ ဝေငှချိန်များတွင် သတိကြီးစွာဖြင့် ပြောဆိုကြရမည်။ လူအချို့က ၎င်းတို့အား ပြစ်မှားသော သူအကြောင်းအား မလိုအပ်ဘဲ အသေးစိတ်ပြောဆိုဝေငှကြသော ဆုတောင်းအစည်းအဝေးသို့ သင်တက်ရောက်ကောင်း တက်ရောက်ဖူးပေလိမ့်မည်။ ဆုတောင်းအစည်းအဝေးများသည် အတင်းအဖျင်းပြောရန် စုရုံးသောနေရာများဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့သည် လူအများနှင့် ဆုတောင်းခြင်းအစီအစဉ်များ၌ ကျွန်ုပ်တို့၏ညီအစ်ကို (သို့) ညီအစ်မ၏ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းတို့အား ထိခိုက်စေနိုင်သော

အသေးစိတ်ဝေငှခြင်းများကို ပြုကြသည်။ ဤအရာအားလုံးအား ဝိညာဉ်ရေးရာဟူသော မျက်နှာဖုံးအောက်တွင် လုပ်ဆောင်နေကြသည်။

ကျွန်ုပ်တို့အား မထီလေးစားလုပ်၍ ပြစ်မှားသောအရာအား မည်သို့တုန့်ပြန်ရမည့်အကြောင်းနှင့် စပ်လျဉ်း၍ ရင့်ကျက်သော ယုံကြည်သူထံမှ အကြံပြုချက်များကို တောင်းခံရန်မှာ အရေးကြီးသော်လည်း ကျွန်ုပ်တို့မည်သည့်အတိုင်းအတာအထိ ထိုသူအား ပြောဆိုဝေငှရမည်ကို ဂရုပြုရမည်။ ပြဿနာ၏ပထမအဆင့်တွင်မူ ပြဿနာကို နှစ်ကိုယ်ကြား၌သာ ထားရှိရမည်။

ဤလုပ်နည်းလုပ်စဉ်အား လက်တွေ့ကျင့်သုံးခြင်းသည် အောင်မြင်မှုအတွက် အာမခံမဟုတ်ပါ။ "သူသည် သင်၏စကားကို နားထောင်လျှင် ညီအစ်ကို ကိုရပြီ" ဟူသောခရစ်တော်၏စကားအား သတိပြုပါ(မဿဲ၊ ၁၈း၁၅)။ "သူသည် သင်၏စကားကို နားထောင်လျှင်" ဟူသောစကားစုအရ ညီအစ်ကိုတိုင်းက နားထောင်ခြင်းမရှိကြမည်မှာ ထင်ရှားနေသည်။ "နားထောင်သည်" ဟူသော စကားလုံးတွင် အမှန်တရားတစ်ခုကို နားလည်သဘောပေါက်၍ အသက်တာ၌ ထိုအရာအား လက်တွေ့ကျင့်ကြံခြင်းဖြင့် အသက်တာအား ပြောင်းလဲခြင်းစသည်တို့ ပါဝင်ကြသည်။ ကျွန်ုပ်တို့၏ဖြေရှင်းချက်ကို ကြားနာရသော ညီအစ်ကိုတိုင်း အသက်တာကို ပြောင်းလဲ၍ အပြစ်တရားမှ လှည့်ပြန်လာကြမည် မဟုတ်ပါ။ အချို့သော ညီအစ်ကိုများက သူတို့၏စိတ်နှလုံးများကို မာကျောစေခြင်းဖြင့် ကျွန်ုပ်တို့အား ဆက်၍ ခုခံပြုကြသည်။ သို့သော် အကယ်၍ သူ နားထောင်လျှင် ထိုညီအစ်ကိုအား ကျွန်ုပ်တို့ရပြီဖြစ်သည်။ ကျွန်ုပ်တို့ ညီအစ်ကိုအား ရခြင်းဆိုရာတွင် အကြောင်းအရာအမျိုးမျိုး ရပါဝင်သည်။

ပထမအချက်မှာ "ညီအစ်ကိုကို ရပြီ" ဆိုရာတွင် ဘုရားသခင်နှင့်

သူ၏မိဿဟာယဖွဲ့ခြင်းအား နဂိုအခြေအနေသို့ ပို့ဆောင်ထားရှိခြင်းဖြစ်သည်။ သူ၏အပြစ်သည် ဘုရားသခင်နှင့် ဆက်ဆံရေးတွင် အဟန့်အတားဖြစ်နေသည်။ ရင်းနှီးမှုနှင့် မျှဝေခံစားခြင်းတို့အတွက် ဟန့်တားမှုတစ်ခုဖြစ်သည်။ ညီအစ်ကို တစ်ဦးအား ချည်းကပ်၍ သူ၏အပြစ်ကိုဖော်ပြသောအခါ၌ ဝမ်းသာစွာဖြင့် တုန့်ပြန်လျှင် ဘုရားသခင်နှင့် သူ၏ရင်းနှီးမှုနှင့် မိဿဟာယဖွဲ့ဖြစ်ခြင်းသည် မူလနေရာသို့ ပြန်လည်ရောက်ရှိလာမည်။

ဒုတိယအချက်၊ ကျွန်ုပ်၏ညီအစ်ကိုသည် ကျွန်ုပ်၏ပြောဆိုချက်ကို နားထောင်၍ဝမ်းသာစွာဖြင့် တုန့်ပြန်သောအခါ သူနှင့်ကျွန်ုပ်၏ဆက်ဆံရေးသည်လည်း မူလအတိုင်းဖြစ်လာသည်။ သခင်ယေရှု၏ရှင်းလင်းသော သွန်သင်ချက်ဖြစ်သည့် ပြဿနာကို နှစ်ကိုယ်ထားခြင်းကိုလိုက်နာမှုသာလျှင် အထက်ပါအရာများ အထမြောက်လာမည်။ ကျွန်ုပ်ညီအစ်ကို၏အပြစ်အား အသင်းတော်အတွင်းရှိ လူတစ်ဦးစီတိုင်းနှင့်ပြောဆိုဝေငှခြင်းလောက် ပြဿနာဖြစ်စေနိုင်သော အခြားအရာများရှိမည်မဟုတ်ပါ။ အကယ်၍ ဤပြဿနာ၌ကျွန်ုပ်၏ညီအစ်ကိုသည်သူ့အားလေးစား၍သူ၏ဂုဏ်သိက္ခာကို ငဲ့ကွက်သည့်အကြောင်း သိမြင်လာလျှင် ကျွန်ုပ်၏ စိတ်သဘောထားအမှန်ကို သိမြင်လာလိမ့်မည်။ ထိုသို့ဆိုလျှင် သူ၏နှလုံးသားအား အောင်နိုင်ပြီး ကျွန်ုပ်တို့နှစ်ဦးကြားရှိဆက်ဆံရေးကိုလည်း ပြန်လည်ရယူနိုင်ခြင်းဟူသော သဘောတရားဖြင့်သူ့အား အောင်နိုင်ပြီဖြစ်သည်။

နောက်ဆုံးအချက်၊ ကျွန်ုပ်၏ညီအစ်ကိုအား အပြစ်၌နစ်မြောသွားခြင်းမှ ကာကွယ်နိုင်ခဲ့ခြင်းဖြင့် သူ့အား အောင်နိုင်ပြီဖြစ်သည်။ ကျွန်ုပ်၏အမှားပြင်ဆင်ပေးချက်များက အပြစ်အားဆက်လက်ကျူးလွန်နေခြင်းနှင့် အသင်းတော်အတွင်းရှိ အခြားသူတို့အား ထိခိုက်နစ်နာစေ

ခြင်းမှသူ့အား ကာကွယ်နိုင်ခဲ့ပြီးဖြစ်သည်။

အခန်းငယ် ၁၈ တွင် သခင်ယေရှုမှ ကျွန်ုပ်တို့အား ပြစ်မှားသော သူအား လေးစားရန် ရှင်းလင်းစွာ သွန်သင်ထားသည်။ ကျွန်ုပ်တို့၏ ညီအစ်ကိုသည် ကျွန်ုပ်တို့အား ပြစ်မှားသောအခါ ထိုပြဿနာအား သိုသို သိပ်သိပ်ဖြေရှင်းရမည်။ သူ၏အပြစ်အား သူတပါးကို အသိပေးခြင်း(သို့) သူ့အားဆန့်ကျင်ရန်အတွက် အခြားသူများအား ကျွန်ုပ်တို့ဘက်၌ ပါလာရန် ကြိုးစားကြံစည်ခြင်းကို ရှောင်ကြဉ်တွန်းလှန်ကြရမည်။ ကျွန်ုပ် တို့အား ပြစ်မှာသောအပြစ်များကို သိုသိုသိပ်သိပ် မဖြေရှင်းလျှင် အခြား ပြဿနာများ ထွက်ပေါ်လာကြမည်။ ကျွန်ုပ်တို့၏ပြဿနာတွင် အခြား မဆိုင်သူများ ဝင်စွက်လာလျှင် အဖြေမှာ အကြီးအကျယ်ပျက်စီးခြင်းသာ လျှင်ဖြစ်မည်။ ဤကျမ်းပိုဒ်၌ရှိ ခရစ်တော်၏သွန်သင်ချက်သည် ကျွန်ုပ် တို့ ညီအစ်ကို၏ ဂုဏ်သိက္ခာအား မလိုအပ်သောထိခိုက်ခြင်းမျိုးမှ ကွယ်ကာပေးထားသည်။ အသင်းတော်အတွင်း စိတ်ဝမ်းကွဲခြင်းမှလည်း ကာကွယ်ပေးပြီး ခရစ်တော်၌ရှိသော ညီအစ်ကိုမောင်နှမများအား ပြန်လည် ပြုပြင်မွမ်းမံပေးမည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။

## ဆင်ခြင်သုံးသပ်ရန်အချက်များ

* ဓမ္မရာဇဝင်ပထမ ၂၅ ၌တွေ့ရသော နာဗလ၏ကဲ့ရဲ့စော်ကားခြင်း အပေါ်၌ ဒါဝိဒ်၏တုန့်ပြန်မှုကို ဆင်ခြင်သုံးသပ်ကြည့်ပါ။ ကျွန်ုပ် တို့အား ပြစ်မှားသောညီအစ်ကိုအား ဒါဝိဒ်၏တုန့်ပြန်မှုအတိုင်း ယနေ့တွင် ပြုလုပ်ရန်ကျွန်ုပ်တို့အတွက်ဖြစ်နိုင်ပါသလား။
* ကျွန်ုပ်တို့ညီအစ်ကို၏ အပြစ်အား ကျွန်ုပ်တို့နှင့် သူ၏ဂုဏ်သိက္ခာ ကိုထောက်ထားခြင်းကြား၌ ထိန်းထားရန် အဘယ်ကြောင့်အရေး

ကြီးသနည်း။ သူ၏အပြစ်အား လူသိရှင်ကြား ထုတ်ဖော်ခြင်း အတွက် ဖြစ်လာနိုင်သည့် ဆိုးကျိုးများက အဘယ်နည်း။

* ဘုရားသခင်၏ကျေးဇူးတော်နှင့် အပြစ်၌လဲပြိုသွားသော သူတို့အား စာနာထောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဤကျမ်းချက်မှ ကျွန်ုပ်တို့အားမည်သည့်အရာများသွန်သင်ပေးထားသနည်း။
* "ညီအစ်ကို ကိုရပြီ" ဆိုသည်မှာ အဘယ်နည်း။ သင်၏ ညီအစ်ကိုအား အနိုင်ရခဲ့သည့်အဖြစ်အပျက်တစ်ခုခုကို သင်ကြုံခဲ့ဘူးပါသလား။ ရှင်းပြပါ။

## ဆုတောင်းရန်အချက်များ

* သင့်အား ပြစ်မှားသော ညီအစ်ကို ကိုရှိသေလေးစားနိုင်ရန် ဘုရားသခင်၏ ကူညီမစမှုအတွက် တောင်းလျှောက်ပါ။ သင့်ညီအစ်ကိုက သင့်ထံ၌ ပြစ်မှားသော အပြစ်များအား အခြားသူများနှင့် ပေါ်ပေါ်ထင်ထင်ပြောဆိုဝေဌခြင်းကြောင့် သင့်ညီအစ်ကို၏ ဂုဏ်သိက္ခာအား ထိခိုက်စေသောလုပ်ရပ်အတွက် ဘုရားသခင်ထံ၌ အပြစ်ခွင့်လွှတ်ခြင်းကို တောင်းလျှောက်ပါ။
* သင်၏အပြစ်ဖော်ပြခြင်းကို ငြင်းဆန်ခဲ့သော ညီအစ်ကိုမောင်နှမ တစ်ဦးဦးကို သင်သိပါ သလား။ ထိုသူတို့အတွက် ဆုတောင်းပေးရန် အချိန်ယူလိုက်ပါ။ သူတို့၏နှလုံးသားကို ဖွင့်ချ၍ ကိုယ့်အပြစ်ကိုမြင်နိုင်ရန် ဘုရားသခင်ထံ တောင်းလျှောက်ပါ။
* ဘုရားသခင်သည် အပြစ်သားများအား ချစ်တော်မူသောကြောင့် သူ့အား ကျေးဇူးတင်လိုက်ပါ။ အပြစ်တရား၌လဲပြိုသွားကြသော သူများအား မလိုအပ်သော အတင်းအဖျင်းပြောခြင်းနှင့် ဂုဏ်အသ

ရေပျက်အောင်ပြောဆိုခြင်းတို့မှာ ကာကွယ်ပေးနေသော ထိုကျမ်းပိုဒ်ရှိ သခင်ယေရှု၏ သွန်သင်ချက်အတွက် သူ့အား ကျေးဇူးတင်လိုက်ပါ။

## ၄။
## သက်သေတစ်ဦး (သို့) နှစ်ဦး

*သို့မဟုတ် သင်၏စကားကို နားမထောင်လျှင် လူနှစ်ဦးသုံးဦး၊ သက်သေခံ၍ စကားရှိသမျှတို့ကို တည်စေခြင်းငှာ ကိုယ်နှင့်အတူ လူတစ်ဦး၊ နှစ်ဦးကိုခေါ်ဦးလော့ (မဿဲ၊ ၁၈း၁၆)။*

သခင်ယေရှုသွန်သင်ထားသည်မှာ ညီအစ်ကို တစ်ဦးက ကျွန်ုပ်တို့အား ပြစ်မှားသောအခါတွင် သိုသိုသိပ်သိပ်ဖြင့် သူ့အထံသို့သွား၍ သူ၏အပြစ်အား ဖော်ပြပြောဆိုရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်သောအခါတွင် အမြဲတမ်းအောင်မြင်မည်ဟုလည်း အာမခံထားခြင်းမရှိပါ။ ကျွန်ုပ်တို့၏ညီအစ်ကို (သို့) ညီအစ်မက နားထောင်ရန် ငြင်းဆန်နိုင်သည်။ ဤသို့ဖြစ်လာလျှင် နောက်တစ်ဆင့် မည်သို့ တက်လှမ်းရမည့်အကြောင်းအား မဿဲ ၁၈း၁၆ တွင် သခင်ယေရှုမှ သွန်သင်ထားပါသည်။

"သင်၏ စကားကိုနားမထောင်လျှင်" ဟူသောစကားစုအား ဂရုပြုပါ။ ညီအစ်ကိုထံ၌ သူ၏အပြစ်ကို ဖော်ပြခြင်းအား အကြိမ်မည်မျှ ပြုလုပ်ရမည်ကို ဖော်ပြထားခြင်းမရှိပါ။ ဤစကားစုကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ညီအစ်ကိုသည် ကျွန်ုပ်တို့၏ပြောဆိုချက်အား ပထမအကြိမ်တွင် နားထောင်လက်ခံရမည်ဟု မထင်မှတ်သင့်ပါ။ တစ်ခါတရံတွင် ဆုတောင်း၍ အချိန်ကောင်းကို စောင့်ပြီး ထိုညီအစ်ကိုထံသို့ထပ်၍ သွားသင့်သည်။ အခြေအနေတိုင်းသည် ကွဲပြားနေလင့်ကစား၊ ကျွန်ုပ်တို့ ညီအစ်ကို၏စိတ်နေသဘောထားအား ပြောင်းလဲရန် မဖြစ်နိုင်တော့သည့်အကြောင်းကို သတိပြုမိလာသောအချိန်နှင့် ကျွန်ုပ်တို့

သူတပါး၏အကူအညီအား လိုအပ်သောအချိန်ရောက်ရှိလာလိမ့်မည်။

"သင်၏စကားကို နားမထောင်လျှင်" ဟူသောစကားစုအား အတိအကျနားလည်ရန်မှာ မလွယ်ကူပါ။ ညီအစ်ကိုသည် ကျွန်ုပ်တို့၏ ပြောဆိုချက်အား နားထောင်ခြင်းမရှိသည့်အကြောင်းနှင့် ထိုအတွက် အကူအညီလိုအပ်သည့်အကြောင်းကို ကျွန်ုပ်တို့ မည်သို့သိနိုင်မည်နည်း။ လမ်းညွှန်ချက်လေးချက်အား အကြံပြုချင်သည်။

ပထမအချက်မှာ အကယ်၍ ကျွန်ုပ်တို့၏ညီအစ်ကိုသည် ကျွန်ုပ်တို့အား အချိန်ပေး တွေ့ဆုံရန် ငြင်းဆန်လျှင် ကျွန်ုပ်တို့အား နားမထောင်လိုသည့်အဖြစ်ကို သိနိုင်သည်။ သင်နှင့် တွေ့ဆုံရန် အတွက် သူ့အား ဖုန်းဆက်အကြောင်းကြားကောင်း ကြားခဲ့ပေလိမ့်မည်။ သို့သော် သင်နှင့် တွေ့ဆုံရန် အချိန်မပေးနိုင်ခြင်း (သို့) တွေ့ဆုံဖို့ ကြိုးစားရန် ဆန့်ကျင်နေပေလိမ့်မည်။ သူနှင့်တွေ့ဆုံရန် သင်၏ကြိုးစားမှုအား တသမတ်တည်း အထင်အမြင်သေးလျက် သူ့အား ပြောဆိုမည့်အရာများကိုလည်း ရှောင်ကြဉ်နေပေလိမ့်မည်။

ဒုတိယအချက်မှာ သင်၏ညီအစ်ကိုသည် သင်ပြောဆိုမည့်အရာများအား ငြင်းပယ်၍ သူ၏လုပ်ရပ်များအတွက် ရှင်းချက်ထုတ်နေလျှင် သင်၏ညီအစ်ကိုသည် သင့်စကား ကို နားမထောင်လိုသည့်အကြောင်းကို သိပါ။ သင့်ကိုသော်၎င်း၊ အခြားသူကိုသော်၎င်း၊ ပြန်လည်အပြစ်တင်နေပေလိမ့်မည်။ သင်နှင့်ပြဿနာအား သင်ယူဆပုံကို သဘောမတူဘဲ ရှိနေလိမ့်မည်။ သူ၏စိတ်နှလုံးကို တမင် မာကျောစေလျက် သင်၏ ယူဆချက်အား ဂရုမစိုက်ဘဲရှိနေပေမည်။ သင်၏ပြောဆိုချက်ကို ကြားနာခဲ့သော်လည်း လက်ခံရန် ငြင်းဆန်နေလိမ့်မည်။ သင်၏ပြောဆိုရှင်းပြချက်အား ကြားခဲ့သော်လည်း လက်ခံရန် ငြင်းဆန်နေသည့် အဖြစ်က သူသည် သင့်အားနားမထောင်လိုကြောင်းကို ပြနေသည်။

တတိယအချက်မှာ သင်ပြောဆိုရှင်းပြရန်ကြိုးစားနေသည့် အချက်အား နားမလည်လျှင်သူသည် သင်၏ပြောဆိုမှုကို နားမထောင်ပါ။ ကျွန်ုပ်တို့ညီအစ်ကိုသည် အမှန်တရားနှင့် သမ္မာကျမ်းစာ၏သတ်မှတ်ပြဌာန်းထားချက်အား အပြည့်အဝ နားမလည်သောအချိန်များရှိပေလိမ့်မည်။ သူ၏အပြုအမူများသည် အပြစ်ဖြစ်ကြောင်း သမ္မာကျမ်းစာက သွန်သင်ထားသည့်အတိုင်း သွန်သင်ရန် လိုအပ်နေခြင်းအား သူ သတိပြုမိမည်မဟုတ်ပေ။ သူ့အား သင်ပြောဆိုသောအခါ သူသည် ခုခံဆန့်ကျင်နေပေလိမ့်မည်။ ထိုသို့ပြုရသည့်အကြောင်းမှာ ခေါင်းမာချင်၍ မဟုတ်ဘဲ သမ္မာကျမ်းစာ၏ပြဌာန်းထားချက်များကို ဂရုမပြုမိသောကြောင့်ဖြစ်သည်။ "ခင်ဗျားဘာပြောချင်တာလဲဆိုတာ ကျွန်တော်နားမလည်ဘူး။ ကျွန်တော်လုပ်ခဲ့တဲ့ အရာနဲ့ပတ်သက်ပြီး မှားတယ်လို့မထင်မိဘူး။" ဟု သူပြောနေပေလိမ့်မည်။ သူနားမလည်နိုင်လောက်သော နည်းလမ်းဖြင့် သင်ပြောဆိုရှင်းမပြနိုင်သောကြောင့်လည်း ဖြစ်နိုင်သည်။ ဤပြဿနာအား ဖြေရှင်းမည်ဆိုလျှင် သင်၏ညီအစ်ကိုအား သမ္မာကျမ်းစာရှိ ဘုရားသခင်၏ ပြဌာန်းထားချက်များကို အပြည့်အဝနားလည်ရန် ကူညီပေးနိုင်သည့် အခြားသူတစ်ဦးကို သင်နှင့်အတူတကွ လိုက်ပါလာရန် လိုအပ်ပေလိမ့်မည်။

နောက်ဆုံးအချက်မှာ သင်၏ညီအစ်ကိုသည် ပြဿနာကို ဖြေရှင်းရန် ဘာမျှလုပ်ဆောင်ခြင်း မရှိလျှင် သင့်အားနားမထောင်လိုသည့် အဖြစ်ကို သိပါ။ သင်၏ညီအစ်ကိုသည် သင့်အား သူ၏အိမ်၌လှိုက်လှိုက်လှဲလှဲလက်ခံပြီး၊ သင်၏ပြောဆိုချက်များကို နားထောင်ပေးလိမ့်မည်။ ပြဿနာအား သူသတိပြုလာရန် ဖန်တီးခြင်းအတွက် သင့်အားကျေးဇူးတင်လျက် သူ၏အိမ်မှ သင်ထွက်ခွါချိန်တွင် အပြုံးမျက်နှာဖြင့် သင့်အားနှုတ်ဆက်ပေလိမ့်မည်။ သို့သော် ရက်များသာကုန်လွန်သွားသော် လည်း

သူ၏အပြုအမူမပြောင်းလဲကြောင်း သင်သိမြင်လာမည်။ အဖြစ်အပျက်များသည် ဖြစ်မြဲသာဖြစ်နေလိမ့်မည်။ ထိုသို့အသက်တာအပြုအမူ၌ မပြသသောအဖြစ်က သူသည် သင့်အား နားမထောင်ကြောင်း ပြသနေပေသည်။

ကျွန်ုပ်တို့ ညီအစ်ကိုသည် ကျွန်ုပ်တို့အား နားမထောင်သည့်အကြောင်းကို အသေအချာသိပြီးမှသာလျှင် ပြဿနာအားနောက်တဆင့်သို့ ယူဆောင်ဖြေရှင်းရမည်။ ဤအဆင့်တွင် သက်သေတစ်ဦး(သို့) နှစ်ဦးအား ရှာရမည်။ ကျွန်ုပ်တို့၏ ညီအစ်ကိုအား တွေ့ဆုံရန် ကျွန်ုပ်တို့နှင့်အတူ မည်သို့သောသူကို ခေါ်ဆောင်သွားရမည့်အရာကိုအထူးဂရုစိုက်ကြရမည်။

ကျွန်ုပ်တို့နှင့်အတူ ခေါ်ဆောင်သွားရမည့် သက်သေခံများ၏အရည်အချင်းနှင့်စပ်လျဉ်း၍ အခန်းငယ် ၁၆ တွင် ရှင်းရှင်းလင်းလင်းဖော်ပြမထားသော်လည်း ထိုပုဂ္ဂိုလ်ကိုရွေးချယ်ရာ၌ အထောက်အကူပြုပေးနိုင်မည့်လမ်းညွှန်ချက်များကို သမ္မာကျမ်းစာတွင် တွေ့ရသည်။

ပထမအချက်မှာ သင့်ညီအစ်ကိုထံသို့ သွားစဉ်တွင် သင်နှင့်တပါးတည်းခေါ်ဆောင်သွားရမည့် သက်သေခံမှာ ယုံကြည်သူတစ်ဦးဖြစ်ရမည်။ ဤအချက်မှာ ၁ကော၊ ၆ တွင် တွေ့ရသော တမန်တော်ပေါလု၏သွန်သင်ချက်တွင် အထင်အရှားတွေ့ရသည်။ ဤကျမ်းပိုဒ်တွင် ရှင်ပေါလုက ခရစ်ယာန်များအား ၎င်းတို့အချင်းချင်းကြားရှိ ပြဿနာများအား ဖြေရှင်းရန် မယုံကြည်သူများအား အသုံးပြုခြင်းအတွက်ပြစ်တင်ဝေဖန်ခဲ့သည်။

(၄) ထို့ကြောင့် သင်တို့သည် လောကီအမှုကို စီရင်စရာရှိလျှင် အသင်းတော်၌ အသရေနည်းသောသူတို့ကို တရားသူကြီးအရာ၌ ခန့်ထားကြလော။ (၅) ထိုသို့

ဆိုသော သင်တို့ ရှက်စေခြင်းငှာ ပြောဆို၏။ သင်တို့တွင် ပညာရှိ တစ်စုံတစ်ယောက်မျှ မရှိသလော။ ညီအစ်ကိုချင်း တို့၏အမှုကို စီရင်ဆုံးဖြတ်နိုင်သော သူတစ်စုံ တစ်ယောက် မျှ မရှိသလော။ (၆) ညီအစ်ကိုချင်းတို့သည် တရားတွေ့သည် သာမက၊ မယုံကြည်သောသူတို့ရှေ့၌ပင် တရားတွေ့ပါ သည်တကား (၁ကော၊ ၆း၄-၉)။

ပြဿနာများအား အသင်းတော်၏ဖြစ်တည်မှုအခြေအနေ အတွင်း၌ ဖြေရှင်းရန် ကျွန်ုပ်တို့အစွမ်းကုန် လုပ်ဆောင်ကြရမည်။ မယုံကြည်သူ၏အပြစ်တရားအား နားလည်ယူဆထားပုံနှင့် ကျွန်ုပ်တို့ ယူဆထားပုံမှာ အလွန်ကွာခြားပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ၄င်း၊ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ၄င်း ဦးဆောင်လမ်းပြခြင်းကို မခံခဲ့ကြရပါ။ ကျွန်ုပ်တို့နှင့်အတူတကွ ခေါ်ဆောင်သွားမည့် သက်သေခံမှာ သခင်ယေရှုနှင့် သူ၏နှုတ်ကပတ်တော်အား ချစ်မြတ်နိုးသောသူဖြစ်ပြီး၊ ဝိညာဉ်တော်၏လမ်းပြဦးဆောင်ခြင်းကို ခံရသောသူဖြစ်ရမည်။

ဒုတိယအချက်မှာ ကျွန်ုပ်တို့၏သက်သေခံမှာ အတင်းအဖျင်း မပြောတတ်သောသူဖြစ်ရမည်။ သုတ္တံ ၂၀း၁၉ ၏မြွက်ဆိုထားချက်အား နားဆင်ကြည့်ပါ။

လည်၍စကားများသောသူသည် လျှို့ဝှက်အပ်သောအရာကို ဖော်ပြတတ်၏။ သို့ဖြစ်၍ချော့မော့တတ်သောသူနှင့် မပေါင်း ဖော်နှင့်။

ဤထက်ပို၍ ရှင်းလင်းရန် မဖြစ်နိုင်တော့ပါ။ စကားအလွန်များ၍အတင်းအဖျင်းဖြန့်တတ်သောသူအား ရှောင်ရှားရမည်။ အဘယ့်ကြောင့်ဆိုသော် လျှို့ဝှက်ချက်များအား ပေါက်ကြားသွားစေနိုင်သော

ကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သက်သေခံသည့် ပြဿနာအား ကျွန်ုပ်တို့နှင့် ညီအစ်ကိုအကြား၌သာ အပ်၍ယုံကြည်နိုင်လောက်သော အမျိုးသား (သို့)အမျိုးသမီးတစ်ဦးဖြစ်ရမည်။ လျှို့ဝှက်ချက်ကိုထောက်ရှုခြင်းဖြင့် အတင်းအဖျင်းပြောတတ်သော ပုဂ္ဂိုလ်အား အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြရမည်။

တတိယအချက်မှာ ကျွန်ုပ်တို့၏သက်သေအဖြစ်ရပ်တည်ပေးမည့်သူသည် ဂုဏ်သိက္ခာ ရှိသော အမျိုးသား(သို့) အမျိုးသမီးတစ်ဦးဖြစ်ရမည်။ မလိုတမာစိတ်ရှိခြင်းနှင့် မှားယွင်းသောသက်သေကို ခံသောသူတို့အား ပြင်းပြင်းထန်ထန် ဆုံးမ ရန် မောရှေ၏ပညတ်တရားတွင် အတိအလင်းဖော်ပြထားသည်။

(၁၆) မမှန်သောသက်သေခံတစ်ယောက်သည် သူတစ်ပါး တဖက်၌ မမှန်သောသက်သေကို ခံလျှင်(၁၇) တရားတွေ့သောသူနှစ်ယောက်တို့သည်ထာဝရဘုရားရှေ့တော်သို့၎င်း၊ ထိုကာလ၌ရှိသော ယဇ်ပုရောဟိတ်၊ တရားသူကြီးရှေ့သို့ ၎င်း လာသဖြင့် ၊ (၁၈) တရားသူကြီးတို့သည် စေ့စေ့ စစ်ကြော၍ ထိုသက်သေခံသောသူသည် မိမိအဖော် တဘက်၌ မမှန်သော သက်သေကိုခံပြီးလျှင်၊ (၁၉) မိမိ အဖော်၌ပြုမည်ဟု အကြံရှိသည်အတိုင်း သူ၌ပြုရမည်။ ဒုစရိုက်အပြစ်ကို သင်တို့အထဲက ထိုသို့ပယ်ရှားရမည် (တရားဟောရာ၊ ၁၉း၁၆-၁၉)။

သက်သေခံအဖြစ် သင်ခေါ်လာသောသူသည် ရိုးသား၍ ဖြောင့်မတ်သောသူအဖြစ် လူအများက သိရှိထားသောသူဖြစ်ရမည်ဖြစ်သည်။ သူ၏စကားများအား အသင်းတော်မှ ယုံကြည်လက်ခံသော ပုဂ္ဂိုလ်မျိုးဖြစ်ရမည်။ ဤသို့သောသက်သေခံသည် အမှန်တရားကို ပုံပျက်စေ

သောသူမဟုတ်၊ မလှည့်စားတတ်သောသူဖြစ်၍ အမှန်အတိုင်း ရှင်းရှင်းလင်းလင်း ပြောဆိုတင်ပြတတ်သောသူဖြစ်သည်။

နောက်ဆုံးအချက်မှာ သက်သေခံသည် ဘက်မလိုက်တတ်သောသူဖြစ်ရမည်။ ဘုရားသခင်သည် ဘက်မလိုက်တတ်သောတရားစီရင်သူတစ်ဦးဖြစ်ကြောင်း ရှင်ပေတရုက ဖော်ပြထားသည်။

> လူမျက်နှာကိုမငဲ့၊ ခပ်သိမ်းသောသူတို့၏အကျင့်အတိုင်း၊ စီရင်တော်မူသော ခမည်းတော်ကို သင်ကိုးကွယ်သည်အလျောက်၊ သင်ကြောက်ရွံ့သောစိတ်နှင့် လောကည့်သည်အဖြစ် အသက်ရှင်လော့ (၁ပေ၊ ၁း၁၇)။

မောရှေ၏ပညတ်တရားကလည်း ဘုရားသခင်၏လူမျိုးတော်တို့သည် မျက်နှာလိုက်ခြင်းအပြုအမူအား မပြုလုပ်ကြရန် ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။

> "တရားတွေ့သည်အမှုမှာ မတရားသဖြင့် မစီရင်ရ။ ဆင်းရဲသောသူဘက်၌ မငဲ့ကွက်၊ ကြီးသောသူ၏မျက်နှာကို မထောက်ဘဲ၊ ကိုယ်အမျိုးချင်းကိုတရားသဖြင့်စီရင်ရမည်(ဝတ်ပြုရာ၊ ၁၉း၁၅)။

ဖော်ပြပါကျမ်းချက်များမှ ပြောဆိုထားသောအချက်မှာ ကျွန်ုပ်တို့ရွေးချယ်ထားသော သက်သေခံသည် ဘက်မလိုက်တတ်သောသူဖြစ်ရမည်။ သင်နှင့်သင့်ညီအစ်ကိုကြား၌ ပြဿနာအား စမ်းစစ်ရန် ရောက်လာသောသူဖြစ်ပြီး နှစ်ဘက်လုံးအတွက် သက်သေခံတစ်ဦးဖြစ်ရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ညီအစ်ကိုအား ကုစားခြင်းနှင့် ပြန်လည်မွမ်းမံခြင်းတွင် သက်သေခံများ၏ ကဏ္ဍများ အလွန်အရေးပါသည်။ သူတို့ ပြုလုပ်ရမည့်ကဏ္ဍများရှိသည်။

ပထမမှာ သူတို့သည် ဘက်မလိုက်သော စီရင်သူများဖြစ်ကြ

သည်။ ဆိုလိုသည်မှာ သူတို့သည် ပြဿနာကို စစ်ဆေးသောအခါ သင့်ကိုလည်း အပြစ်တင်ကောင်းတင်ခဲ့ကြလိမ့်မည်။ သင်သည် ပြဿနာအား မှားယွင်းစွာ အထောက်မခြင်း (သို့) သင်သည် သင့်ညီအစ်ကိုအပေါ်၌ မလျော်ကန်စွာ ကျင့်ကြံခဲ့ခြင်းများအား ပြန်လည် ထောက်ပြကြပေလိမ့်မည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့၏ စီရင်ချက်များသည် မကြည်မလင်ဖြစ်လာခဲ့ကြသည်။ သက်သေခံများသည် ကျွန်ုပ်တို့အား ဒုတိယရွေးချယ်ခွင့်ကို ပေးသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ထင်မှတ်ထားချက်အား အတည်ပြုပေးမည်။ သို့တည်းမဟုတ် မှားယွင်းကြောင်း ထောက်ပြမည်။ ညီအစ်ကိုသည် သူ့အပြစ်ကို ဖော်ပြခြင်းအမှုသည် ကျွန်ုပ်တစ်ဦးတည်း၏ အယူအဆမဟုတ်ဘဲ၊ သက်သေခံ၏သုံးသပ်မှုလည်းဖြစ်သည့်အကြောင်းကို နားလည်သဘောပေါက်လာပြီး စိတ်ပြောင်း၍ နောင်တရနိုင်သည်။

သက်သေခံ၏ဒုတိယကဏ္ဍမှာ ပါးနပ်သောအကြံပြုတိုက်တွန်းသူ အဖြစ်ရပ်တည်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ပြဿနာများကို ဖြေရှင်းရန် တစ်ခါတရံတွင် အကူအညီလိုအပ်ကြသည်။ ပြဿနာ၏အဖြေအတွက် ညီအစ်ကို(သို့)ညီအစ်မများ၏ အကြံပြုချက်များကို ကျွန်ုပ်တို့လိုအပ်ကြသည်။

သက်သေခံသည် ကျွန်ုပ်နှင့်ညီအစ်ကိုကြား၌ ရပ်တည်လျက် ပြန်ဖြေပေးသူတစ်ဦးအဖြစ် ကျွန်ုပ်တို့၏ပြဿနာကို ဖြေရှင်းရန် ကူညီပေးနိုင်သည်။ ကျွန်ုပ်တို့၏ကြမ်းတမ်း၍ အပြစ်တင်တတ်သောအပြုအမူများသည် ကျွန်ုပ်တို့ညီအစ်ကိုတို့အား အဖြစ်မှန်ကို သိမြင်နိုင်ခြင်းမှ ဟန့်တားနိုင်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုသည် ကျွန်ုပ်တို့နှစ်ဦးကြားရှိ ပြဿနာထက် ပထမဦးစွာဖြေရှင်းရန်လိုအပ်သောအခြားပြဿနာများနှင့် ရင်ဆိုင်ကောင်းရင်ဆိုင်နိုင်သည်။ ပါးနပ်သော အကြံပြုတိုက်တွန်း

သူဖြစ်သောသက်သေခံသည် ဤပြဿနာများအား ဖော်ထုတ်၍ ပြဿနာအဖြေအား ရှာကြံခြင်းဖြင့် ကျွန်ုပ်တို့ကို ကူညီနိုင်ပါသည်။

သက်သေခံသည် ဓမ္မဆရာတစ်ဦးဖြစ်နိုင်သည်။ သမ္မာကျမ်းစာနှင့် စပ်လျဉ်းသည့်နားလည်သဘောပေါက်မှုများ မရှိခဲ့လျှင်သက်သေခံသည် ညီအစ်ကိုအား သမ္မာကျမ်းစာ၏သွန်သင်ချက်များဖြင့် သွန်သင်ပေးနိုင်သည်။ ဤအရာမှာ တစ်ထိုင်တည်းနှင့် ပြီးမြောက်နိုင်သော အရာမဟုတ်ပါ။ သက်သေခံသည် ကျွန်ုပ်တို့ ညီအစ်ကိုအား တပည့်တော်အဖြစ်မွေးမြူခြင်းနှင့် သွန်သင်ပေးခြင်းတို့အတွက် ရက်သတ္တပတ်အနည်းငယ်လိုအပ်ပေလိမ့်မည်။ အပြစ်ပြုသော ညီအစ်ကိုအား ဘုရားသခင်၏နှုတ်ကပတ်တော်ရှိ သွန်သင်ချက်များအားဖြင့် နားလည်ခြင်းအမှုကို ပေးလျက် အမြင်မှန်ရလာစေရန်မှာ ကျွန်ုပ်တို့၏ရည်ရွယ်ချက်ဖြစ်သည်။

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့သတိပြုရမည့်အခြားအချက်များ ရှိနေပါသေးသည်။ ကျွန်ုပ်တို့ညီအစ်ကိုအား သွားတွေ့ရန် သက်သေခံတစ်ဦး (သို့) နှစ်ဦးအားခေါ်ဆောင်သွားရမည်ဟူသော သခင်ယေရှု၏သွန်သင်ချက်တွင် ထိုသက်သေခံချက်အား တစ်ကြိမ်တည်းနှင့် အားလုံးကိုခေါ်ဆောင်သွားရမည်ဟု ပြောဆိုမထားပါ။ သင်သည် သက်သေခံတစ်ဦးနှင့် သွား၍ သင်၏ညီအစ်ကိုအားတွေ့ဆုံသောအခါတွင်သူသည် သင်တို့နှစ်ဦးလုံးအား ငြင်းပယ်မည့်အဖြစ်ကို ခဏတာခဏတွေးကြည့်ပါ။ ပထမသင်ခေါ်သွားသော သက်သေခံသည် သင်တို့၏ပြဿနာကို မဖြေရှင်းပေးနိုင်ခဲ့လျှင် သူသည် သင့်အတွက် ဒုတိယသက်သေခံကို အကြံပြုပေးနိုင်သည်။ ကျွန်ုပ်တို့ညီအစ်ကို၏ ပြဿနာမှာ သမ္မာကျမ်းစာဗဟုသုတနည်းသော ပြဿနာဖြစ်ကြောင်း ပထမသက်သေခံမှ တွေ့မြင်ခဲ့လျှင် နှုတ်ကပတ်တော်အားဖြင့် သွန်သင်ပေးနိုင်သော ဒုတိယသက်သေခံက သင့်အား အကြံပြုပေးနိုင်လိမ့်မည်။ ကျွန်ုပ်တို့၏ဒုတိယသက်သေခံသည်

ကျွန်ုပ်တို့၏ညီအစ်ကို ကို တပည့်တော်အဖြစ်သို့ လှမ်းစေနိုင်မည်ဖြစ်ပြီး၊ ဘုရား သခင်၏ပြဋ္ဌာန်းချက်များ ပိုမိုရှင်းလင်းစွာ နားလည်နိုင်ခြင်းအမှုကို ပေးကမ်းနိုင်မည်ဖြစ်သည်။ ဤဖြစ်စဉ်အတွက် ရက်သတ္တပတ်(သို့) လပေါင်းများစွာ ကျွန်ုပ်တို့၏ညီအစ်ကိုနှင့်အချိန်အသုံးပြုရမည်။ မူလ အခြေအနေသို့ ရောက်ရန် မွမ်းမံခြင်းအား ကျွန်ုပ်တို့ ရှာကြံနေကြသည့် အလျောက်၊ စိတ်ရှည်သည်းခံခြင်းကိုလည်း ကျင့်ကြံကြရန် လိုအပ်သည်။

အခန်းငယ် ၁၆ တွင် အချိန်ကာလသတ်မှတ်ခြင်း မျိုးမရှိသော ကြောင့် ကျွန်ုပ်တို့ညီအစ်ကို၏တုန့်ပြန်မှုနှင့် စပ်လျဉ်း၍ကျွန်ုပ်တို့ သက်သေခံများနှင့် သဘောတူကြရမည်မှာ အထင်အရှားပင်ဖြစ်သည်။ သက်သေခံနှစ်ဦး(သို့)သုံးဦး၏ထွက်ဆိုချက်အပေါ်၌ ဤပြဿနာအား "တည်"စေရမည်။ "တည်စေသည်"ဟူသော စကားလုံးသည် တစ်စုံတရာ အား အခိုင်အမာဖြစ်စေ၍ သေချာစေခြင်း အဓိပ္ပါယ်မျိုးကို ဆောင်သည်။ တနည်းအားဖြင့်ဆိုလျှင် နောက်တဆင့်မတက်မီ လက်ရှိအခြေအနေနှင့် အကြောင်းအရာများတို့အား သေချာနိုင်သမျှ သေချာအောင်အတတ်နိုင် ဆုံးကြိုးစားကြရမည်။

ဤကျမ်းပိုဒ်အားဖြင့် အထင်အရှားသိရသည့်အချက်မှာ ကျွန်ုပ် တို့ညီအစ်ကို၏အပြစ်အား လူတိုင်းသိလာစေရန်ဖြစ်သည်။ ကျွန်ုပ်တို့၊ ကျွန်ုပ်တို့၏ညီအစ်ကိုနှင့် သက်သေခံများသာ ဤပြဿနာကိုသိရမည်။ ကျွန်ုပ်တို့ညီအစ်ကို၏ဂုဏ်သိက္ခာကိုစောင့်ထိန်းပြီး၊ ပြဿနာကို ကူညီ ဖြေရှင်းရန်အတွက် သူ့အားသိုသိုသိပ်သိပ် အကူအညီပေးရမည်။ ဤအဆင့်တွင် ပြဿနာအားခေါင်းဆောင်များက မသိရှိသေးသော ကြောင့် အသင်းတော်မှ အရေးယူအပြစ်ပေးခြင်း မရှိခဲ့သေးပေ။ နောက်တဆင့် မတက်မီ ကျွန်ုပ်တို့ညီအစ်ကိုအား ကူညီရန် အခွင့်အရေး များပေးရမည်။ "ကျွန်ုပ်တို့ညီအစ်ကိုအားစကားပြောခြင်း" သည်

တယ်လီဖုန်းပေါ်မှ နှစ်မိနစ်ခန့်ကြာသောစကားပြောဆိုခြင်းထက် အချိန်ပို၍ပေးရလိမ့်မည်။ မဿဲ ၁၈း၁၆ ရှိ သခင်ယေရှု၏သွန်သင်ချက်အား လိုက်လျောက်ကျင့်သုံးမည်ဆိုလျှင် အချိန်ကာလတစ်ခုအထိ အပတ်တကုတ်ကြိုးစားအားထုတ်ခြင်း၊ တပည့်တော်ပြုလုပ်ခြင်း၊ သက်သေခံအဖွဲ့ငယ်လေးတစ်ခုနှင့် အတူတကွ ဆုတောင်းခြင်းတို့ လိုအပ်မည်ဖြစ်သည်။ ဤအမှု၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ညီအစ်ကိုက သူ၏အပြစ်များအား သတိပြုမိလာပြီး၊ သူ၏ဂုဏ်သိက္ခာအား ထိခိုက်ခြင်း၊ တစ်စုံတရာမျှ မရှိဘဲ သခင်ကိုယ်တော်နှင့် ၎င်း၊ အသင်းတော်နှင့်၎င်း၊ မိဿဟာယဖွဲ့ခြင်းကို မူလအခြေအနေသို့ ရောက်ရန် မွမ်းမံပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုအား သူ၏မူလအခြေအနေသို့ ပြန်ရောက်ရန်အတွက် ကျွန်ုပ်တို့ ရွေးချယ်သော သက်သေခံများသည် ကျွန်ုပ်တို့နှင့်အတူတကွ အလုပ်လုပ်လိုသောသူဖြစ်ရမည်။

**ဆင်ခြင်သုံးသပ်ရန်အချက်များ**

ကျွန်ုပ်တို့၏ညီအစ်ကိုအား သူ၏အပြစ်များကို ဖော်ပြသောအခါတွင် ကျွန်ုပ်တို့၏ ပြောဆိုချက်များကို နားမထောင်ကြောင်း မည်သို့ သိနိုင်မည်နည်း။

* ကျွန်ုပ်တို့ခေါ်ဆောင်သွားရမည့်သက်သေခံ၏ အရည်အချင်းများကား အဘယ်နည်း။ သက်သေခံများသည် ကျွန်ုပ်တို့ဘက်၌သာ ရပ်တည်နေကြလျှင် မည်သို့သောစုံစမ်းခြင်းများဖြစ်နိုင်မည်နည်း။
* သက်သေခံ၏ အလုပ်ကဏ္ဍမှာ အဘယ်နည်း။ ကျွန်ုပ်တို့နှင့် ညီအစ်ကိုကြားရှိပြဿနာကို ဖြေရှင်းရန် သက်သေခံသည် မည်သို့ အကူအညီပေးနိုင်မည်နည်း။
* ဤအခန်းတွင် ကျွန်ုပ်တို့ညီအစ်ကိုအား မူလအခြေအနေသို့ ပြန်

ရောက်ရန် ဖေးမပေးခြင်းအမှုတွင် လိုအပ်သောကြိုးစားအား ထုတ်မှုများအကြောင်း မည်မျှသင်ယူခဲ့ရသနည်း။ သင်၏ ညီအစ်ကို (သို့) ညီအစ်မအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် လုပ်ဆောင်မှုတွင်လိုအပ်သောကြိုးပမ်းအားထုတ်မှုများကို ပေးဆပ်ရန် သင်လိုလိုလားလား ရှိနေပါသလား။

**ဆုတောင်းရန်အချက်များ**

* ဘုရားသခင်သည် ကျွန်ုပ်တို့အား အရေးယူအပြစ်မပေးမီနောင်တရရန်အခွင့်အရေးများ ပေးအပ်ထားခြင်းအတွက်ကျေးဇူးတင်ပါ။
* သင်၏စကားကို နားထောင်ရန် ငြင်းပယ်သောညီအစ်ကိုတစ်ဦး၏ ပြစ်မှားခြင်းကို သင်ခံဘူးပါသလား။ သင်၏ညီအစ်ကို အား မူလအခြေအနေသို့ ဆောင်ယူရန် အမှုအား ဖော်ဆောင်ရာ၌ မှန်ကန်သောသက်သေခံများအားရရှိရန် သခင်ကိုယ်တော်အား တောင်းလျှောက်ပါ။
* သင်၏ညီအစ်ကို(သို့)ညီအစ်မီအား မူအခြေအနေသို့ ဆောင်ယူရန် လုပ်ဆောင်စဉ်ကာလတွင် သစ္စာရှိရှိလုပ်ဆောင်နိုင်ရန် စိတ်ရှည်သည်းခံမှုကို သင့်အားပေးရန် တောင်းလျှောက်ပါ။
* သင်၏ညီအစ်ကို (သို့) ညီအစ်မအား ခရစ်တော်၏ခန္ဓာကိုယ်နှင့် မိဿဟာယဖွဲ့ခြင်းမှ ဟန့်တားနေသော သင်၏အမှားများကို ဖော်ပြရန် ဘုရားသခင်ထံ၌ ဆုတောင်းပါ။

## ၅။
## အသင်းတော်အား ကြားပြောလော့။

*ထိုသူတို့၏စကားကိုနားမထောင်လျှင် အသင်းတော်အား ကြားပြောကြလော့ (မဿဲ၊ ၁၈း၁၇)။*

ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့ညီအစ်ကို၏အပြစ်များကို ကိုင်တွယ်ဖြေရှင်းရာ၌ ပါဝင်မည့်သက်သေခံများ၏ အလုပ်နှင့်တာဝန်ဝတ္တရားများအား လေ့လာစမ်းစစ်ခဲ့ကြပြီးဖြစ်သည်။ အခန်းငယ် ၁၇ သည် "ထိုသူတို့၏စကားကို နားမထောင်လျှင်" ဟူသောစာကြောင်းဖြင့် အစပြုထားသည်။ တဖန် ဤကျမ်းပိုဒ်က လူ့သဘာဝအားဖြင့်ဆိုလျှင် ဘယ်အရာမှ အာမခံချက်မရှိကြောင်း ကျွန်ုပ်တို့အား ထပ်လောင်း၍ သတိပေးထားသည်။ သက်သေခံများ၏ အပတ်တကုတ်ကြိုးစားအားထုတ်မှုကြားမှာပင် ထိုအမှားပြင်ပေးမှုအပေါ်၌ ကျွန်ုပ်တို့၏ ညီအစ်ကိုသည်စိတ်နှလုံးမာကျောလျက်ပင် ရှိနေနိုင်သည်။ ထိုသို့ဖြစ်လာလျှင် ဤပြဿနာအား အသင်းတော်အား ကြားပြောခြင်းဟူသော နောက်တဆင့်သို့ ယူဆောင်သွားရမည်ဟု သခင်ယေရှုက သွန်သင်ထားသည်။

အသင်းတော်ဆိုသည်မှာ အဘယ်နည်း။ အလွန်ရိုးစင်းပါသည်။ အသင်းတော်ဆိုသည်မှာ သခင်ယေရှုအား သူတို့၏အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံထားကြသော ကမ္ဘာအနှံ့ရှိ လူအုပ်စုအဖွဲ့ဖြစ်သည်။ ဤအရာကို လူသားအားလုံးနှင့်ဆိုင်သော အသင်းတော်ဟု သိထားကြသည်။ ပို၍တိတိကျကျဆိုရလျှင် အသင်းတော်ကို သတ်မှတ် ထားသောဒေသတစ်ခု၌ဆုံတွေ့ကြသော ယုံကြည်သူများ၏ ဒေသန္တရအဖွဲ့အစည်းတစ်ခုအဖြစ်လည်းအနက်ဖွင့်ဆိုနိုင်သည်။

ဤကျမ်းချက်တွင် သခင်ယေရှုသည် ကျွန်ုပ်တို့ညီအစ်ကိုနှင့်သက်ဆိုင်သော ယုံကြည်သူများ၏ ဒေသန္တရအဖွဲ့အစည်းကို ပြောဆိုနေကြောင်း ကျွန်ုပ်တို့မှတ်ယူ၍ရပါသည်။

တမန်တော်တို့၏ ခေတ်ကာလတွင် သတ်မှတ်ထားသော နယ်မြေဒေသတစ်ခု၌ ဒေသန္တရအသင်းတော်တစ်ခုသာ အများအားဖြင့် ရှိခဲ့သည်။ သို့သော် ယနေ့တွင်မူ မြို့လေးမြို့(သို့) မြို့ကြီးအချို့တွင် အသင်းတော်များစွာရှိနိုင်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ညီအစ်ကိုသည် အခြားအသင်းတော်တစ်ခုနှင့် သက်ဆိုင်မှုရှိနိုင်သည်။ အကယ်၍ ကျွန်ုပ်တို့၏ညီအစ်ကိုသည် ကျွန်ုပ်တို့နှင့်အသင်းတော်ချင်း မတူခဲ့လျှင် သင်မည်သို့ပြုလုပ်မည်နည်း။ သူ၏အပြစ်နှင့် စပ်လျဉ်း၍ မည်သည့် အသင်းတော်အား သင်ချဉ်းကပ်သင့်သနည်း။ အကယ်၍ ဖြစ်နိုင်လျှင် ကျွန်ုပ်တို့ညီအစ်ကို၏အပြစ်အား သူနှင့်ပတ်သက်သော အသင်းတော်မှ ကိုင်တွယ်ဖြေရှင်းသင့်သည်။ ဆိုလိုသည်မှာ သင်နှင့် သင်၏ သက်သေခံများသည် သင့်ညီအစ်ကို၏အသင်းတော်မှ ခေါင်းဆောင်များနှင့် ပြဿနာအားဖြေရှင်းရန် မည်သည့်အဆင့်များ ပြီးမြောက်ခဲ့သည့် အကြောင်းအား ပြောကြားဆွေးနွေးရန်လိုအပ်သည်။

ကျွန်ုပ်တို့ခေတ်ရှိအခြားပြဿနာတစ်ခုမှာ ယုံကြည်သူများစွာသည် မည်သည့်ဒေသန္တရအသင်းတော်နှင့်မျှ အမှန်တကယ် မပတ်သက်ခြင်းဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့၏ညီအစ်ကိုသည် ဒေသန္တရအသင်းတော်တစ်ခုခုနှင့် ဆက်နွယ်ပတ်သက်ခြင်းမရှိခဲ့ လျှင် ကျွန်ုပ်တို့ မည်သို့ပြုလုပ်ကြရမည်နည်း။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ဖြေရှင်းချက်နှစ်ခုရှိနိုင်သည်။

အကယ်၍ သင်၏ညီအစ်ကိုသည် ဒေသန္တရ အသင်းတော် တစ်ခုသို့ (အသင်းဝင်မဟုတ်သော်လည်း) တက်ရောက်လျှင်၊ ထို

အသင်းတော်၏ ဦးစီးဦးဆောင်များအား ချဉ်းကပ်၍ထိုပြဿနာအား ကိုင်တွယ်ဖြေရှင်း ရန် တောင်းဆိုရမည်။ အကယ်၍ သင့်ညီအစ်ကိုသည် ဒေသန္တရ အသင်းတော်တစ်ခုခု၌မတက်ရောက်ခဲ့လျှင်၊ သင် အသင်းတော်ရှိ ဦးစီး ဦးဆောင်များထံသွား၍ သူတို့၏အကြံပေးချက်ကို ရှာကြံရန် လိုအပ်မည်။ သူတို့သည် သင့်အခြေအနေကို စမ်းစစ်သိရှိပြီး၊ သင့်ကိုယ်စား သင်၏ညီအစ်ကိုချဉ်းကပ်၍ သူ၏အပြစ်ကိုဖော်ပြ နိုင်သည်။

"အသင်းတော်အား ကြားပြောလော့။" ဟူသောစကားစုမှ အခြား အရေးကြီးသောမေးခွန်းတစ်ခု ထွက်ပေါ်လာပြန်သည်။ ထိုမေးခွန်းမှာ "ကြားပြောလော့" ဟူသောအမှုအား မည်သို့ဖော်ဆောင် ပြီးမြောက်စေသင့်သနည်းဟူသော အကြောင်းအရာနှင့်ဆက်နွယ် နေသည်။ တစ်ခုသော တနင်္ဂနွေနေ့၌ အသင်းတော်သို့ ရောက်လာသော ပြစ်မှားခံရသောအဖွဲ့သည် ညီအစ်ကို၏အပြစ်အား အစည်းအဝေး၌ လူသိ ရှင်ကြား ကြေငြာသင့်သလော။ ဤသို့ပြုလုပ်ခြင်း သည် အလွန် မသင့်လျော်ပါ။ ကျွန်ုပ်တို့ညီအစ်ကိုအား ကြားနာ စစ်ဆေးခြင်းနှင့် သက်သေခံများ၏ထွက်ဆိုချက်အား အသင်းတော်မှ လုပ်ဆောင်ရန် အခွင့်မရမီ ထိုညီအစ်ကိုအား လူသိရှင်ကြားစွပ်စွဲပြောဆိုခြင်းသည် မှားယွင်းသောလုပ်ရပ်ဖြစ်ပါလိမ့်မည်။ ပြဿနာအကြောင်းအရာများနှင့် တကွ အသင်းတော်၏ခေါင်းဆောင်များအား ချဉ်းကပ်ခြင်းသည် အကောင်းဆုံးဖြေရှင်းချက်ဖြစ်ပါလိမ့်မည်။ ထိုအခါအသင်းတော် ကိုယ်စားရပ်တည်သော ခေါင်းဆောင်များမှ စွပ်စွဲချက်အား စဉ်းစား သုံးသပ်ကာ သင့်လျော်သောလုပ်ဆောင်မှုအား ဆုံးဖြတ်ပေးမည်ဖြစ် သည်။

ညီအစ်ကိုနှစ်ဦးကြားရှိ ပြဿနာအား အသင်းတော်သို့ အဘယ့်

ကြောင့်ယူဆောင်လာသင့်သနည်း။ ဤလေ့လာခြင်းနှင့် စပ်လျဉ်း၍ ၁ကော၊ ၆ အား အဖန်ဖန်ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအရေးပါသော ကျမ်းပိုဒ်တွင် ရှင်ပေါလု၏ မိန့်ဆိုချက်အား တဖန်နားထောင်ကြည့်ပါ။

(၂) သန့်ရှင်းသူတို့သည် လောကီနိုင်ငံကို တရားစီရင်မည်ဟု မသိကြသလော။ သူတို့သည် လောကီနိုင်ငံကို စီရင်သည်မှန်လျှင် အငယ်ဆုံးသောအမှုများကို မစီရင်ထိုက်သလော။ (၃) ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိကြသလော။ သို့ဖြစ်၍ လောကီအမှုကိုစီရင်ထိုက်သည်မဟုတ်လော။ (၄) ထို့ကြောင့် သင်တို့သည် လောကီအမှုကို စီရင်စရာရှိလျှင် အသင်းတော်၌ အသရေနည်းသောသူတို့ကို တရားသူကြီးအရာ၌ ခန့်ထားကြလော့ (၁ကော၊ ၆း၂-၇)။

ခရစ်တော်၌တည်နေကြသော ညီအစ်ကိုများနှင့် ညီအစ်မများကြား၌ ရှိသောပြဿနာများကို စီရင်ဆုံးဖြတ်ရန် ဘုရားသခင်သည် အသင်းတော်အား အခွင့်အာဏာပေးအပ်ထားခဲ့သည်။ တမန်တော် ၁၅ တွင် အသင်းတော်အတွင်း၌ အရေဖျားလှီးမင်္ဂလာခံခြင်းနှင့် ပတ်သက်သော ငြင်းပွားမှုပေါ်ပေါက်ခဲ့စဉ်က အန္တိအုတ်မြို့ရှိ ဒေသန္တရအသင်းတော်သည် အသင်းတော်ခေါင်းဆောင်များ၏စီရင်ဆုံးဖြတ်မှုအား ကြားနာရန် ရှင်ပေါလုနှင့် ဗာနဗတို့အား ယေရုရှလင်မြို့သို့ စေလွှတ်ခဲ့ကြသည်။

(၁) ယုဒပြည်မှာ အန္တိအုတ်မြို့သို့ ရောက်လာသော သူအချို့တို့က သင်တို့သည် မောရှေ၏တရားအတိုင်း အရေဖျားလှီးခြင်းကို မခံလျှင် ကယ်တင်တော်မူခြင်းသို့ မရောက်နိုင်ဟု ညီအစ်ကိုတို့အား ဆုံးမသြဝါဒပေးကြ၏။ (၂) ထိုသူတို့နှင့် ပေါလု၊ ဗာနဗတို့သည် ဆွေးနွေးငြင်းခုန်

ခြင်းများသောအခါ ပေါလုနှင့်ဗာနဗတို့သည် အခြားသော တပည့်တော်အချို့တို့နှင့် တကွ ထိုပြဿနာ၏အကြောင်း ကြောင့် ယေရုရှလင်မြို့၌ ရှိသော တမန်တော်တို့နှင့် သင်းအုပ်တို့ထံသို့ သွားရမည်အကြောင်းကို စီရင်ကြ၏ (တမန်တော်၊ ၁၅း၁-၂)။

ထွက်မြောက်ရာ ၁၈း၁၃ တွင်လည်း ဘုရားသခင်၏ကိုယ်စားပြု သဖွယ်ဖြစ်သော မောရှေသည် သူ၏နေ့ရက်ကာလ၌ ညီအစ်ကို မောင်နှမများကြား၌ ပေါ်ထွက်လာသော ပြဿနာအဖုံဖုံကို ကြားနာ စီရင်ရန် "နံနက်မှစ၍ ညဉ့်ဦးတိုင်အောင်" ထိုင်ခဲ့သည်ဟု ဖော်ပြထား သည်။ ဘုရားသခင်သည် သူ၏ကိုယ်စားအဖြစ်ရပ်တည်ကြရန် အသင်း တော်ခေါင်းဆောင်များအား အထူးအခွင့်အာဏာပေးထားသည်။

ယာကုပ် ၅း၁၄-၁၅ ၌လည်း အသင်းတော်အတွက် ဒဏ်ရာ ကုစားခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းအတွက် ခေါင်းဆောင်များ၏ ဆုတောင်းသံကို ဘုရားသခင်နားညောင်းသည့်အကြောင်း ဖော်ပြ ထားသည်။

(၁၄) နာသောသူရှိလျှင် သင်းအုပ်တို့ကိုခေါ်၍ သူတို့ သည် ဘုရားသခင်၏ နာမတော်ကို အမှီပြုလျက် လူနာကို ဆီနှင့်လူး၍ သူ့ပေါ်မှာ ဆုတောင်းကြစေ။ (၁၅) ထိုသို့ ပြုလျှင် ယုံကြည်ခြင်း၏ပဌနာသည် လူနာကိုကယ်ဆယ် ၍ ဘုရားသခင်သည် သူ့ကိုပြန်ရှင်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကို လွှတ်တော် မူမည်။

အသင်းတော်နှင့်စပ်လျဉ်း၍ သခင်ယေရှုက မဿဲ၊ ၁၈း၁၈ တွင် သူတို့ ချည်နှောင်သမျှသည် ကောင်းကင်၌လည်း ချည်နှောင်ခြင်း ခံရ၍

မြေကြီးပေါ်၌ဖြေလွှတ်သမျှသည် ကောင်းကင်၌လည်း ဖြေလွှတ် ခြင်းခံရမည်ဟု ပြန်လည်သတိပေးထားသည်။

"ငါအမှန်ဆိုသည်ကား မြေကြီးပေါ်မှာ သင်တို့ ချည်နှောင်
သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။
မြေကြီးပေါ်မှာ ဖြေလွှတ် သမျှသည် ကောင်းကင်ဘုံ၌
ဖြေလွှတ်လျက်ရှိလိမ့်မည်(မဿဲ၊ ၁၈း၁၈)။

အဘိုးတစ်ယောက်အနေနှင့် ကျွန်ုပ်၏မြေးလေးအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ချရန် မကြာမကြာ အခွင့်အရေးပေးခဲ့သည်။ သူ၏ဆုံးဖြတ်ချက်တို့သည် သူ့အား ထိခိုက်နစ်နာမှု မပေးသ၍ သူ၏ဆုံးဖြတ်ချက်ကို ကျွန်တော်လေးစားခဲ့သည်။ ဘုရားသခင်သည်လည်း ဤနည်းအတိုင်းပင်ဖြစ်သည်။ သူသည် အသင်းတော်အားစီရင်ဆုံးဖြတ်ချက်ချရန်အတွက် အခွင့်အာဏာကို ပေးအပ်ခဲ့ပြီး၊ သူတို့၏ရွေးချယ်ဆုံးဖြတ်ချက်ကိုလည်း လေးစားခဲ့သည်။ အသင်းတော်သည်ဘုရားသခင်၏ကိုယ်စား ရပ်တည်လုပ်ဆောင်ပေးနေသည်။ ဘုရားသခင်ကလည်း သူ၏နာမတော်မြတ်၌ ပြုလုပ်သောခေါင်းဆောင်များ၏ဆုံးဖြတ်ချက်များကို နာခံရန် ကျွန်ုပ်တို့ကိုမျှော်လင့်နေသည်။

ယောသပ်အား အဲဂုတ္တုမင်းကြီးကို အုပ်စိုးရသူတစ်ဦးအဖြစ် ခန့်အပ်ခံခဲ့စဉ်အခါက ဖာရောဘုရင်သည် သူ၏လက်စွပ်ကို ချွတ်၍ ယောသပ်၏ လက်၌စွပ်ပေးခဲ့သည်။ ဤသို့ပြုလုပ်ရခြင်းဖြင့် ဖာရောဘုရင်သည် ယောသပ်အား မှန်ကန်သင့်တင့်သော ဆုံးဖြတ်ချက်မျိုးချရန် ယုံကြည်ကြောင်းပြသလိုက်ခြင်းဖြစ်သည်။ ဖာရောဘုရင်သည် အဲဂုတ္တုပြည်ကြီး၏အမြင့်ဆုံးခေါင်းဆောင်အရိုက်အရာအား စွန့်လွှတ်ခြင်းမရှိခဲ့ပါ။ သို့သော်လည်း ယောသပ်အား သူ့ကိုယ်စား ပြုမူဆောင်ရွက်ရန် အခွင့်အာဏာပေးခဲ့သည်။ ယောသပ်သည် သူ၏ဆုံးဖြတ်ချက်အတွက်

ဖာရောဘုရင်အား ပြန်လည်ဖြေကြားရန်တာဝန်ရှိသော်လည်း သူ၏ဆုံးဖြတ်ချက်များအား ဖာရောဘုရင်ထံမှလာသော ဆုံးဖြတ်ချက်များကဲ့သို့ လေးစားကြရသည်။ ဤကဲ့သို့သော အခွင့်အာဏာအား ဘုရားသခင်သည် အသင်းတော်သို့ ပေးအပ်ထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ကိုယ်စားပြုထားသောသူများဖြစ်ကြပြီး၊ ဘုရားသခင်အား ရှင်းလင်းချက်ပေးရန် တာဝန်ရှိကြသော်လည်း ဤလောက၌ သူ့ကိုယ်စားလုပ်ဆောင်ရပ်တည်နေကြသည်။ သခင်ယေရှုကအစွန်ဆုံးအထိ ပြောကြားခဲ့သည့်စကားမှာ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် သူ၏နာမ၌တောင်းလျှောက်လျှင်ပြုလုပ်ပေးမည်ဟူ၍ဖြစ်သည်။

> (၁၃) သင်တို့သည် ငါ၏နာမကို အမှီပြု၍လျှောက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည်အကြောင်းတည်း။ (၁၄) သင်တို့သည်ငါ၏ နာမကို အမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် တောင်းသည် အတိုင်း ငါပြုမည် (ယောဟန်၊ ၁၄း၁၃-၁၄)။

ကျွန်ုပ်တို့၏ညီအစ်ကိုနှင့် သူ၏အခြေအနေအား အသင်းတော်သို့ ယူဆောင်လာခြင်းသည်သူ့အား ဤလောကရှိ အမြင့်ဆုံးသောခုံရုံးသို့ ယူဆောင်လာခြင်းဖြစ်သည်။ ဘုရားသခင်၏ကိုယ်စားလှယ်ဖြစ်သော အသင်းတော်သည် စီရင်ဆုံးဖြတ်ချက်ကို ပြုလုပ်နိုင်ပြီး၊ ထိုအရာကို ဘုရားသခင်ကိုယ်တိုင်ကလည်း လေးစားလိမ့်မည်။

ကျွန်ုပ်တို့နှင့်ညီအစ်ကိုကြား၌ရှိနေသော ဤပြဿနာတွင် အသင်းတော်၏အခန်းကဏ္ဍ၊ အထူးသဖြင့် ခေါင်းဆောင်များ၏အခန်းကဏ္ဍမှာ အဘယ်နည်း။ ဤနေရာတွင် အချက်အလက်အနည်းငယ် ပြောခွင့်ပြုစေလိုသည်။

ပထမအချက်ကို တရားသူကြီး ၁၇း၆ တွင် ကျွန်ုပ်တို့ ဖတ်ရှုကြရသည်။ ထိုကာလ၌ ဣသရေလရှင်ဘုရင်မရှိ။ လူတိုင်းမိမိစိတ်အလိုရှိသည့်အတိုင်း ပြုသတည်း။

အကယ်၍ မိမိတို့စိတ်အလိုရှိသည့်အတိုင်း လူတိုင်း ပြုခဲ့ကြလျှင် ထွက်ပေါ်လာမည့်ပြဿနာကို ကျွန်ုပ်တို့စိတ်ကူးမိနိုင်ကြသည်။ အသင်းတော်အတွင်းရှိခေါင်းဆောင်များ၏အခန်းကဏ္ဍမှာ အသင်းတော်၏ကောင်းရာကောင်းကျိုးအတွက် ဘုရားသခင်၏အခွင့်အာဏာဖြင့် လုပ်ဆောင်ရန်ဖြစ်သည်။ ထိုနည်းလမ်းသည် ပြဿနာနှင့် ရှုတ်ထွေးမှုများကို ရှောင်ရှားနိုင်သည်။

ဒုတိယအချက်မှာ အသင်းတော်ခေါင်းဆောင်များသည် ကျွန်ုပ်တို့၏ညီအစ်ကိုနှင့် ဖြစ်သောပြဿနာအား ပြန်လည်စမ်းစစ်ရန်နှင့် လုပ်ဆောင်ခဲ့ပြီးသော အဆင့်များကို ဆင်ခြင်သုံးသပ်ကြရမည်။ ဤလုပ်စဉ်တွင် ကျွန်ုပ်တို့၏တိုင်တန်းချက်နှင့် သက်သေခံများ၏ ထွက်ဆိုချက်များကို နားထောင်ပေးခြင်းတို့ပါဝင်သည်။

တတိယအချက်မှာ အသင်းတော်ကိုယ်စားလုပ်ဆောင်ရပ်တည်နေကြသော ခေါင်းဆောင်များသည် ကျွန်ုပ်တို့ညီအစ်ကို၏ထွက်ဆိုချက်နှင့် သူ၏ခုခံချေပချက်များကို နားထောင်ပေးရန်လိုအပ်သည်။ ဤလုပ်ဆောင်ချက်က ညီအစ်ကို၏အခြေအနေကို ကြားနာခွင့် ပေးပြီး၊ ပြဿနာအား တရားဝင်ဖြင့် အခွင့်အာဏာကို ခွဲကိုင် ကာ ညီအစ်ကိုအား ပြောကြားနိုင်ရန် အခွင့်အရေးဖန်တီးပေးသည်။

နောက်ဆုံးအချက်မှာ ပြဿနာအား ဂရုတစိုက်စဉ်းစားသုံးသပ်ပြီးနောက် အသင်းတော်ခေါင်းဆောင်များသည် ပြစ်မှားခံရသူအတွက် သင့်တင့်လျောက်ပတ်သောစီရင်ချက်ကို ချရန်ဖြစ်သည်။ ကျွန်ုပ်တို့ပြောဆိုခဲ့ကြသည့်အတိုင်း၊ ဘုရားသခင်သည် ဤစီရင်ဆုံးဖြတ်ချက်ကို အရေး

တယူပြု၍ကျွန်ုပ်တို့ညီအစ်ကိုအား ပြုခဲ့သောခုခံမှုများအတွက် ဖြေရှင်းချက်ကို တောင်းခံနေလိမ့်မည်။

ကျွန်ုပ်တို့ ဂရုပြုရန်အရေးကြီးသောအချက်မှာ အသင်းတော်၏ ခေါင်းဆောင်များထံသို့ ဤပြဿနာအားယူဆောင်လာခြင်းမတိုင်မီအထိ စီရင်ဆုံးဖြတ်ချက်များမပြုမည့်အကြောင်းပင်ဖြစ်သည်။ နောက်ဆုံးစီရင်ဆုံးဖြတ်ချက်ကို ပြုလုပ်မည်။ သူမှာအသင်းတော်၏ခေါင်းဆောင်များဖြစ်ကြသည်။ ဤသို့ပြုလုပ်ခြင်းသည် စီရင်ဆုံးဖြတ်မှုအား တစ်ဦးတစ်ယောက်တည်းဖြင့် ပြုလုပ်ခြင်းမှ ဖယ်ရှားနိုင်ပြီး ဘုရားသခင်၏ကိုယ်စားပြုဖြစ်သော အသင်းတော်လက်သို့ အပ်နှံလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ဤနောက်ဆုံးအဆင့်တွင်ပင် ညီအစ်ကိုအား အမြင်မှန်ရနိုင်ရန်နှင့် အပြစ်တရားအား ကျော်ခိုင်း၍လှည့်ပြန်လာနိုင်ရန် အခွင့်အရေးပေးထားဆဲဖြစ်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုအား အသင်းတော်ရှေ့သို့ဆောင်ကြဉ်းခြင်း၏အဓိကရည်ရွယ်ချက်မှာ သူ့အား တရားစီရင်ရန်အတွက် မဟုတ်ဘဲ၊ သူ့အားမူလအခြေအနေသို့ ပြန်ရောက်ရန် ဖေးမကူညီရန်ဖြစ်သည်။ အသင်းတော်၏ကြားနာစစ်ဆေးခြင်းအား နားထောင်ရန် ငြင်းပယ်ပြီးနောက်မှသာလျှင် အရေးယူအပြစ်ပေးခြင်းကို ပြုကြရမည်။

## ဆင်ခြင်သုံးသပ်ရန်အချက်များ

* ကျွန်ုပ်တို့ ညီအစ်ကို၏အပြစ်များအား အသင်းတော်သို့ မည်သည့်အချိန်နှင့် မည်သို့ဖြင့် အသိပေးရမည်နည်း။
* ကျွန်ုပ်တို့နှင့် ညီအစ်ကိုကြားရှိ ပြဿနာအား စီရင်ရန် အသင်းတော်၌ မည်သို့သောအခွင့်အာဏာရှိသနည်း။ အသင်းတော်၏ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ နာခံရန် အဘယ်ကြောင့်အရေးကြီးသနည်း။

* ကျွန်ုပ်တို့နှင့်ညီအစ်ကိုကြားရှိပြဿနာအား ဖြေရှင်းရန်အတွက် ကူညီရာ၌ အသင်းတော်၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

* ကျွန်ုပ်တို့ညီအစ်ကိုများအကြား၌ ရှိသောပြဿနာများကို ဖြေရှင်းပေးနိုင်သောအဖွဲ့အစည်းတစ်ခုကို ဤလောက၌ ကျွန်ုပ်တို့အားပေးသနားတော်မူသော အရှင်သခင်ကိုကျေးဇူးတင်ရန်။
* အသင်းတော်၏ခေါင်းဆောင်များအား ဘုရားသခင် ၏ ကိုယ်စားပြုများအဖြစ် မလေးမစားပြုခဲ့သောအချိန်များအတွက် ဘုရားသခင်အား ခွင့်လွှတ်ပေးရန်တောင်းခံပါ။
* သင်၏အသင်းတော်ရှိခေါင်းဆောင်များအတွက် ဆုတောင်းပေးရန် အချိန်ခတ္တယူပါ။ စီရင်ဆုံးဖြတ်ရာ၌ ပိုမို၍ အမြော်အမြင်ရှိလာစေရန် သူတို့အား ဘုရားသခင်မှ ကူညီမစခြင်းအတွက်ဆုတောင်းပါ။

# ၆။

# အသင်းတော်၏စကားကို နားမထောင်လျှင်

*အသင်းတော်၏စကားကို နားမထောင်လျှင် (မဿဲ၊ ၁၈း၁၇)*

ပြီးခဲ့သည့်အခန်းတွင် ပြဿနာရှာသောညီအစ်ကို အကိုင်တွယ်ဖြေရှင်းရာ၌ အသင်းတော်၏တာဝန်ဝတ္တရားများကို ကျွန်ုပ်တို့ သိမြင်ခဲ့ကြပြီး ဖြစ်သည်။ ဤအချိန်ထိတိုင် ကျွန်ုပ်တို့ညီအစ်ကို၌ အမြင်မှန်ရရန်နှင့် သူ၏အပြစ်အား ပြန်လည်သုံးသပ်နိုင်ရန် အခွင့်အရေးများစွာ ရှိနေဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် သူ့အားကိုယ်တိုင်ကိုယ်ကျဖြင့် သိုသိုသိပ်သိပ်ပြောဆိုဆွေးနွေးခဲ့သည်။ ထိုနည်းလမ်းဖြင့် မအောင်မြင်သောအခါ သူ့အား ပြောဆိုဆွေးနွေးရန် သွန်သင်ရန်နှင့် သတိပေးရန်အတွက် သက်သေခံနှစ်ဦး ကျွန်ုပ်တို့ခေါ်ဆောင်သွားခဲ့ကြသည်။ ကျွန်ုပ်တို့၏ စိတ်ရင်းမှန်ကိုသူတို့နားလည်သဘောပေါက်ခဲ့သော်လည်း၊ ညီအစ်ကိုက ထိုသက်သေခံများ၏ စကားကိုနားထောင်ရန်ငြင်းဆန်နေခဲ့လျှင် အသင်းတော်ရှေ့သို့ သူ့အား ဆောင်ယူသွားရန် ဆုံးဖြတ်ချက်ချခဲ့ကြရသည်။ အသင်းတော်ခေါင်းဆောင်များသည် ယခုတွင် ပြဿနာအား စမ်းစစ်ကာ ညီအစ်ကိုနှင့်လည်း ပြောဆိုဆွေးနွေးခဲ့ကြသည်။ အထက်ပါလုပ်ဆောင်ချက်များအားလုံးပြီးဆုံးသွားသော်လည်း ဖြစ်နိုင်ချေရှိသောအရာတစ်ခုရှိနေသေးသည်။ ၄င်းမှာ ကျွန်ုပ်တို့ညီအစ်ကိုက နာခံရန်ဆက်လက်ငြင်းဆန်နေခြင်းပင်ဖြစ်သည်။

ဤအချိန်အခါမျိုးတွင် ညီအစ်ကို(သို့)ညီအစ်မသည် အသင်းတော်နှင့်အဆက်ဖြတ်ခြင်း(သို့) လုံးလုံးစွန့်ခွါသွားခြင်းမျိုးကို ပြုလုပ်ကြကြောင်း ကျွန်ုပ်တို့တွေ့ကြုံခဲ့ဖူးသည်။ ဤသို့ပြုလုပ်ရခြင်းတွင် အကြောင်း

အရင်း အမျိုးမျိုးရှိနေသည်။ ၎င်းတို့အနက်မှ အကြောင်းအရာအချို့ကို ကိုင်တွယ်တင်ပြခွင့်ပြုပါ။

ညီအစ်ကိုသည် အသင်းတော်အား စွန့်ခွါသွားခဲ့ရခြင်း၏ ပထမ အကြောင်းအရင်းမှာ စိတ်နှလုံးမာကျောနေခြင်းကြောင့်ဖြစ်သည်။ တနည်းအားဖြင့် ဆိုရလျှင် သူသည်သူ၏အပြစ်များကို မစွန့်လွှတ်နိုင်ခြင်း (သို့) သူအမှားပြုခဲ့သည့်အကြောင်းကို မဝန်ခံခြင်းကြောင့်ဖြစ်သည်။ ဤစိတ်နှလုံးမာကျောခြင်းသည် မာနထောင်လွှားခြင်း၏ရလဒ်ဖြစ်မည်။ သူသည် အသင်းတော်၏လမ်းညွှန်တိုက်တွန်းမှုကို နာခံကြရန် ငြင်းဆန်ခဲ့ခြင်းမှာ သူ၏အပြစ်ဒုစရိုက်ကို မြတ်နိုးတွယ်တာနေပြီး ထိုအရာအား ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိနေသောကြောင့် ဖြစ်သည်။ သူ၏မှားယွင်းသော အပြုအမူများကို အသင်းတော်က လက်မခံမည်ကို သိသောအခါ ဆုံးဖြတ်ချက်တစ်ခုကို ချရန် တွန်းပို့နေသကဲ့သို့ ခံစားလာသည်။ နောင်တရရန် မူလအခြေအနေသို့ ပြန်သွားမည်လော(သို့) ထိုအပြစ်ဒုစရိုက်ကို ဆက်လက်လုပ်ဆောင်ပြီး အသင်းတော်မှ စွန့်ခွါမည်လော ဟူသော ဆုံးဖြတ်ချက်တစ်ခုခုကို ချရတော့မည်။ သူသည် အသင်းတော်ကို စွန့်ခွါရန် ရွေးချယ်ခဲ့ပါသည်။

ဤအချိန်အခါမျိုး၌ ညီအစ်ကို (သို့) ညီအစ်မသည် အသင်းတော်မှ စွန့်ခွါသွားရခြင်းအကြောင်းအရင်းမှာ သစ္စာဖောက်ခံရသည်ဟု ခံစားရသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုသည် အသင်းတော်အတွင်း၌ နေထိုင်ရှင်သန်လာခဲ့သည့်ကာလအတွင်း၌ ကျွန်ုပ်တို့နှင့်အတူတကွ ကြီးပြင်းလာရင်း အခြားမိတ်ဆွေများလည်း ရှိနေ ခဲ့လိမ့်မည်။ သို့သော် သူ၏အပြစ်ဒုစရိုက်နှင့် စပ်လျဉ်း၍သူ့အား မျက်နှာချင်းဆိုင်ရင်ဆိုင်သောအခါ ဤမိတ်ဆွေများနှင့် ဝိညာဉ်ရေးရာ ညီအစ်ကိုများသည် သူ့အားဆန့်ကျင်ဘက်ပြုလျက် ရပ်တည်နေကြသည်

ဟု သူခံစားလာရသည်။ ဤသို့ဖြစ်ရခြင်းမှာ ပြဿနာအား ကိုင်တွယ်ဖြေရှင်းရာ၌ အသုံးပြုသောနည်းလမ်းတချို့ကြောင့်ဖြစ်နိုင်သည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့ ညီအစ်ကိုနှင့် ရင်ဆိုင်ခဲ့သူများသည် ချစ်ခြင်းမေတ္တာ တရားပေးကမ်းခြင်းနှင့် နားလည်လက်ခံပေးခြင်းမျိုးကို အမြဲတမ်း မပြသခဲ့နိုင်ကြပါ။ သူတို့သည် အပြစ်ဒုစရိုက်နှင့် ထိုအပြစ်ဒုစရိုက်ကိုပြုသော ညီအစ်ကိုအား မခွဲခြားနိုင်ခဲ့ကြချေ။ ညီအစ်ကို၏စိတ်နှလုံး၌ တချိန်က မိတ်ဆွေများသည် ယခုတွင် ရန်သူများဖြစ်နေကြပြီဟူသော ခံယူချက်မျိုးကို ဖြစ်စေနိုင်သော ကြမ်းတမ်းရက်စက်သောစကားလုံးများ (သို့) ထိုခံယူချက်မျိုးကို ဖြစ်စေနိုင်သော စကားများကို သူတို့ပြောနိုင်ခြေရှိသည်။ အသင်းတော်ကို စွန့်ခွါခြင်းမှလွဲ၍ အခြားရွေးချယ်စရာမရှိဟု သူခံစား လာခဲ့ခြင်းကြောင့်ဖြစ်သည်။

ညီအစ်ကိုသည် အသင်းတော်ကို စွန့်ခွါသွားခဲ့ရခြင်း၏အခြား အကြောင်းအရင်းမှာ စိတ်ကျဉ်းကျပ်မှုများခံစားလာရသောကြောင့် ဖြစ်သည်။ သူ၏အပြစ်ဒုစရိုက်သည် မကွယ်မဝှက်ပေါ်ထွက်လာပြီး လူတိုင်းက သိနေကြပြီဟူသော ခံစားချက်ရှိလာပေလိမ့်မည်။ အသင်းတော်သို့ ရောက်လာစဉ်တိုင်းတွင် သူစဉ်းစားတွေးတောနေမည့် အရာမှာ လူအများကသူ့အား မည်သို့တွေးထင်ယူဆနေကြမည်နည်း ဟူသော အချက်သာဖြစ်သည်။ လူအများက သူ့အပြစ်ကို သိမြင်လာကြခြင်း ကြောင့် သူသည် အနေရခက်လာပြီး၊ စိတ်အနှောင့်အယှက် ဖြစ်ခြင်းများကို ခံစားလာသည်။ ထို့ကြောင့် သူသည် ဘုရားကျောင်းတက် ခြင်းကို ရပ်တန့်ရန် ရွေးချယ်လိုက်ပြီး အသင်းတော်မှ လုံးလုံးစွန့်ခွါသွား နိုင်ပေသည်။

စိတ်အနှောက်အယှက်ဖြစ်စေခြင်းသည် အပြစ်ပေးဒဏ်ခတ် ခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်ရမည်ဟု လူအချို့က ယုံကြည်ထားကြ

သည်။ လူတစ်ဦးအား လူသိရှင်ကြားအရှက်ခွဲခြင်းသည် မူလအခြေအနေသို့ ရောက်ရန် ပြန်လည်မွမ်းမံခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်ရန် လိုအပ်ကြောင်း ယုံကြည်ထားကြသည်။ ဤသူတို့သည် လူသိရှင်ကြား အရှက်ခွဲအနှောက်အယှက်ပေးခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်မှ အပြစ်ဖော်ပြခြင်းတို့အကြားရှိ ခြားနားချက်ကို မသိနားမလည်ကြသော ကြောင့်ဖြစ်သည်။ ဝိညာဉ်တော်က အပြစ်ကိုဖော်ပြခြင်းသည် စိတ် အနှောက်အယှက်ပေးခြင်းနှင့် အရှက်ကွဲအကျိုးနည်းစေရန် မရည်ရွယ်ထားပါ။ အပြစ်ဒုစရိုက်ကို သတိပြုမိလာစေရန်နှင့် မူလအခြေအနေသို့ ပြန်လည်ပို့ဆောင်ရန် သာရည်ရွယ်ထားပါသည်။ လူသိရှင်ကြား အရှက်ကွဲစိတ်အနှောက်အယှက်ဖြစ်စေခြင်းသည်စိတ်နာကျဉ်းမှုနှင့် ထိုပြဿနာအားဖြေရှင်းရာတွင် အဟန့်အတားသာပို၍ဖန်တီးပေလိမ့်မည်။ တဖန်ကျွန်ုပ်တို့ညီအစ်ကိုအား လေးစားသည့်အနေဖြင့် သူ့အား အရှက်ကွဲခြင်းနှင့်စိတ်အနှောက်အယှက်ဖြစ်စေမည့်အရာများကို မပြုလုပ်မိစေရန်မှာ အရေးအကြီးဆုံးပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်ပန်းတိုင်မှာ အပြစ်ဒုစရိုက်အားကုသပျောက်ကင်းစေရန်နှင့် မူလအခြေအနေသို့ ပြန်လည်ပို့ဆောင်ရန် မွမ်းမံပေးခြင်းဖြစ်သည်။

ညီအစ်ကိုသည် အသင်းတော်အား စွန့်ခွာသွားရသည့် စတုတ္တမြောက်အချက်မှာ သူယုံကြည်ထားသောအရာများတွင် ညှိ၍မရနိုင်သောကွဲပြားမှုများ ရှိနေသောကြောင့်ဖြစ်သည်။ တနည်းအားဖြင့် ဆိုသော် သူသည် အသင်းတော်၏ အပြစ်ဒုစရိုက်နှင့်စပ်လျဉ်းသောအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောထားမတိုက်ဆိုင်ဘဲ ရှိနေပေလိမ့်မည်။ ဥပမာ၊ ရုပ်ရှင်ကြည့်ခြင်းသည် အပြစ်ဖြစ်သည်ဟု ယုံကြည်သော အသင်းတော်သို့ ကျွန်ုပ်တို့၏ညီအစ်ကိုတက်ရောက်ခဲ့သည်ဟု စိတ်ကူးကြည့်ပါ။ "အပြစ်ဒုစရိုက်"ဟုခေါ်ဆိုသောအရာသည် ယုံကြည်သူများကြား၌ပင်

အချေအတင် ငြင်းခုံ၍ရသော အရာဖြစ်နေပါလိမ့်မည်။ ကျွန်ုပ်တို့၏ ညီအစ်ကိုသည် အပြစ်ဒုစရိုက်အား အနက်ဖွင့်ဆိုရာ၌ ကျွန်ုပ်တို့နှင့် ကွဲပြားနေနိုင်ပြီး၊ အသင်းတော်၏ရပ်တည်ခြင်းနှင့် စိတ်သက်သာရာမရ ဖြစ်ခဲ့ပေလိမ့်မည်။ ကွဲပြားခြားနားမှုသည် ထိုသို့သောအရာများဖြစ် နိုင်သည့်အတွက် အတူတကွနေထိုင်ရပ်တည်ရန် အလွန်ခက်ခဲလာ တော့သည်။ ထို့ကြောင့် သူ၏ခိုင်မာသော ထင်မြင်ယူဆချက်များနှင့် သဟဇာတဖြစ်သောအသင်းတော်ကို ရှာဖွေရန် သူရွေးချယ်လိုက်တော့ သည်။

ဤကြေအေးခြင်းလုပ်ဆောင်မှုကာလအတွင်း၌ပင် ညီအစ်ကို သည် အသင်းတော်ကိုစွန့်ခွါသွားရခြင်း၏နောက်ဆုံးအကြောင်းအရာမှာ သူသည် အသင်းတော်အပေါ်၌ စိတ်ချယုံကြည်မှုလျော့နည်းပျောက်ကွယ် သွားခဲ့သောကြောင့်ဖြစ်သည်။ ဤအချင်းအရာသည် ခေါင်းဆောင်ပိုင်း ၌ ရှိနေသော သူများအတွက် ပို၍မှန်ကန်နေသည်။ ဤစိတ်ချယုံကြည် မှုလျော့နည်းပျောက်ကွယ်သွားခြင်းသည် အလွန်ကြီးမားကျယ်ပြန့်သော ကြောင့် အသင်းတော်နှင့် ဘယ်တော့မျှ အတူလက်တွဲလုပ်ဆောင် နိုင်တော့မည် မဟုတ်ဟု သူခံစားလာရသည်။ စကားပြောကြားရန် အတွက်သော်၎င်း၊ သွန်သင်ဆုံးမရန်အတွက် သော်၎င်း၊ သူမတ်တပ်ရပ် တိုင်းတွင် လူအများသည် သူ့အား အမြင်အမျိုးမျိုးဖြင့် ရှုမြင်နေကြလိမ့် မည်။ သူ့အား အပြစ်၌လဲကျနေသူအဖြစ် ရှုမြင်နေကြလိမ့် မည်။ သူ့အား ယုံကြည်ကိုးစားခြင်း မရှိကြတော့ပေ။ တစ်ခါတရံတွင် လူတို့သည် အတိတ်အကြောင်းအရာများကို မေ့ပျောက်ရန် ဆန္ဒမရှိကြပေ။ အပြစ်၌ လဲ ကျနေခဲ့သောသူ တစ်ဦးအားအသုံးပြုရန် ဘုရားသခင်တတ်နိုင်သည့် အကြောင်းကို သော်၎င်း၊ ဘုရားသခင်အလိုရှိ နေသည့်အကြောင်းကို သော်၎င်း၊ ယုံကြည်ရန်တစ်ခါတရံ၌ သူတို့ပျက်ကွက်ခဲ့ကြသည်။

သင့်အပေါ်၌စိတ်ချယုံကြည်မှု မရှိသောသူများအထံ၌ အမှုတော်ဆောင်ရန်မှာ အလွန်ခက်ခဲပါသည်။ ထို့အတွက်ကြောင့်ပင် ညီအစ်ကိုသည် သူအမှုတော်ဆောင်နိုင်မည့်အသင်းတော်(သို့)သူ့အား အပြစ်၌လဲကျနေခဲ့သောသူအဖြစ် ရှုမြင်ခြင်းမရှိသောသူတို့ကို ရှာရန် တွန်းအားပေးခြင်းခံနေရသည်။

အခန်းငယ် ၁၇ တွင် သခင်ယေရှုက "အသင်းတော်၏စကားကို (ပင်လျှင်)နားမထောင်လျှင်"ဟူသော စကားကို သတိထားကြည့်ပါ။ "ပင်လျှင်' ဟူသောစကားသည် အလွန်ထူးခြားလေးနက်သောစကားဖြစ်သည်။ သူ့ထံသို့ သွားရောက်သော ညီအစ်ကို(သို့)သူခေါ်ဆောင်သွားသော သက်သေများ၏ပြောဆိုချက်များကို နားမထောင်ခြင်းသည် တစ်ကဏ္ဍဖြစ်သော်လည်း အသင်းတော်၏ပြောဆိုချက်ကို နားမထောင်ခြင်းမှာ ပို၍ဆိုးရွားသောအရာဖြစ်သည်။ ဤကဲ့သို့သောပြဿနာများကို ဖြေရှင်းရန်အတွက် ဘုရားသခင်သည် အသင်းတော် အပေါ်၌အခွင့်အာဏာကို အပ်နှင်းထားခဲ့သည်။ ဘုရားသခင်တည်ထောင်သော အုပ်ချုပ်သူခေါင်းဆောင်များကို လေးစားရန်နှင့် နာခံရန်သမ္မာကျမ်းစာက ကျွန်ုပ်တို့အား သွန်သင်ထားပါသည်။

သင်တို့ကို အုပ်သောသူတို့၏စကားကို နားထောင်၍
နှိမ့်ချလျက် နေကြလော့။
သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကို ခံရသောသူကဲ့သို့
သင် တို့စိတ်ဝိညာဉ်၏အကျိုးအလို့ငှာ စောင့်နေကြ၏
(ဟေဗြဲ ၁၃း၁၇)။

ဤသို့ပြောကြားထားသော်လည်း ညီအစ်ကိုသည် အသင်းတော်၏ ခေါင်းဆောင်ပိုင်းများနှင့် ကျိုးကြောင်းဆီလျော်သောသဘောထားကွဲလွဲမှုများ ရှိလာနိုင်သောအချိန်များရှိကြောင်းကို ကျွန်ုပ်တို့သတိပြုမိရန်

လိုအပ်သည်။ ရှင်ပေါလုသည် ယေရုရှလင်မြို့သို့ မသွားရန် အသင်းတော်၏အကြံပေးတိုက်တွန်းခြင်းကိုခံခဲ့ရသော်လည်း ဝိညာဉ်တော်၏နှိုးဆော်ချက်ကို ခံခဲ့ရသောကြောင့် ထိုအရပ်သို့ပင် သွားခဲ့ပါသည်(တမန်၊ ၂၁း၄-၆၊ ၁၀-၁၄)။ ရှင်ပေါလုသည် ပရောဖက်များနှင့် အသင်းတော်ခေါင်းဆောင်များ၏အကြံပြုတိုက်တွန်းချက်ကို ငြင်းဆန်ခဲ့ပါသည်။ သူယုံကြည်သောအရာကို လုပ်ဆောင်ခြင်းသည်သူ့အသက်တာ၌ ထားရှိသော ဘုရားသခင်၏အလိုတော်ပင်ဖြစ်သည်။

အသင်းတော်ခေါင်းဆောင်များသည် ပြည့်စုံသောသူများမဟုတ်ကြပါ။ တစ်ခါတရံတွင် သူတို့ထံသို့ ယူဆောင်လာကြသော ပြဿနာများကို မှားယွင်းစွာ ကိုင်တွယ်ဖြေရှင်းခဲ့ကြသည်(သို့) နားလည်မှုလွဲခဲ့ကြသည်။ တစ်ခါတရံတွင် ညီအစ်ကို(သို့)ညီအစ်မ၏ပြဿနာကိုဖြေရှင်း ရန်ကြိုးစားရာတွင် သူတို့ကိုယ်တိုင်ပင် အပြစ်ပြုမိကြပြီး၊ စွပ်စွဲခံရသောညီအစ်ကို၏စိတ်ကို နာကျည်းထိခိုက်စေသော စကားများကိုပြောခြင်း(သို့) လုပ်ဆောင်မှုများကို ပြုလုပ်ခြင်းများကို ကျူးလွန်တတ်ကြပေသည်။ ညီအစ်ကိုအား စွပ်စွဲနေသူများကိုယ်တိုင်ကပင် ပြဿနာမဖြေရှင်းမိအပြစ် ကျူးလွန်နေကြသောအခါ မည်သို့ပြုမူဆောင်ရွက် သင့်သနည်း။ ထိုသို့သောအခြေအနေတွင် ညီအစ်ကိုသည် အသင်းတော်ခေါင်းဆောင်များကို ချဉ်းကပ်၍ သူတို့၏ပြုမူပုံများကို သူတို့အား သိသိသိပ်သိပ်ပြောကြားပြီး၊ ဤစာအုပ်ရှိ ကျွန်ုပ်တို့လေ့လာနေကြသောကျမ်းပိုဒ်များ၌ သခင်ယေရှု ဖော်ပြထားသော လုပ်နည်းလုပ်ဟန်ကို ကျင့်ကြံလိုက်လျှောက်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ နားလည်ရမည့် အရေးကြီးသော အချက်မှာ အသင်းတော်သည် မပြည့်စုံသော်လည်း ယုံကြည်သူညီအစ်ကိုများကြား၌ ရှိနေသောပြဿနာများကို စေ့စပ်ဖြေရှင်းပေးရန် တာဝန်ပေးအပ်ခြင်း

ခံထားသည်ဟူသော အချက်ပင်ဖြစ်သည်။ ဤအရာသည် ခေါင်းဆောင်ပိုင်းများအပေါ်၌ ပေးအပ်ထားသည့် ဘုရားသခင်ဘိသိက်ပေးထားသောတာဝန်ဖြစ်ပြီး၊ ဘုရားသခင်က ကျွန်ုပ်တို့အထက်အရာ၌ ထားရှိထားသောအရာလည်း ဖြစ်သည်။ အသင်းတော်နှင့် ဘုရားသခင်ဘိသိက်ပေးထားသော ခေါင်းဆောင်များကို မလေးမစားပြုခြင်းသည် ကြီးလေးသောအမှုကိစ္စတစ်ခုဖြစ်သည်။ သူတို့၏သြဝါဒများနှင့် အကြံပြုချက်များအားကျွန်ုပ်တို့ နာခံရန် ဘုရားသခင်အလိုတော်ရှိပြီး၊ သူတို့၏ပြဌာန်းချက်များနှင့် စပ်လျဉ်း၍ ဘုရားသခင်ထံ၌ရှင်းလင်းချက်ပေးရန် ကျွန်ုပ်တို့၌ တာဝန်ရှိသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ကိုယ်ကို နှိမ့်ချကြရန်နှင့် ကျွန်ုပ်တို့၏အပြစ်များကို ရင်ဆိုင်ကြရန်ဖြစ်သည်။

ဤသို့ ဆိုသွားခဲ့ကြသော်လည်း၊ ဘုရားသခင်၏ကိုယ်စားလှယ်အဖြစ် ရပ်တည်နေသောခေါင်းဆောင်များသည်လည်း ဘုရားသခင်ထံ၌ရှင်းလင်းချက်ပေးရန် တာဝန်ရှိကြသည်။ သို့ဖြစ်သောကြောင့် သူတို့ ထံသို့တင်ပြလာကြသောပြဿနာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင်အထူးသတိထားကြရမည်။ သူတို့သည် ဘုရားသခင်၏သားသမီးများကိုချစ်ခြင်းမေတ္တာထား၍ လေးစားရန် ဘုရားသခင်အလိုရှိသည်။

ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ယေဇကျေလ ၃၄ ကဲ့သို့သော အစွမ်းထက်သည့် ကျမ်းပိုဒ်ရှိမည်မဟုတ်ပါ။

(၂) အချင်း လူသား၊ သင်သည် ဣသရေလအမျိုးသိုးထိန်းတို့တဘက်၌ ပရောဖက်ပြု၍ ဟောပြောလျက်သိုးထိန်းတို့အား အရှင်ထာဝရဘုရား မိန့်တော်မူသောစကားကို ဆင့်ဆိုရမည်မှာ၊ ကိုယ်ကိုသာ ကျွေးမွေးသောဣသရေလအမျိုးသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ သိုးထိန်းသည် သိုးတို့ကို မကျွေးမွေးရသလော။ (၃)

သင်တို့သည် သိုးတို့ကို စားကြ၏။ သိုးမွေးကိုဝတ်ကြ၏။ ဆူဖြိုးသောသိုးတို့ကိုလည်း သတ်ကြ၏။ သို့ရာတွင် သိုးတို့ကိုမကျွေးမွေးပါတကား။ (၄) အားနည်းသောသိုးကို မ မစကြ။ နာသောသိုးကို ဆေးမကုကြ။ အရိုးကျိုးသော သိုးကို အဝတ်နှင့်မစည်းကြ။ သူတပါးနှင်သောသိုးကို လိုက်၍မဆောင်ခဲ့ကြ။ ပျောက်သောသိုးကို မရှာကြ။ အနိုင်အထက်ပြု၍ ကြမ်းတမ်းစွာ စီရင်ကြပြီ။ (၅) ထိန်းသူ မရှိသောကြောင့် သိုးတို့သည် ကွဲလွင့်ကြ၏။ ကွဲလွင့်လျက်ရှိသောအခါ ခပ်သိမ်းသော တောသားရဲ စားစရာဖြစ်ကြ၏။ (၆) ငါ့သိုးတို့သည် တောင်များ၊ မြင့်သော ကုန်းများပေါ်မှာလဲ၍ မြေတပြင်လုံးတွင် အရပ်ရပ်သို့ ကွဲပြားပြန့် လွင့်လျက်နေ၍ အဘယ်သူမျှ လိုက်မရှာကြ။ (၇) သို့ဖြစ်၍ အချင်းသိုးထိန်းတို့၊ ထာဝရဘုရာ၏ အမိန့်တော်ကို နားထောင်ကြလော့။ (၈) အရှင်ထာဝရ ဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင် သည့်အတိုင်း သိုးထိန်းမရှိ၊ အဘယ်သိုးထိန်းမျှ ငါ့သိုးတို့ကို မရှာ၊ သိုးထိန်းတို့သည် ငါ့သိုးတို့ကို မကျွေးမွေး၊ မိမိ ကိုယ်သာ ကျွေးမွေးသဖြင့် ငါ့သိုးတို့သည် လုယူရာ၊ ခပ်သိမ်းသော တောသားရဲစားစရာဖြစ်သောကြောင့်၊ (၉) အချင်း သိုးထိန်းတို့၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင် ကြလော့။ (၁၀) အရှင်ထာဝရဘုရား မိန့်တော် မူသည် ကား၊ ငါသည်သိုးထိန်းတို့ တဘက်၌နေ၏။ ငါ့သိုးများကို သူတို့၌ ငါတောင်း၍သိုးထိန်း အရာကို နှုတ်မည်။ သိုးထိန်းတို့သည် နောက်တဖန် မိမိကိုယ်ကို

မကျွေးမွေး ရကြ။ ငါ့သိုးများကိုသူတို့ ပါးစပ်မှ ငါနှုတ်၍
နောက်တဖန် မကိုက်မစားရကြ(ယေဇ၊ ၃၄း၂-၁၀)။

အထက်ပါကျမ်းပိုဒ်တွင် သိုးတို့အား တကွဲတပြားလွင့်စေသော သူ၏လူမျိုးများအား စောင့်ရှောက်နေကြသော သိုးထိန်းများကို ဘုရားသခင်က ပြစ်တင်စွပ်စွဲထားသည်။ ဤစွပ်စွဲချက်တွင် သိုးထိန်းများသည် သူတို့အတွက်သာ အမှုထားနေခဲ့ကြသည်။ သူ၏လူမျိုးတို့အား ထိန်းသိမ်းစောင့်ရှောက်ရာတွင် သူတို့သည် ဂရုစိုက်မှုမရှိကြ။ သူတို့သည် သိုးများအား ကြမ်းတမ်းစွာအုပ်စိုးကိုင်တွယ်ခဲ့ကြသည်။ ဘုရားသခင်သည် လူမျိုးများအပေါ်၌ ပြုခဲ့သော သူတို့၏အပြုအမူများကြောင့် ထိုသိုးထိန်းများကို ပြင်းထန်စွာ စီရင်ပါလိမ့်မည်။

ဘုရားသခင်က အသင်းတော်ခေါင်းဆောင်များထံ၌ ပေးအပ်ထားသောအခွင့်အာဏာနှင့်အတူ ကြီးလေးသောတာဝန်ဝတ္တရားကြီးတစ်ခုဒွန်တွဲလာမည်။ ကျွန်ုပ်တို့သည် သိုးတို့အား ဂရုစိုက်ကြရမည်ဖြစ်ပြီး၊ သူတို့အား ကုစားခြင်းနှင့် မူလအခြေအနေသို့ ပြန်လည်ပို့ဆောင်ရန်အတွက် အကောင်းဆုံးလုပ်ဆောင်ကြရမည်ဖြစ်သည်။ သူ၏သိုးတို့အနက်မှ တစ်ကောင်တလေ ပျောက်ဆုံးသွားရန်မှာ ဘုရားသခင်၏ ရည်ရွယ်ချက်မဟုတ်ပါ။ ထိန်းသိမ်းစောင့်ရှောက်ခြင်း မခံခဲ့သော သိုးတစ်ကောင်စီအတွက် ခေါင်းဆောင်မှုတာဝန်ကို ဘုရားသခင်က ရယူမည်ဖြစ်သည်။ အသင်းတော်သည် သိုးများအတွက်ဘေးရန်ကင်းသော ပတ်ဝန်းကျင်ဖြစ်ရမည်။ သိုးများကမူ သူတို့အားပြုစုစောင့်ရှောက်ရန် သိုးထိန်းတို့အား ယုံကြည်ကိုးစားကြရမည်။ ထိုဘေးကင်း၍ ကျန်းမာရေးနှင့် သင့်တင့်သောပတ်ဝန်းကျင်ကို ဖန်တီးရန်မှာ ခေါင်းဆောင်တို့၏ ပခုံးထက်တွင် ရှိလာသည်။ ဤသို့ပြုလုပ်လျှင် သိုးတို့အား အသင်းတော်အတွင်း၌ ဆက်လက်ရှိနေရန်နှင့် မူလအခြေအနေသို့ ပြန်လည်ပို့ဆောင်

ပေးရန် တို့အတွက် သက်တောင့်သက်သာဖြစ်လာကြရန် ကူညီပေးပါလိမ့်မည်။

**ဆင်ခြင်သုံးသပ်ရန်အချက်များ**

- ✳ မူလအခြေအနေသို့ ပြန်လည်ပို့ဆောင်ရန် လုပ်ဆောင်စဉ်ကာလ၌ အသင်းသူ/သားများ အသင်းတော်အားစွန့်ခွါသွားကြသည့် အကြောင်းအရင်းများမှာ အဘယ်နည်း။ ထိုအချင်းအရာကို ရှောင်ရှားရန် မည်သည့်အရာများလုပ်ဆောင်ကြရမည်နည်း။
- ✳ အပြစ်တရားနှင့်စပ်လျဉ်း၍ ညီအစ်ကိုနှင့် ကျိုးကြောင်းဆီလျော်သော ကွဲပြားသည်အယူအဆများ ရှိနေနိုင်ပါသလား။ သာဓကအချို့အား တင်ပြပေးပါ။
- ✳ အသင်းတော်အားနာခံခြင်းသည် အဘယ်ကြောင့် အလွန်အရေးကြီးသနည်း။ ထိုသို့နာခံရန် မည်ကဲ့သို့သောအခြေအနေများတွင် အခက်အခဲ ဖြစ်တတ်ပါသနည်း။
- ✳ အသင်းတော်ခေါင်းဆောင်ပိုင်းများအနေဖြင့်၄င်းတို့၏အသင်း ဝင်များထံ၌ ရှိနေသော တာဝန်ဝတ္တရားကားအဘယ်နည်း။ ဝိညာဉ်ရေးရာနှင့် ပြည့်ဝသောသိုးထိန်းတစ်ဦး၏အစွပ်စွဲခံညီအစ်ကိုအား ပြုမူဆက်ဆံပုံသည် ထိုညီအစ်ကိုက အသင်းတော်အား တုန့်ပြန်ပုံကို မည်သို့ပြောင်းလဲစေနိုင်သနည်း။
- ✳ ညီအစ်ကိုအား ချစ်ခြင်းမေတ္တာဖြင့် လက်ခံခြင်းနှင့်သူ၏အပြစ်မြောက်သောအပြုအမူများအား လက်ခံခြင်းတို့ကြား၌ ကွဲပြားခြားနားချက်ကား အဘယ်နည်း။ ဤအချင်းအရာနှစ်ခုကြား၌ ကွဲပြားခြားနားချက်အား ပြုလုပ်ရန် အဘယ်ကြောင့်အရေးကြီးသနည်း။

**ဆုတောင်းရန်အချက်များ**

* ဤပြဿနာနှင့် လုံးပမ်းနေရသော ညီအစ်ကို(သို့)ညီအစ်မ သင်၏ အသင်းတော်၌ရှိပါသလား။ ထိုသူတို့အတွက် ဆုတောင်းရန် အချိန်အနည်းငယ်ယူပါ။
  ထိုသူတို့ အပေါ်၌ ချစ်ခြင်းမေတ္တာနှင့် နားလည် လက်ခံခြင်းကို လက်တွေ့ပြသနိုင်ရန် ဘုရားသခင်ထံ၌ ထိုအရာကိုလမ်းညွှန်ပြသပေးရန် တောင်းလျှောက်ပါ။
* ဘုရားသခင်က သင့်အပေါ်၌ခေါင်းဆောင်များကို ထားရှိထားခြင်းအတွက် ကျေးဇူးတော်ကိုချီးမွမ်းရန် အချိန်အနည်းငယ်ယူပါ။
  ထိုသူတို့သည်သိုးတို့အား စောင့်ရှောက်ထိန်းသိမ်းနေသူများဖြစ်သည့်အားလျော်စွာ သူတို့ထံ၌ ကျေးဇူးတော်၊ ဉာဏ်ပညာ၊ ချစ်ခြင်းဂရုဏာတရားများရရှိ ခံစားကြရန် ဘုရားသခင်ထံ ဆုတောင်းပါ။
* သင်၏အသင်းတော်၌တည်ထောင်ဖွဲ့စည်းထားသော ခေါင်းဆောင်ပိုင်းတို့၏အခွင့်အာဏာ၌ပို၍ပြည့်ဝစွာ နာခံတတ်လာရန် ကျေးဇူးတော်နှင့် နှိမ့်ချခြင်းကိုပေးရန် ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

## ၇။
## သာသနာပလူကဲ့သို့၄င်း၊ အခွန်ခံကဲ့သို့၄င်း၊ ထိုသူကို မှတ်လော့။

*အသင်းတော်၏ စကားကို နားမထောင်လျှင် သာသနာပလူကဲ့သို့ ၄င်း၊ အခွန်ခံကဲ့သို့၄င်း၊ ထိုသူကိုမှတ်လော့(မဿဲ၊ ၁၈း၁၇)*

ကျွန်ုပ်တို့သည် ဤပြဿနာနှင့် စပ်လျဉ်းသော နှိုင်းဆဆင်ခြင်ခြင်း၏အဆုံးပိုင်းကိုရောက်ရှိလာသည်နှင့်အမျှ သခင်ယေရှုသည် သူ၏သွန်သင်ချက်အား နားထောင်နေကြသောသူတို့ကို အကယ်၍ ကျွန်ုပ်တို့၏ ညီအစ်ကိုသည် အသင်းတော်၏စကားကိုပင် နားမထောင်တော့လျှင် သာသနာပလူ(သို့)အခွန်ခံတို့အား ဆက်ဆံသကဲ့သို့ ထိုညီအစ်ကို ကိုလည်း ဆက်ဆံကြရန် ပြောကြားခဲ့သည်။ သခင်ယေရှု၏ သွန်သင်ချက်ကို လေ့လာသုံးသပ်သွားကြမည်ဖြစ်သောကြောင့် သာသနာပလူများနှင့် အခွန်ခံများမှာ မည်ကဲ့သို့သောသူများဖြစ် ကြသည်ကို ပထမဆုံးလေ့လာကြပါစို့။

သာသနာပလူတို့သည် သူတို့၏အသက်တာအား ဘုရားမရှိသကဲ့သို့ ပြုမူနေထိုင်ကြသည်။ သူတို့အသက်တာမှ ဘုရားသခင်အား ဖယ်ရှားထားခဲ့ကြပြီ။ ဘုရားသခင်နှင့် သူ၏ပြဋ္ဌာန်းထားချက်များအား အလေးအနက်ထား၍ စဉ်းစားရန် တာဝန်မရှိသကဲ့သို့ ခံစားရင်းပြုမူကျင့်ကြံကြသည်။ အခွန်ခံများသည် အခြားသူတို့၏ပိုင်ဆိုင်မှုများကို ထောက်ထားမှုမရှိကြပေ။ လူအများထံမှ အခွန်အထုတ်များကို ကောက်ခံရန် သူတို့၌ တာဝန်ရှိပြီး ထိုသူတို့အား လိမ်ညာ၍ သူတို့၏အိတ်ကပ်များကို ဖြည့်တင်းခဲ့ကြသည်။ သူတို့ထက်များစွာ ဆင်းရဲသောသူတို့အား ခြိမ်းခြောက်လုယက်ခြင်းဖြင့် သူတို့ ချမ်းသာလာခဲ့ကြသည်။ သူတပါး

အတွက် ဂရုဏာတရားမရှိကြပေ။ သူတို့အတွက်သာ အလေးထားကြသည်။

သူ့အား မူလအခြေအနေသို့ ပို့ဆောင်ပေးရန်အတွက် လုပ်ဆောင်နေသော အသင်းတော်၏အကြံပြုတိုက်တွန်းချက်များနှင့် ခက်ခဲသောစွမ်းဆောင်မှုများကို လျစ်လျူရှုနေသော ညီအစ်ကိုသည် အမှန်စင်စစ်သာသနာပလူကဲ့သို့၄င်း၊ အခွန်ခံကဲ့သို့၄င်း၊ ကျင့်ကြံလုပ်ဆောင်နေသူဖြစ်သည်။ သူသည်သာသနာပလူကဲ့သို့၄င်း၊ အခွန်ခံကဲ့သို့၄င်း၊ ဘုရားသခင်၏ပြဋ္ဌာန်းထားချက်များကို ဥပေက္ခာပြုလုပ်ခဲ့ပြီး၊ အသင်းတော်နှင့် ၄င်းအသင်းဝင်တို့အား မရိုမသေပြုနေခဲ့သည်။

ကျွန်ုပ်တို့သည် သာသနာပလူနှင့် အခွန်ခံအားမည်သို့ပြုမူဆက်ဆံကြရမည်နည်း။ သခင်ယေရှု၏သွန်သင်ချက်အား အကောင်းဆုံးနားလည်ရန် နည်းလမ်းမှာ သူကိုယ်တိုင်က သူတို့အား မည်သို့မည်ပုံဆက်ခံခဲ့သည်ကို ပြန်လည်ဆင်ခြင်သုံးသပ်ခြင်းပင်ဖြစ်သည်။ သခင်ယေရှုက တပည့်တော်များအား ရွေးချယ်ခဲ့ခြင်းအကြောင်းအား မဿဲ ၉ မှ ကျွန်ုပ်တို့စတင်လေ့လာခဲ့ကြရသည်။ မဿဲ ၉း၉ ၌ သခင်ယေရှုသည် အခွန်ခံရာတဲအနီးမှ ဖြတ်သန်းသွားစဉ် မဿဲဟု အမည်တွင်သောအခွန်ခံကို တွေ့မြင်ခဲ့သည်။ ထိုနေ့၌ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို နားဆင်ကြည့်ပါ။

> (၉) ယေရှုသည် ထိုအရပ်မှ ကြွတော်မူလျှင်၊ မဿဲအမည်ရှိသောသူ တစ်ယောက်သည် အခွန်ခံရာတဲ၌ ထိုင်နေသည်ကိုမြင်သော်၊ ငါ့နောက် သို့လိုက်လော့ဟု မိန့်တော်မူ၏။ ထိုသူတို့သည်လည်း ထ၍နောက်တော်သို့ လိုက်လေ၏။ (၁၀) ထို နောက်မှ အိမ်တွင်စားပွဲ၌ လျောင်းတော်မူစဉ်၊ အခွန်ခံသောသူများနှင့် ဆိုးသော

သူများတို့သည် လာ၍ကိုယ်တော်မှ စသော တပည့်တော်တို့နှင့်တကွ စားပွဲ၌လျောင်းကြ၏။ (၁၁) ဖာရိရှဲ တို့သည် မြင်လျှင် တပည့်တော်တို့အား သင်တို့ဆရာသည် အခွန်ခံသော သူ၊ ဆိုးသောသူတို့နှင့် အတူ အဘယ်ကြောင့် စားသနည်းဟု ဆိုကြ၏။ (၁၂) ယေရှုသည် ကြားတော်မူလျှင် ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိကြ၏ (မဿဲ၊ ၉း၉-၁၂)။

အခွန်ခံမဿဲအပေါ် သခင်ယေရှု၏တုန့်ပြန်မှုကား အဘယ်နည်း။ သခင်ယေရှုသည် မဿဲအား သူ၏တပည့်တော်တပါးဖြစ်လာရန် နောက်တော်သို့ လိုက်ရန်ခေါ်ဆိုခဲ့သည်။ သခင်ယေရှုသည် သူ၏အိမ်သို့ သွား၍သူနှင့်အတူ စားသောက်ခဲ့သည်။ သခင်ယေရှု၏လုပ်ဆောင်မှုများသည် ထိုသို့သောသူများနှင့် မသက်ဆိုင်လိုသောခေတ်ရှိ ဘာသာရေးခေါင်းဆောင်များအတွက် အလွန်စိတ်ပျက်ဖွယ်ဖြစ်နေခဲ့သည်။

လုကာ၊ ၁၈ ၌ သခင်ယေရှုပြောကြားခဲ့သော ဖာရိရှဲနှင့်အခွန်ခံတို့၏ ပုံဥပမာကို ဆင်ခြင်သုံးသပ်ကြည့်ပါ။

(၁၀) လူနှစ်ယောက်တို့သည် ဆုတောင်းပဌနာပြုခြင်းငှာ ဗိမာန်တော် ပေါ်သို့ တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ်၏။ တစ်ယောက်ကား အခွန်ခံဖြစ်၏။ (၁၁) ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက်၊ အိုဘုရားသခင်၊ သူတပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့် ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ အပြစ်ရှိသကဲ့သို့ ကျွန်ုပ်၌မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင် မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။

(၁၂) အကျွန်ုပ်သည် ခုနှစ်ရက်တွင် တစ်ရက် အစာရှောင်ပါ၏။ ဥစ္စာရှိ သမျှတို့ကို ဆယ်ဖို့တစ်ဖို့လှူပါ၏ဟူ၍ ဆုတောင်းပဌနာပြု၏။ (၁၃) အခွန်ခံမူကား၊ အဝေးက ရပ်၍ ကောင်းကင်သို့ မျှော်မကြည့်ဝံ့ဘဲ၊ ရင်ဘတ်ကို ခတ်လျက်၊ အိုဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်း ဂရုဏာစိတ်ရှိတော်မူပါ။ ဟု ဆု တောင်းလေ၏။ (၁၄) ငါဆိုသည်ကား ထိုသူတို့သည် အပြစ်ဖြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုယ်ကို ချီးမြှောက် သောသူ မည်သည်ကား နှိမ့်ချခြင်းသို့ရောက်လတံ့။ ကိုယ်ကိုယ်ကို နှိမ့်ချသောသူမည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက်လတံ့ဟု မိန့် တော်မူ၏ (လုကာ၊ ၁၈း၁၀-၁၄)။

သခင်ယေရှုသည် သူ၏ခေတ်ကာလရှိ ဘာသာရေး ခေါင်းဆောင်များနှင့် အခွန်ခံတို့အား နှိုင်းယှဉ်ထားသည့် ပုံဥပမာတွင် အခွန်ခံဘက်မှ ရပ်တည်ရန်ရွေးချယ်မှုသည်စိတ်ဝင်စားစဖွယ်မဟုတ်ပါလား။ သခင်ယေရှုသည် သူတို့၌အခြားသူများ မမြင်နိုင်သောအရာများကို တွေ့မြင်ခဲ့သည်။ သမ္မာကျမ်းစာ၌ အထင်ရှားဆုံးအခွန်ခံမှာ ဇက္ခဲဆိုသောသူဖြစ်ပါလိမ့်မည်။ သခင်ယေရှုထိုအရပ်ဒေသသို့ ရောက်ရှိ နေကြောင်းကို ကြားသိခဲ့သောအခါ ဇက္ခဲသည်သခင်ယေရှုအား တွေ့မြင်နိုင်ရန်အတွက်သစ်ပင်ပေါ်သို့တက်ခဲ့သည်။ ဇက္ခဲရှိနေသော နေရာသို့ သခင်ယေရှုရောက်ရှိလာသောအခါ လမ်းလျှောက်ခြင်းကိုရပ်၍ "ဇက္ခဲ မြန်မြန်ဆင်းလော့။ သင်၏အိမ်၌ ယနေ့ငါတည်းနေမည်"ဟု မိန့်တော်မူခဲ့သည် (လုကာ၊ ၁၉း၅)။ ဇက္ခဲသစ်ပင်ပေါ်မှ ဆင်းလာပြီးနောက် သခင်ယေရှုသည်သူနှင့်အတူ သူ၏နေအိမ်သို့ သွားခဲ့ပြီး စားသောက်ခဲ့သည်။

သခင်ယေရှုသည် ဇက္ခဲထံ၌ သူ၏အသက်တာ နေထိုင်ပုံ နှစ်ကိုယ်ကြား ပြောပြခဲ့ပြီး၊ တရားသဖြင့် ကျင့်ကြံနေထိုင်ရန် စိန်ခေါ်မှုများ ပေးခဲ့သည်။ ဇက္ခဲကလည်း တက်တက်ကြွကြွဖြင့် သခင်ယေရှုအား တုန့်ပြန်ခဲ့ပြီး၊ သူ၏အပြစ်များအတွက် နောင်တရခဲ့သည်။

သာသနာပလူများအား မည်သို့ ပြုမူဆက်ဆံကြရမည်နည်း။ ထိုသူတို့အား သခင်ယေရှုက မည်သို့တုန့်ပြန် ခဲ့သနည်း။ သူတို့က သခင်ယေရှုအားသူ၏ခေတ်ကာလ၌ မည်သို့ ပြောဆိုနေကြသည်ကို မဿဲ ၁၁း၁၉ ၌ ဆင်ခြင်သုံးသပ်ကြည့်ပါ။

> (၁၉) လူသားသည် စားသောက်လျက် လာသည်ရှိသော်၊ ဤသူသည် စားကြူးသူ၊ စပျစ်ရည်သောက်ကြူးသူပါ တကား။ အခွန်ခံသောသူနှင့် "ဆိုးသောသူ"တို့ ကို မိတ်ဆွေဖွဲ့သောသူပါတကားဟု ဆိုပြန်ကြ၏ (မဿဲ၊ ၁၁း၁၉)။

ရှင်ပေတရုက သူ၏ ခေတ်ကာလရှိ အသင်းတော် အား သာသနာပလူတို့နှင့် စပ်လျဉ်း၍ပေးခဲ့သောဩဝါဒစကားကို နားဆင်ကြည့်ပါ။

> သာသနာပလူတို့သည် သင်တို့ကိုကဲ့ရဲ့ပြစ်တင် ကြ သည် အမှုမှာ ဘုရား သခင်ကြည့်ရှုစီရင်သောနေ့၌ သင်တို့၏ ကောင်းသောအကျင့်ကို သူတို့သည် ထောက်ရှု၍ ဘုရားသခင်ကို ချီးမွမ်းမည်အကြောင်း၊ သူတို့ရှေ့၌ တင့်တယ်လျောက်ပတ်စွာ ကျင့်နေကြလော့(၁ပေ၊ ၂း၁၂)။

ရှင်ပေတရုသည် သူ၏စာဖတ်သူတို့အား သာသနာပလူများ အလယ်၌ ကောင်းမွန်မြင့်မြတ်သောအကျင့်စာရိတ္တကို ကျင့်ကြံရင်း

အသက်ရှင်ကြရန် အကြံပေးတိုက်တွန်းထားပြီး သူတို့၏ အသက်တာကြောင့် သာသနာပလူတို့သည် ဘုရားသခင်အား ချီးကျူးထောပနာပြုကြပေလိမ့်မည်။ ဤနေရာတွင် ကျွန်ုပ်တို့ရှုမြင်သုံးသပ်ရန် လိုအပ်သောအချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ သာသနာပလူတို့သည် ဘုရားသခင်အား ချီးကျူးထောပနာပြုနိုင်သောအခြေအနေသို့ ရောက်ရှိလာနိုင်ကြောင်း ရှင်ပေတရုယုံကြည်နေခဲ့သည်။ ဒုတိယအချက်မှာ သာသနာပလူတို့က ဘုရားသခင်အား ပိုမိုသိရှိနားလည်ရန်နှင့် ဘုရားသခင်ထံသို့ ဂုဏ်ကြီးခြင်းအလုံးစုံကို ယူဆောင်လာနိုင်ကြရန် ကူညီပံ့ပိုးပေးမည်။ ရည်ရွယ်ချက်ရှိသော အသက်တာဖြင့် အသက်ရှင်ကြရန် ယုံကြည်သူတို့အား ရှင်ပေတရုက ဆင့်ခေါ်တိုက်တွန်းထားသည်။

ကောရိန္သုမြို့ရှိ အသင်းတော်အား စာရေးသားပို့ရာတွင် ရှင်ပေါလုက သာသနာပလူများကြား၌ပင် မတွေ့ရသော အသင်းတော်၏ အပြုအမူအကျင့်ကြီမျာအတွက် အသင်းတော်အား ပြစ်တင်ဝေဖန်ထားခဲ့သည်(၁ကော၊ ၅း၁ ကိုကြည့်ပါ)။ ထာဝရဘုရားသခင်ကလည်း သူ၏လူမျိုးတို့အား တစ်ပါးအမျိုးသား သာသနာပလူတို့ထက်ပင်ဆိုးညစ်သောအသက်တာဖြင့် အသက်ရှင်ကြခြင်းကြောင့် အမြဲလိုလိုပြစ်တင်ဝေဖန်ခဲ့သည်(၄ရာ၊ ၂၁း၉၊ ၆ရာ၊ ၃၃း၉)။ အကယ်၍ ကျွန်ုပ်တို့သည် ညီအစ်ကိုတစ်ဦးဦးအား ပြစ်တင်စွပ်စွဲတော့မည် ဆိုလျှင် ကိုယ့်ကိုယ်ကို ဦးစွာ စမ်းစစ်ရန်လိုအပ်ကြောင်းသခင်ယေရှုမှ ရှင်းလင်းထင်ရှားစေခဲ့ပါသည်။

(၃) ကိုယ်မျက်စိ၌ရှိသော သစ်တုံးကို မအောက်မေ့ဘဲ ညီအစ်ကိုမျက်စိ၌ရှိသောငြောင့်ငယ်ကို အဘယ်ကြောင့် ကြည့်ရှုသနည်း။ (၄) ကိုယ်မျက်စိ၌ သစ်တုံးရှိလျှက်ပင် ညီအစ်ကိုအားသင်၏မျက်စိရှေ့၌ရှိသောငြောင့်ငယ် ကို

ငါထုတ်ပါရစေဟု အဘယ်သို့ဆိုသနည်း။ (၅) ဟန်ဆောင်တတ်သော သူ၊ ကိုယ်မျက်စိ၌ရှိသောသစ်တုံးကို ရှေးဦးစွာထုတ်ပစ်လော့။ နောက်မှ ညီအစ်ကိုမျက်စိ၌ရှိသောပြောင့်ငယ်ကိုထုတ်ပစ်ခြင်းငှာ သင်ရှင်းလင်းစွာ မြင်လိမ့်မည်(မဿဲ၊ ၇း၃-၅)။

ညီအစ်ကိုထံ၌ လုပ်ဆောင်ကြရမည့်အရာသည် မယုံကြည်သောသာသနာပလူတို့ထံ၌လည်း ပြုလုပ်ရမည့်အရာဖြစ်သည်။ သူတို့၏အပြစ်အားစွပ်စွဲပြောဆိုခြင်းမပြုမီ၊ ကျွန်ုပ်တို့မည်သည့်နေရာတွင်ရပ်တည်နေကြကြောင်းကိုယ်ကိုယ်ကို ဂရုတစိုက်ကြည့်ရှုကြရမည်။

မဿဲ၊ ၁၈း၁၇သည် အပြစ်ဒုစရိုက်ကိုပြု၍ နောင်တရရန်ငြင်းဆိုနေသော ညီအစ်ကိုအား ရှောင်ရှားရန်နှင့် ထိုသူအား စကားပြောဆိုခြင်းမပြုရန်ဆိုလိုသည်ဟု အနက်ဖွင့်ပြန်ဆိုထားသူများ ရှိကြသည်။ သခင်ယေရှုသည် သူ၏ခေတ်ကာလရှိ သာသနာပလူတို့နှင့် အခွန်ခံတို့အား ဆက်ဆံခဲ့သောနည်းလမ်းမဟုတ်ခဲ့ပါ။ ပြဿနာ၏သရုပ်မှန်မှာ ကျွန်ုပ်တို့သည် နောင်တမရသောယုံကြည်သူအား အခွန်ခံ(သို့) သာသနာပလူထက်ပင် ပို၍ဆိုးရွားစွာဆက်ဆံကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏မိတ်ဆွေသာသနာပလူအား ခရစ်တော်အတွက် အောင်နိုင်ရန် မျှော်လင့်ချက်များဖြင့် ထိုသူနှင့် မိတ်ဆွေဖွဲ့ရန် ကျွန်ုပ်တို့ရှာကြံကြိုးစားနေစဉ်တွင် နောင်တမရသော ညီအစ်ကိုကိုမူ ရှောင်ရှားကြပါလိမ့်မည်။ လူအများက မျက်မုန်းကျိုးနေသော အခွန်ခံတစ်ဦးအား အောင်နိုင်ရန် ကျွန်ုပ်တို့တတ်နိုင်သမျှ လုပ်ဆောင်ကြလိမ့်မည်။ သို့သော် အပြစ်၌လဲကျသွားသော ညီအစ်ကိုအား ယုံကြည်သူတို့က မည်သို့ မည်ပုံဆက်ဆံကြသည်နှင့်စပ်လျဉ်းသော မကြားဝံ့စရာ ပုံပြင်များကို ကျွန်ုပ်တို့ကြားခဲ့ကြရသည်။

သခင်ယေရှုသည် အခွန်ခံလူဆိုးတို့နှင့် မိတ်ဆွေဖွဲ့ခဲ့သည်။ သူတို့နှင့် အတူစားသောက်ခဲ့၍ စကားလည်းပြောခဲ့သည်။ သူတို့အား ယုံကြည်ခြင်းအရာ၌ ပို့ဆောင်နိုင်ရန် အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ ရှင်ပေတရုကလည်း သူတို့အား ယုံကြည်ခြင်းအရာ၌ အောင်နိုင်ရန်အတွက် ကျွန်ုပ်တို့သည်သူတို့၏ရှေ့၌ သင့်တင့်လျောက်ပတ်သော သီလအကျင့်တို့ဖြင့် ရှင်သန်ကြရန်ပြောဆိုထားသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်းသောကျမ်းပိုဒ်များတွင် လုကာ၊ ၁၅ သည် ထိရောက်လေးနက်သောကျမ်းပိုဒ်တပိုဒ်ဖြစ်သည်။ ဤကျမ်းပိုဒ်၌တွေ့ရသော သခင်ယေရှု၏ပုံဥပမာကို ဖတ်ရှုကြည့်ပါ။

(၃) ထိုအခါ ဥပမာစကားကို မိန့်တော်မူသည်ကား၊ သင်တို့တွင် တစ်စုံ တစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍၊ (၄) သိုးတစ်ကောင်ပျောက်လျှင်၊ ကိုးဆယ့်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှ ပျောက်သောသိုးတစ်ကောင်ကို မတွေ့မချင်းသွား၍ ရှာမည် မဟုတ်လော။ (၅) ထိုသိုးကို တွေ့သောအခါ ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာတင်ထမ်း၍၊ (၆) မိမိအိမ်သို့ရောက်သောအခါ အဆွေခင်ပွန်း အိမ်နီးချင်းများကိုခေါ်၍ ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်း မြောက်ကြလော့ဟု ဆိုသည်မဟုတ်လော။ (၇) ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာအကြောင်းမရှိသောသူ ကိုးဆယ်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက် နောင်တရသော လူဆိုးတစ်ယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏(လုကာ၊ ၁၅း၃-၇)။

ဤကျမ်းပိုဒ်သည် အလွန်ထိမိသော သမ္မာကျမ်းရှိကျမ်းပိုဒ် တစ်ပိုဒ်ဖြစ်သည်။ သိုးအုပ်ထဲ၌ သိုးအကောင်တစ်ရာရှိပြီး တစ်ကောင် ပျောက်ဆုံးနေကြောင်း သတိပြုပါ။ သိုးအုပ်မှ ထွက်သွားကာ ပျောက်ဆုံးသွားသော သိုးတစ်ကောင်နှင့်စပ်လျဉ်း၍ သိုးထိန်း၏ တုန့်ပြန်မှုကားအဘယ်နည်း။ အခန်းငယ် ၃ တွင် သိုးထိန်းသည် ကိုးဆယ်ကိုးကောင်သော သိုးတို့ကို သိုးခြံအတွင်း၌ထားရစ်ခဲ့ပြီး၊ ထိုပျောက်ဆုံးနေသော သိုးတစ်ကောင်ကို ရှာရန် တောသို့ထွက်ခွါခဲ့သည်။ သိုးထိန်းအတွက်အရေးကြီး ဦးစားပေး ရမည့်အရာမှာ ပျောက်ဆုံး နေသော သိုးဖြစ်သည်။ သိုးထိန်းသည် ထိုသိုးအားပြန်လည် ရှာတွေ့ ရန်နှင့် သိုးခြံသို့ ပြန်လည်ယူဆောင်လာရန်၊ မိမိတတ်နိုင်သမျှကို ပြုလုပ် ခဲ့သည်။ ထိုသို့သော တုန့်ပြန်လုပ်ဆောင်မှုသည် ပျောက်ဆုံးနေသော ကျွန်ုပ်တို့၏ ညီအစ်ကိုအထံ၌လည်းပြုလုပ်ကြရမည့် အရာမဟုတ်ပါလား။ သူ့အား ရှောင်ကြဉ်ဖယ်ခွါနေမည့်အစား သူ့အား သိုးခြံအတွင်းသို့ ပြန်လည်ယူဆောင်လာနိုင်ရန် လုပ်နိုင်သမျှကို ပြုလုပ် ကြရမည် မဟုတ်လော။

အခွန်ခံနှင့် သာသနာပလူတို့အား ကျွန်ုပ်တို့ ဆက်ဆံကြမည့် အတိုင်း ညီအစ်ကိုအား ပြုမူဆက်ဆံရာတွင် လုပ်ဆောင်မှုအများအပြား လိုအပ်နေသည်။ အကယ်၍ ကျွန်ုပ်တို့၏ညီအစ်ကိုသည်သခင်ဘုရားထံမှ လမ်းလွဲ၍ သွားနေခဲ့လျှင် ထိုသူအား မိတ်သဟာယဖွဲ့ခြင်းသို့ ပြန်လည် ပို့ဆောင်ရန် လိုအပ်နေသည်။ ထိုညီအစ်ကိုအား ကူညီရန်တတ်နိုင်သမျှ လုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဝတ္တရားပင်ဖြစ်သည်။ လုကာ ၁၅၌ တွေ့ရသော သိုးထိန်းကဲ့သို့ ထိုပျောက်ဆုံးနေသော ညီအစ်ကိုအား မှန်ကန် သောဘုရားသခင်နှင့် ဆက်နွယ်ခြင်းသို့ငှင်း၊ ခရစ်တော်၌ရှိသောသူ၏ညီ အစ်ကို(သို့) ညီအစ်မများနှင့် ပြန်လည်သင့်တင့်ခြင်းသို့ ငှင်း ပြန်လည်

ပို့ဆောင်ခဲ့ခြင်းမပြီးမြောက်မချင်း ကျွန်ုပ်တို့လက်လျှော့မသွားသင့်ပေ။

ဤသို့ဆိုထားသော်လည်း အပြစ်ဒုစရိုက်အား မလျှော့တမ်းပေလုပ်နေခြင်းအတွက် အကျိုးအဆက်များ ရှိလာမည့်အကြောင်းကို သမ္မာကျမ်းစာမှ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဤအကျိုးအဆက်များအား ဆင်ခြင်သုံးသပ်ရန် အချိန်အနည်းငယ်ယူရန်လိုအပ်သည်။

ဓမ္မဟောင်းကျမ်းရှိ ပညတ်တရားတွင် က္ကသရေလလူမျိုးများသာ ပသခါပွဲကို ဆင်နွှဲရမည်အကြောင်း ပြဌာန်းထားပြီး၊ တပါးသော သာသနာပလူများပါဝင်ဆင်နွှဲခြင်းမပြုလုပ်နိုင်ကြောင်း တားမြစ်ထားသည်။

ပသခါတရားဟူမူကား၊ တပါးအမျိုးမစားရ(ထွက်၊ ၁၂း၄၃)

ထိုနည်းလည်းကောင်းပင် ရှင်ပေါလုက ယုံကြည်သူတို့အား ပွဲတော်မင်္ဂလာ၌ပါဝင်ဆင်နွှဲခြင်းမပြုမီ၊ ကိုယ့်ကိုယ်ကို စမ်းစစ်ကြရန် ဆင့်ခေါ်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော မထိုက်တန်ဘဲ နေလျှင် ထိုသူတို့အပေါ်၌ တရားစီရင်ခြင်းရောက်ရှိလာမည်ဖြစ်သောကြောင့် ဖြစ်သည်။

> သို့ဖြစ်၍ လူတိုင်းကိုယ်ကိုယ်ကို စစ်ကြောပြီးမှ မုန့်ကိုစားစေ။ ထိုနည်းတူ ခွက်ကိုလည်းသောက်စေ။ အကြောင်းမူကား မထိုက်တန်ဘဲ စားသောက်သောသူသည် ဘုရားသခင်၏ကိုယ်တော်ကို ပိုင်းခြား၍မသိသောကြောင့် မိမိအပေါ်သို့ အပြစ်ရောက်စေခြင်းငှာ စားသောက်သောသူဖြစ်၏ (၁ကော၊ ၁၁း၂၈-၂၉)။

အကယ်၍ ညီအစ်ကို အခွန်ခံကဲ့သို့၄င်း၊ သာသနာပလူကဲ့သို့၄င်း၊ ဆက်ဆံမည်ဆိုလျှင် ထိုသူတို့အား ပွဲတော်မင်္ဂလာ၌ကျွန်ုပ်တို့နှင့်အတူ ဝင်နွှဲခြင်းကို တားမြစ်ပိတ်ပင်ကြရမည်ဖြစ်ကြောင်း အထက်ပါ

ကျမ်းပိုဒ်အားဖြင့် ထင်ရှားနေပါသည်။

ဒုတိယအနေဖြင့် တရားဟောရာ ၇း၁၄-၁၅တွင် ဘုရားသခင်သည် သူ၏လူမျိုးတို့အား တပါးအမျိုးသာသနာ့ပလူတို့၏ အုပ်စိုးခြင်းကို ခွင့်မပြုရန် ပြောကြားခဲ့သည်။

> (၁၄) သင်၏ဘုရားသခင်ထာဝရဘုရား ပေးတော်မူသောပြည်ကို သင်သည် ဝင်စား၍နေသောအခါ သင်အား ငါ့ပတ်လည်၌နေသော တစ်ပါးသောလူမျိုးတို့နည်းတူ ငါသည် ရှင်ဘုရင်အရာ၌ တစ်စုံတစ်ယောက်ကို ချီးမြှောက်မည်ဟု ဆိုလျှင်(၁၅) သင်ဘုရားသခင်ထာဝရဘုရားရွေးကောက်တော်မူသောသူ၊ ညီအစ်ကိုအမျိုးချင်းကိုသာ ရှင်ဘုရင်အရာ၌ ချီးမြှောက်ရမည်။ ညီအစ်ကို အမျိုးချင်းမဟုတ်သော တစ်ပါးအမျိုးကို မချီးမြှောက်ရ။ (တရား၁၇း၁၄-၁၅)။

ဓမ္မသစ်ကျမ်းရှိ တိတုဩဝါဒစာစောင်ကလည်း အသင်းတော်ခေါင်းဆောင်များ၌ရှိသင့်သော အရည်အချင်းများကို ဖော်ပြပေးထားသည်။ ထိုအရည်အချင်းများအနက်မှ တစ်ခုကား သင်းအုပ်များသည် "အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ" ဖြစ်ရမည့်အကြောင်းကို သတိပြုပါ။

> (သင်းအုပ်သည်) အပြစ်တင်ခွင့်နှင့်ကင်းလွတ်သူ၊ မယားတစ်ယောက်တည်းရှိသူဖြစ်လျှင် သူ၏ သားသမီးတို့သည် ကာမဂုဏ်၌ လွန်ကျူးခြင်း၊ နားမထောင်ခြင်းနှင့် ကင်းလွတ်၍သစ္စာရှိလျှင် ထိုသို့သောသူကို ခန့်ထားအပ်သည် (တိတု၊ ၁း၆)။

အသင်းတော်၏စကားကို နားထောင်ရန်ငြင်းဆန်သော

ညီအစ်ကိုသည် ခရစ်တော်ထူထောင်သောအသင်းတော်၏ခေါင်းဆောင်ပိုင်းအရာ၌ မည်သည့်ရာထူးနေရာကိုမျှ မရရှိနိုင်ကြောင်း အထက်ပါကျမ်းပိုဒ်အားဖြင့် ထင်ရှားနေပါသည်။ ခေါင်းဆောင်နေရာမှ သူ့အား ဖယ်ရှားရမည်ဖြစ်သည်။

တတိယအနေဖြင့် ဧဇရ ၄း၁-၃ ရှိကျမ်းချက်များကိုသုံးသပ်ဆင်ခြင်ကြည့်ပါ။

(၁) ဖမ်းသွားခြင်းခံရသောအမျိုးသားတို့သည် ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားအဘို့ ဗိမာန်တော်ကိုတည်ကြသည်ဟု ယုဒအမျိုးနှင့် ဗင်္ယာမိန်အမျိုးတို့၏ ရန်သူသည်ကြားလျှင် ၊ (၂) ဇေရုဗဗေလနှင့် ဆွေမရှိသူကြီးတို့ထံသို့လာ၍ ငါတို့သည် သင်တို့ထံ၌ တည်းခိုပါရစေ။ သင်တို့၏ဘုရားသခင်ကို သင်တို့ရှာသကဲ့သို့ ငါတို့လည်း ရှာကြ၏။ ငါတို့ကို ဤပြည်သို့ဆောင်ခဲ့သော အာရှုရိရှင်ဘုရင်ဧသရဟဒ္ဒန် လက်ထက်မှစ၍ ထိုဘုရားသခင်အား ယဇ်ပူဇော်ကြသည်ဟု ဆိုကြသော်၊ (၃) ဇေရုဗေလနှင့်ယောရှုအစရှိသော ဣသရေလဆွေမျိုးသူကြီးတို့က ငါတို့၏ဘုရားသခင်အဘို့ ဗိမာန်တော်တည်ခြင်းအမှုကို သင်တို့သည် ငါတို့နှင့်ဝိုင်း၍မလုပ်ရ။ ပေရသိရှင်ဘုရင် ကုရုမင်းကြီး အမိန့်တော်အတိုင်း ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားအဖို့ ငါတို့သည်ကိုယ်တိုင် တည်ရမည်ဟု ပြန်ပြောကြ၏(ဧဇရ၊ ၄း၁-၃)။

ဇေရုဗဗေလနှင့် ယောရှုတို့က ဘုရားသခင်၏နိုင်ငံတော်ခဲ့ထွင်

ခြင်းအမှုသည် ဘုရားသခင်၏လူမျိုးများနှင့်သာ သက်ဆိုင်ကြောင်း ယုံကြည်ခဲ့ကြသည်။ ထိုအမှု၌သာသနာပလူတို့အတွက် နေရာမရှိပါ။

ဤအချက်ကို ရှင်ပေါလုကလည်း ဓမ္မသစ်ကျမ်း၌အောက်ပါ အတိုင်းပြောကြားခြင်းဖြင့် အတည်ပြုပေးခဲ့သည်။

(၁၅) မယုံကြည်သောသူတို့နှင့် တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့ လက်ခံနိုင် မည်နည်း။ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ ဆက်ဆံနိုင်မည်နည်း။ (၁၅) ခရစ်တော်သည် ဗေလျာလနှင့် အဘယ်သို့ သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည် မယုံကြည်သောသူနှင့် အတူ အဘယ်အကျိုးအပြစ်ကို ခံရမည်နည်း(၂ကော၊ ၆း၁၄-၁၅)။

ညီအစ်ကိုအား သာသနာပလူကဲ့သို့ ဆက်ဆံရာတွင် ဤစည်းမျဉ်းဥပဒေကို ကျင့်သုံးရမည်။ သာသနာပလူကဲ့သို့ မှတ်ယူဆက်ဆံခံရသော ညီအစ်ကိုသည် ဘုရားသခင်၏နိုင်ငံတော် ချဲ့ထွင်ခြင်း အမှု၌ မပါဝင်နိုင်ပါ။ ထိုသူသည် နောင်တရ၍ မူလအခြေအနေသို့ ပို့ဆောင်မခံရမချင်း အချိန်အထိ ဒေသန္တရအသင်းတော်၏ အမှုတော်တာဝန်များမှ ဖယ်ရှားထားကြရမည်။

ညီအစ်ကိုအား ဤသို့သောလက်ငင်းဒဏ်ခတ်ခြင်းများ၏ တဘက်တွင် အပြစ်ဒုစရိုက်အား ဆက်လက်လုပ်ဆောင်ခြင်း၏ အခြားအကျိုးဆက်များ ရှိနေသေးသည်။ ဤအကျိုးအဆက်များသည် ပွဲတော်မင်္ဂလာ၌ မပါဝင်နိုင်ခြင်း၊ ဒေသန္တရအသင်းတော်၌ ဦးဆောင်ခြင်း (သို့) အမှုဆောင်ခြင်းတို့ထက်ပင် ပို၍ပြင်းထန်ပါသည်။

ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အား ဆက်လက်လုပ်ဆောင်

နေကြသောအခါ၊ ကျွန်ုပ်တို့နှင့်ဘုရားသခင်၏ဆက်နွှယ်မှုအား အမျိုးမျိုးသော နည်းလမ်းများဖြင့် ဟန့်တားနှောင့်ယှက်ခံရကြောင်းကို သမ္မာကျမ်းစာမှ သွန်သင်ထားသည်။

တမန်တော်ပေတရုက သူ၏ခေတ်ကာလရှိ အိမ်ထောင်ရှင် အမျိုးသားများအား သူတို့၏ဇနီးမယားများကို ညာတာထောက်ထားခြင်း မရှိလျှင် သူတို့၏ဆုတောင်းသံများသည် တားဆီးဟန့်တားခံရမည့် အကြောင်းပြောကြားခဲ့သည်။

ထိုနည်းတူ ယောကျ်ားတို့ ဆုတောင်းခြင်းအမှု၌ အဆီးအတား မရှိစေခြင်းငှာ အသက်ရှင်ခြင်း ကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ်ခင်ပွန်းနှင့်အတူ နေ၍ အားနည်းသောသူကို ပြုသင့်သည့်အတိုင်း သူကို စောင့်မပြုစုကြလော့ (၁ပေ၊ ၃း၇)။

ကျွန်ုပ်တို့၏ဇနီးမယားများအပေါ်၌ ညာတာထောက်ထားမှုမရှိခြင်းက ကျွန်ုပ်တို့၏ဆုတောင်းသံအား ဟန့်တားခဲ့လျှင် အသင်းတော်၏ စကားကို နားမထောင်ရန် ပြင်းထန်သော မာကျောသည့် နှလုံးသားသည် ဆုတောင်းသံများ၏အဖြေများအား မည်မျှပို၍ဟန့်တားလိမ့်မည်နည်း။ အသင်းတော်၏စကားကို နားမထောင်ဘဲ သူ၏အပြစ်များအတွက် နောင်တမရသောသူအသီးသီး၏ ဆုတောင်းသံများကို ဖြေကြားရန် ဘုရားသခင်လွယ်ကူစွာ ငြင်းပယ်ခဲ့လိမ့်မည်။

ဒုတိယအချက်အနေဖြင့် မဿဲ ၈း၂၄-၂၅ တွင် သခင်ယေရှုက သူ့အား နားထောင်နေသူတို့အထံ၌ ပြန်လည်သင့်မြတ်ခြင်းကို မလိုလားသော ညီအစ်ကို(သို့) ညီအစ်မ၏ကိုးကွယ်ပသခြင်းကို ဘုရားသခင် လက်မခံမည့်အကြောင်းအား ပြောကြားခဲ့သည်။

(၂၃) ထို့ကြောင့် သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌ အပြစ်တင်ခွင့် တစ်စုံတစ်ခုရှိသည် ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍ သွားလော့။ (၂၄) ညီအစ်ကိုနှင့် သင့်တင့်ပြီးမှ ပြန်၍ပူဇော်သက္ကာကို တင်လော့ (မဿဲ၊ ၅း၂၃-၂၄)။

ဘုရားသခင်နှင့်ဆက်သွယ်၍ မရသော ခံစားချက်မျိုးကို သင်ခံစားခဲ့ဖူးပါသလား။ ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ရန်နှင့် ဆုတောင်းရန် ဘုရားသခင်အထံပါးချဉ်းကပ်စဉ် ဘုရားသခင်က သူ၏မျက်နှာတော်အား အခြားတဘက်သို့ လှည့်ပြောင်းလိုက်သည်ကို မြင်ရသည့်အဖြစ်လောက်ဆိုးရွားသောအရာ ယုံကြည်သူများအတွက် ရှိတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အား တဇွတ်ထိုးလုပ်ဆောင်ကြသောအခါ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘနှင့် မိဿဟာယဖွဲ့ခြင်းမှာ ကျိုးပဲ့ပျက်စီးသွားရတော့သည်။

ကျွန်ုပ်တို့၏အလုပ်အမျိုးအစားကို ဘုရားသခင်က စီရင်နည့်အကြောင်းကို ၁ကော၊ ၃ မှ ပြောပြထားသည်။

(၁၂) ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍ တည်ဆောက်သောသူ ရှိသမျှ (၁၃) အသီးသီးလုပ်သော အလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဖော်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှား စေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သော အလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။ (၁၄) ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍

တည်ဆောက်သော အကြင်သူ၏အလုပ်သည် မြဲ၏။
ထိုသူသည် အကျိုးကိုခံရလိမ့်မည်(၁ကော၊ ၃း၁၂-၁၄)။

ဆိုလိုသည်မှာ ကျွန်ုပ်တို့၏လုပ်ဆောင်မှုများအတွက် ဘုရားသခင်ထံ၌ ပြန်လည်အစီရင်ခံဖြေကြားကြရမည်။ ကျွန်ုပ်တို့သည် ဤအချင်းအရာကို ပေါ့ပေါ့တန်တန်ပြော၍မရပါ။ တရားစီရင်ခြင်းနေ့၌ ဘုရားသခင်၏ရှေ့တော်မှောက်၌ ကျွန်ုပ်တို့ရပ်ကြသောအခါတွင် ပုန်ကန်ခြင်းနှင့် အပြစ်ဒုစရိုက်အတွက် ကျွန်ုပ်တို့၏အချိန်များကို မည်သို့ ဖြုန်းတီးပစ်ခဲ့ကြသည်ကို သိမြင်လာကြမည်ဖြစ်ပြီး၊ အပြုအမူ၏ အကျိုးအဆက်မှာ ကြောက်ခမန်းလိလိပင်ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် သေချာစိတ်ချရပြီဖြစ်သော်လည်း ကျွန်ုပ်တို့အတွက် လျာထားသော ဆုလဒ်များကိုမူ ဆုံးရှုံးကြရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ချီးမွမ်းထောပနာပြုခံရခြင်းကိုလည်း လက်လွှတ်ကြရမည်ဖြစ်သည်။

နောင်တရရန် ငြင်းပယ်၍ သူ၏အပြစ်ဒုစရိုက်၌သာ ဆက်လက် ပျော်ပိုက်နေသောညီအစ်ကိုအား အသင်းတော်၏သာသနာလုပ်ငန်းမှ ဖယ်ရှားပစ်ရမည်သာမက၊ သူ၏ဆုတောင်းသံနှင့် သူ၏ကိုးကွယ်ပသခြင်း များကိုလည်း ဘုရားသခင်က ငြင်းပယ်ခဲ့မည်ဖြစ်ပြီး၊ နောက်ဆုံးတွင် သူ၏လုပ်ရပ်များအတွက် တရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ ဤအချင်းအရာများသည် ဘုရားသခင်၏မျက်မှောက်တော်၌ ကြီးလေးသော အရာများဖြစ်ကြပြီး၊ ထာဝရတည်သောအကျိုးအဆက်များလည်း ဖြစ်နေပေလိမ့်မည်။

**ဆင်ခြင်သုံးသပ်ရန်အချက်များ**

- နောင်တမရသော ညီအစ်ကို(သို့) ညီအစ်မအား အခွန်ခံ (သို့) သာသနာပလူနှင့် မည်သို့နှိုင်းယှဉ်နိုင်သနည်း။

* သခင်ယေရှုသည် သူ၏ခေတ်ကာလ၌ ရှိခဲ့ကြသော အခွန်ခံနှင့် သာသနာပလူတို့အား မည်သို့ မှတ်ယူဆက်ဆံခဲ့သနည်း။ ကျွန်ုပ်တို့၏ အပြစ်၌လဲကျနေသော ညီအစ်ကိုကိုလည်း မည်သို့ မှတ်ယူဆက်ဆံရန် ကျွန်ုပ်တို့အား မျှော်လင့်ထားသနည်း။
* သင့်အသင်းတော်သည် အပြစ်၌လဲကျနေသော ညီအစ်ကိုများ (သို့) အစ်မညီမများအား မည်သို့မှတ်ယူဆက်ဆံခဲ့သနည်း။
* အသင်းတော်၏စကားကို နားထောင်ရန် မငြင်းဆန်ခြင်းအတွက် သမ္မာကျမ်းစာ၌ ဖော်ပြထားသော အကျိုးအဆက်များကား အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

* သင်သည် အပြစ်၌လဲကျနေသော ညီအစ်ကိုအား အခွန်ခံ(သို့) သာသနာပလူတို့ထက်ပင် ဆိုး၍ားစွာ မှတ်ယူ ဆက်ဆံခဲ့သည့် အချိန်အခါများ အတွက် ဘုရားသခင်ထံ၌ ခွင့်လွှတ်ခြင်းကို တောင်းလျှောက်ပါ။ ကျွန်ုပ်တို့၏ညီအစ်ကိုအား သူလိုအပ်နေသည့်အတိုင်း ချစ်ခင်နိုင်ရန် ဘုရားသခင်ထံ၌ ကျေးဇူးတော်ကို တောင်းလျှောက်ပါ။
* အပြစ်၌လဲကျနေကြသောသူများထံ၌ ပြသခဲ့သော သူ၏ ဂရုဏာ၊ ခွင့်လွှတ်ခြင်းတရားပုံသာဓကများအတွက်ဘုရားသခင်ကို ကျေးဇူးတင်လိုက်ပါ။
* သင့်အသင်းတော်သည် ၄င်းတို့၏အလယ်ရှိ အပြစ်၌လဲပြိုနေသော သူတို့ထံ၌ ဘုရားတရားကြည်ညိုသော အပြုအမူမျိုးကို ပြသနိုင်ရန်အတွက် ဘုရားသခင်၏စောင်မခြင်းကို တောင်းလျှောက်ပါ။

၈။

# ပြဿနာဖြေရှင်းရန်အဖြေမရှိသောအခါ

ဤသင်ခန်းစာအား အဆုံးသတ်နိဂုံးချုပ်ရာတွင် ကျွန်ုပ်တို့ လေ့လာသင်ယူခဲ့ကြသောအကြောင်းအရာများနှင့်သမ္မာကျမ်းစာရှိ ကျန်ရှိနေသောအကြောင်းအရာတို့အား နှစ်ဘက်မျှ၍ ချင့်ချိန်ရန် လိုအပ်လာသည်။ အပြစ်ဒုစရိုက်၌ နစ်မွန်းနေသော ညီအစ်ကိုအား လိုက်လံတားဆီးရန် အရေးပါခြင်းအား ရှင်းလင်းပေးခဲ့ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ညီအစ်ကို၏ပြဿနာအားဖြေရှင်းရန်အတွက်၄င်း၊ သူ့အား မိတ်သဟာယဖွဲ့ခြင်းသို့ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက်၄င်း၊ ကျွန်ုပ်တို့တတ်နိုင်သမျှစွမ်းဆောင်ကြရမည်ဖြစ်သည်။ မဿဲ ၁၈း၁၅-၁၇ ရှိ သခင်ယေရှုသွန်သင်ချက်၏ ရည်ရွယ်ချက်ပန်းတိုင်မှာ မူလအခြေအနေသို့ ရောက်၍မွှမ်းမံခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့ ညီအစ်ကိုနှင့် ကျွန်ုပ်တို့ကြားရှိ ပြဿနာကိုဖြေရှင်းရန် တတ်နိုင်သမျှလုပ်ဆောင်ခြင်း၏အရေးကြီးပုံကို ဖော်ပြထားခဲ့ပြီးသော်လည်း၊ ကျွန်ုပ်တို့သတိပြုကြရမည့်အချက်မှာ ပဋိပက္ခတိုင်းသည် ဖြေရှင်း၍ရနိုင်မည်မဟုတ်ဟူသော အချက်ပင်ဖြစ်သည်။ တစ်ခါတရံတွင် ကျွန်ုပ်တို့ဘက်မှ အရာအားလုံးကိုအကောင်းဆုံးလုပ်ဆောင်ခဲ့ကြသည့်တိုင်အောင် ပြဿနာ ဆက်လက်၍ရှိနေပါသေးသည်။ ရှင်ပေါလုသည် ဤအချက်ကို နားလည်သဘောပေါက်ခဲ့ပြီး ရောမ၊ ၁၂း၁၈ တွင် ဆိုထားခဲ့သည်မှာ -

> သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့် အသင့်အတင့်နေကြလော့။

ဤကျမ်းချက်၌ ရှင်ပေါလုပြောဆိုထားချက်များကို သတိပြုပါ။

"သင်တို့သည် တတ်နိုင်သမျှအတိုင်း" ဟုဆိုရာတွင် ရှင်ပေါလုသည် လူတိုင်းနှင့် အမြဲတမ်းသင့်တင့်စွာ နေထိုင်ရန်မှာ မဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အား ပြောပြထားသည်။ ကျွန်ုပ်တို့အား ဆန့်ကျင်နေသူများနှင့် ကျွန်ုပ်တို့အပေါ်၌ ယုတ်မာသောအတွေးများ ရှိနေသူများလည်း ရှိကြလိမ့်မည်။ သခင်ယေရှုကိုယ်တိုင်၌ပင် ရန်သူများရှိခဲ့ပါသည်။ ဤလူများသည် သူ့အား မုန်းတီးခဲ့ကြပြီး၊ ကားတိုင်ထက်၌ပင် အဆုံးစီရင်ခဲ့ကြပါသည်။ သူနှင့်ထိုသူတို့ကြားရှိ ပဋိပက္ခမှာ ဖြေရှင်း၍မရခဲ့သကဲ့သို့ ကပ်ကမ္ဘာဆုံးတိုင်အောင် ဖြေရှင်း၍ရမည့်အရာလည်း မဟုတ်ပါ။ ခရစ်တော်အား မုန်းတီးသူတို့သည် ပြန်လည်မွမ်းမံခြင်း(သို့)ပြန်လည်သင့်မြတ်စေခြင်း၊ မျှော်လင့်ချက်များမဲ့လျက် သူအထံမှ ခွဲထားခြင်းကို ခံကြရမည်။ ထို့ကြောင့် ကျွန်ုပ်တို့ကြားရှိ ကွဲပြားခြားနားချက်များကို ဘယ်သောအခါတွင်မျှစာရင်းရှင်းရန်မဖြစ်နိုင်သောသူများလည်း ရှိမည့်အကြောင်း ဟူသောအချက်က ကျွန်ုပ်တို့အား အံ့အားမသင့်စေသင့်ပါ။

အသင်းတော်၏စည်းမျဉ်းစည်းကမ်းများသည် ကျွန်ုပ်တို့၏ ပြဿနာများကို အမြဲတမ်း မဖြေရှင်းပေးနိုင်ပါ။ အသင်းတော်မှ အရေးယူအပြစ်ပေးသည့်နောက်ပိုင်းတွင်ပင် ညီအစ်ကို(သို့)ညီအစ်မသည် သူ/သူမ၏အပြစ်၌ပင် ဆက်လက်အသက်ရှင်နေပေလိမ့်မည်။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ညီအစ်ကို(သို့)ညီအစ်မအကြား၌ ရှိနေသော ပြဿနာအတွက် အဖြေရှာမတွေ့သောအခါ ကျွန်ုပ်တို့ မည်သို့ လုပ်ဆောင်ကြရမည်နည်း။

**ဆက်၍ချစ်ခင်ပါ**

ယေဇကျေလ ၃၅ တွင် ဘုရားသခင်သည် စိရတောင်ရှိ လူမျိုးများ(ဧသော၏မျိုးနွယ်များ)အပေါ်၌အမျက်တော်ထွက်ခဲ့သည်။ အဘယ့်

ကြောင့်ဆိုသော် သူတို့သည် "အစဉ်ရန်ငြိုးဖွဲ့၍ ဣသရေလအမျိုးတို့၌ အမှုရောက်သောကာလအပြစ်ကြောင့် ခံရသောကာလအဆုံး၌ သူတို့ အသက်ကို ဓါးနှင့်သတ်သောကြောင့်" ဖြစ်သည်။

(၃) အို ဧဒုံတောင်၊ သင့်တဘက်၌ပါနေ၏။ သင့်ကို ငါတိုက်၍ သုတ်သင် ပယ်ရှင်းမည်။ (၄) သင်၏မြို့တို့ကို ငါဖျက်ဆီးသဖြင့် သင်သည် လူဆိတ်ညိမ်လျှက်ရှိ၍ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို သိရလိမ့်မည်။ (၅) သင်သည် အစဉ်ရန်ငြိုးဖွဲ့၍ ဣသရေလအမျိုးတို့၌ အမှုရောက်သောကာလ၊ အပြစ်ကြောင့် ခံရသောကာလ အဆုံး၌ သူတို့ အသက်ကို ဓါးနှင့်သတ်သောကြောင့် (၆) အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ အသက်ရှင် သည့်အတိုင်း အသက်သတ်ခြင်းအမှုကို သင် ၌ ငါပြု၍ ထိုအမှုသည် သင်ကိုလိုက်ရမည်။ အသက် သတ်ခြင်း အမှုကို သင်မမုန်းသောကြောင့် ထိုအမှုသည် သင့်ကို လိုက်ရလိမ့်မည်။ (ယေဇ၊ ၃၅း၃-၆)။

"အစဉ်ရန်ငြိုးဖွဲ့၍" ဟူသော ကိုးကားချက်သည် ဤလူမျိုးကြီး နှစ်မျိုး၏ဘိုးဘေးများဖြစ်ကြသော ယာကုပ်နှင့်ဧသောတို့ခေတ်တိုင် ရောက် ရှိသွားရသည်။ ယာကုပ်သည် ဧသော၏မွေးရာအခွင့်အရေးနှင့် ကောင်းချီးမင်္ဂလာများကို ခိုးယူခဲ့သည်။ ဧသောသည် ယာကုပ်အားသတ် မည်ဟု ကျိန်ဆိုခဲ့သည် (ကမ္ဘာ၊ ၂၇း၄၁)။ ဤနာကျည်းခါးသီးမှုသည် အဘထံမှ သားများထံသို့ လက်ဆင့်ကမ်းကျော်ဖြတ်လာခဲ့ပြီး ဧသော၏ အမျိုးအနွယ်တစ်ခုလုံးသည် ဣသရေလလူမျိုးတို့အား မုန်းတီးသဖြင့် သူတို့အား ရန်သူတို့၏ လက်သို့လွှဲအပ်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့အပေါ်၌ အမျက်တော်ထွက်ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော်

သူတို့သည် သူ၏လူမျိုးတော်တို့အပေါ်၌ အမျက်ဒေါသနှင့်နာကျည်းခါး သီးမှုများ ပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့နှင့်ညီအစ်ကိုကြား၌ ဖြေရှင်း၍မရသော ပြဿနာ တစ်ခုရှိနေခြင်းသည် တစ်မျိုးဖြစ်၍ ညီအစ်ကိုအား အမျက်ဒေါသနှင့် ခါးသီးနာကျည်းမှုမှ တုန့်ပြန်ခြင်းသည် ဆိုးရွားသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရန်သူတို့အား ချစ်ကြရန်နှင့်သူတို့အပေါ်၌ ကောင်းသောအရာများကို ပြုကြရန် သခင်ယေရှုက သွန်သင်ခဲ့ပါသည်။

(၄၄) ငါပြညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသော်ငှာ၊ သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲသော သူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို နှောင့်ယှက်ညှဉ်းဆဲသောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ (၄၅) အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့၏ အဘ သည် ကောင်းသော သူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏ နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့ အပေါ်၌ မိုးကို ရွာစေတော်မူ၏ (မဿဲ၊ ၅း၄၄-၄၅)။

အကယ်၍ သင်နှင့် သင့်ညီအစ်ကိုအကြားရှိ ပြဿနာအတွက် အဖြေရှာမတွေ့လျှင်လည်း သင်၏ညီအစ်ကိုအား ဆက်လက်၍ ချစ်သွားနိုင်ပြီး၊ သူ့အတွက် လုပ်နိုင်သမျှကိုလည်း သင်လုပ်ဆောင်နိုင်ပါသေးသည်။ သူ့အား ဆက်လက်၍ ချစ်နေခြင်း၊ လိုအပ်မှုများဖြည့်ဆည်းပေးခြင်း(သို့) မိတ်ဆွေဖြစ်ပေါင်းသင်းနေခြင်းသည် သူလုပ်ဆောင်ခဲ့သော အရာများအား ထောက်ခံပေးနေသည်ဟု မဆိုပါ။ သူ၏ပြုမူဆောင်ရွက်မှု

များနှင့် ဘယ်သောအခါတွင်မျှ သဘောတူလာနိုင်မည်မဟုတ်သော်လည်း သူ့အား ကျွန်ုပ်တို့ဆက်၍ချစ်နေနိုင်ပါသေးသည်။

**ပြဿနာကိုချန်ထားခဲ့ပါ**

ကျွန်ုပ်တို့သည် ပြဿနာအား ချန်ထားခဲ့ခြင်းကို သင်ယူရမည့် အချိန်များရှိလာပေမည်။ သုတ္တံစကားအား စီရင်ခဲ့သူမှ ပြောဆိုထားသည်မှာ -

ရန်တွေ့စ အမှုသည် ရေကန်အောက်ပေါက်စကဲ့သို့
ဖြစ်သောကြောင့် ရန်မတွေ့မီ တွေ့စရာအကြောင်းကို
ရှောင်လော့(သုတ္တံ၊ ၁၇း၁၄)။

ပြဿနာကို မည်သည့်အချိန်၌ ချန်ထားရမည့်ကို သိရှိနိုင်သော ဉာဏ်ပညာ ၊ ကျွန်ုပ်တို့၌မရှိသောအခါ ကျွန်ုပ်တို့ညီအစ်ကိုနှင့် ပြဿနာကို ပိုမိုကြီးထွားလာရန် ဖန်တီးနေပြီး၊ အခြေအနေကိုလည်း ပိုမိုဆိုးရွားသွားစေနိုင်သည်။ သုတ္တံ၁၇း၁၄ မှ ရန် မီးစမပွါးမှ ထိုပြဿနာအားချန်ထားရန် လိုအပ်ကြောင်း ကျွန်ုပ်တို့အား သတိပေးထားသည်။ ဤအရာသည် စိရတောင်တဝိုက်၌နေထိုင်ကြသောသူများ၏ ပြဿနာပင်ဖြစ်ကြောင်း ယေဇကျေလ ၃၅ (အထက်၌ကိုးကားခဲ့ပြီးဖြစ်သည်)တွင် ဖော်ပြ ထားသည်။ သူတို့သည် ထိုပြဿနာအား မည်သည့်အချိန်၌ ချန်ထားရစ်ရမည် မသိကြသောကြောင့် ရလာဒ်အနေဖြင့် မျိုးစဉ်မျိုးဆက်တစ်ခုလုံး ဣသရေလလူမျိုးတို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပါသည်။

တမန်တော်ရှင်ပေါလုကလည်း ဖခင်များအားရေးသားပေးပို့ရာတွင် ဤသြဝါဒတရားသူ၌ရှိနေခဲ့သည်။

အဘတို့ ကိုယ့်သားသမီးကို စိတ်ဆိုးစေခြင်းငှာ မပြုကြနှင့်။ ဘုရားသခင်၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျှက် ကျွေးမွေးကြလော့(ဧဖက်၊ ၆း၄)။

ကျွန်ုပ်တို့၏ အပြုအမူ(သို့)စကားလုံးများဖြင့် လူတို့၏ဒေါသကို နှိုးဆွပေးလျှင် ထိုသူတို့အား စိတ်ဆိုးအောင်လုပ်ဆောင်ခဲ့ကြပြီဖြစ်သည်။ ရှင်ပေါလုသည် ဖခင်တစ်ဦးမှ သူ၏သားအပေါ်၌ ပြောဆိုစရာအကြောင်း ရှိလာသော အခြေအနေတစ်ခုကို ဖော်ပြထားသည်။ ဖခင်ဖြစ်သူသည် သူ၏အမျက်ဒေါသများကို သားအပေါ်၌ တဖွတ်ထိုးသွန်းလောင်းကာ အဆုံးတွင် သားဖြစ်သူမှာ စိတ်ဆိုးလာပြီး ကြမ်းတမ်းသော တုန့်ပြန်မှုများကို ပြုလုပ်လာတော့သည်။ ခရစ်တော်၌ တည်ကြသော ကျွန်ုပ်တို့ညီအစ်ကို (သို့) ညီအစ်မနှင့် ဆက်ဆံရေးတွင်လည်း အထက်ပါအချင်းအရာကို ကျွန်ုပ်တို့အလွယ်တကူ ပြုလုပ်နိုင်ကြပါသည်။ သူတို့၏အပြစ်များကို ဆက်ကာဆက်ကာပြောပြနေပြီး၊ သူတို့နှင့်တွေ့ဆုံတိုင်း သူတို့၏အပြုအမူ များကို အမြဲတမ်းသတိပေးတတ်ကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် သူတို့၏အမျက်ဒေါသကို နှိုးဆွပေးနေ ကြပါသည်။ ထိုသို့ မပြု ကြရန် ကျွန်ုပ်တို့အား မိန့်မှုထားပါသည်။ "တိတ်ဆိတ်စွာနေရသောအချိန်နှင့် စကားပြောရသောအချိန်လည်းရှိသည်။"ဟု ပြောဆိုခဲ့ခြင်းဖြင့် ဒေသနာဆရာသည် ကျွန်ုပ်တို့အား ပညာရှိဩဝါဒစကားကို ပေးထားခဲ့သည် (ဒေသနာ ၃း၇)။ အကယ်၍ ပြဿနာအား ဖြေရှင်းရန်အတွက် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုသည် ညီအစ်ကိုအတွက် အပြစ်ကျူးလွန် ရန် ပို၍ဖန်တီးနေလျှင်၊ တိတ်ဆိတ်နေခြင်းကအကောင်းဆုံးဖြစ်နေခဲ့မည် မဟုတ်ပါလား။

အာမုတ်အနာဂတ္တိကျမ်းတွင် ဆိုးယုတ်သောကာလ၌ တိတ်ဆိတ်စွာ နေရမည်ဟူသော ပညာရှိစကားအကြောင်းအား မြွက်ဆိုထားသော စိတ်ဝင်စားဖွယ်ကျမ်းချက်တစ်ချက်ရှိပါသည်။

(၁၂) သင်တို့အထပ်ထပ် လွန်ကျူးသောဒုစရိုက်၊ အလွန်
လေးသော အပြစ်တို့ကို ငါသိ၏။ ဖြောင့်မတ်သူကို

နှောင့်ယှက်တတ်ကြ၏။ တံစိုးစား တတ်ကြ၏။ ဆင်းရဲသားကို တံခါးဝတွင် မတရားသဖြင့် စီရင်တတ်ကြ၏။ (၁၃) ထိုသို့သောကာလသည် ဆိုးယုတ်သော ကာလဖြစ်သောကြောင့် ပညာရှိသူသည် တိတ်ဆိတ်စွာနေလိမ့်မည်(အာမုတ်၊ ၅း၁၂-၁၃)။

ဤကျမ်းပိုဒ်တွင် ဥာဏ်အမြော်အမြင်ရှိသူသည် ဆိုးယုတ်သောကာလ၌ တိတ်ဆိတ်စွာနေမည့်အကြောင်းကို အာမုတ်ထုတ်ဖော်ပြောကြားထားသည်။ ပရောဖက်သည် ဆိုးသွမ်းသော အစိုးရမင်းများမှ ဖြောင့်မတ်သောသူတို့အား ဖိနှိပ်ချုပ်ချယ်၍ တရားမျှတမှုခံစားခွင့်ကို ပိတ်ပင်ထားခဲ့ကြမည့်အချိန်ကာလအကြောင်းအား ပြောကြားနေသည်။ ဤသို့သောဆိုးယုတ်သည့်ကာလတွင် ဖြောင့်မတ်သူများက ဤအကြောင်းအရာများကို ပွင့်လင်းစွာ ပြောဆိုခဲ့ကြလျှင်လည်း သူတို့အား နားထောင်ခဲ့ကြမည်မဟုတ်ပါ။ အမှန်အားဖြင့် သူတို့၏ပြောဆိုရပ်တည်မှုများကြောင့်ပင် စွပ်စွဲခံရ၍ အပြစ်ဒဏ်ချမှတ်ခြင်းကိုပင် ခံခဲ့ကြလိမ့်မည်။ ထိုထက်ဆိုးရွားသော အနိဋ္ဌာရုံကို ရှောင်ရှားရန်အတွက် ပညာရှိသူက တိတ်ဆိတ်စွာနေရန်နှင့် ထိုပြဿနာအား ဘုရားသခင်လက်တော်၌ အပ်နှံထားရန် ပြောပြထားခဲ့သည်။ တရားမျှတမှုနှင့် ဖြောင့်မတ်ခြင်းတရားကို ရှာကြံကြရမည့်အချိန်ရှိသကဲ့သို့ ပြဿနာအား ချန်ထား၍ ဘုရားသခင်၏လက်တော်ထဲ၌အပ်နှံရမည့်အချိန်လည်း ရှိခဲ့ပါမည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့ညီအစ်ကိုအတွက် ပို၍ကြီးမားသောအပြစ်ကို ကျူးလွန်ရန် ကျွန်ုပ်တို့ နှိုးဆော်ရာကြနေမည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။

ပရောဖက်ဟောရှာယက မေရှိယသည် ဖိနှိပ်ညှဉ်းပန်းခံရ၍ဒုက္ခဝေဒနာပေးခြင်းကို ခံခဲ့ရမည်ဖြစ်သော်လည်း သူ့အားစွပ်စွဲသူတို့အား ဆန့်ကျင်ရန် နှုတ်ကိုပင် ဖွင့်ဟခဲ့မည်မဟုတ်ကြောင်း ဟောကိန်းထုတ်ခဲ့

ပါသည်။ ထိုသို့ပြမည့်အစား လက်စားချေလိုစိတ်အားလုံးကို အဖဘုရား၏ လက်တော်ထဲ၌အပ်နှံခဲ့သည်။

> ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိပ်စက်ရှုတ်ချခြင်းကို ခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာ ဆောင်သွားသော သိုးသူငယ်ကဲ့သို့ သူ့ကို ဆောင်သွား၍ သိုးသည် အမွေးညှပ်သောသူ ရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကို မဖွင့်ဘဲနေ၏(ဟေရှာယ၊ ၅၃း၇)။

သခင်ယေရှုသည် သူ့အား ရိုက်နှက်၍ ကားတိုင်တင်ခဲ့ကြသောသူတို့၏ အမှုမှ ကိုယ်ကိုကိုယ် မကာကွယ်ခဲ့ပါ။ သူ့ထံ၌ ဖြစ်ပျက်နေသော အရာများကို ကောင်းသောအရာအတွက်အသုံးပြုရန် အဖဘုရားအား ယုံကြည်ကိုးစားခဲ့သည်။ အဖဘုရားကလည်း ဤအတိုင်းအတိအကျ လုပ်ဆောင်ခဲ့သည်။ သခင်ယေရှုသည် အမှုလူတို့၏ မတရားမှုကြောင့် ကားတိုင်သတ်ခြင်းကို ခံခဲ့သော်လည်း သူ၏အသေခံခြင်းသည် လူသား များအတွက် ကယ်တင်ခြင်းကို ဖော်ဆောင်ပေးခဲ့ပါသည်။

ယောသပ်သည် ကျွန်တစ်ယောက်အဖြစ် ရောင်းစားခြင်းကို ခံခဲ့ရကာ အဲဂုတ္တု(အီဂျစ်)ပြည်သို့ ဆောင်သွားခြင်းကို ခံခဲ့ရပြီး၊ ထိုအရပ်၌ တပါးနိုင်ငံ၏အမှုကို ဆောင်ခဲ့ပါသည်။ မနာလိုဝန်တိုမှုများကြောင့် သူ၏ ညီအစ်ကိုများသည် သူ့အားခရီးသွားကုန်သည်တစ်စုထံ၌ရောင်းစားခဲ့ကြသည်။ သူ၏ညီအစ်ကိုများသည် ယောသပ်အပေါ်၌ အမှုအမှုကို ကျူးလွန်ခဲ့ကြသော်လည်း ဘုရားသခင်ကမူ သူ၌ဖြစ်ပျက်ခဲ့သောအရာများကို အကောင်းအတွက် အသုံးပြုခဲ့ပါသည်။ ထိုအရာမှာ ယောသပ်သည် သူကျွန်ခံနေရသော ပြည်၏ဩဇာအာဏာရှိသော ခေါင်းဆောင်တစ်ဦးဖြစ်လာမည့်အကြောင်းပင် ဖြစ်သည်။ ဘုရားသခင်သည် အစာ

ခေါင်းပါးချိန်၌ သူ၏လူမျိုးတို့အား ကယ်တင်ရန် ယောသပ်ကိုအသုံးပြုမည်ဖြစ်သည်။

တိုက်ပွဲတိုင်းတွင် ကျွန်ုပ်တို့အောင်နိုင်မည်မဟုတ်ပါ။ တစ်နေ့၌ ညီအစ်ကိုတစ်ဦးက ကျွန်ုပ်ဘယ်သောအခါမှ မေ့ပျောက်မည်မဟုတ်သော အကြံပြုစကားအချို့အား ပြောပြခဲ့ပါသည်။ သူ၏မိသားစုအတွင်း၌ ရင်ဆိုင်နေရသော အခြေအနေကို ပြောပြရာတွင် "ဝိန်း"၊ ငါရှုံးတဲ့အထိ တိုက်ပွဲကို တိုက်ခဲ့တယ်။ အဲဒီနောက်မှာလည်း အဲဒီအရာနဲ့ မိတ်ဆွေကောင်းဖြစ်ဖို့လည်း လိုအပ်တယ်နော်" ဟု ဆိုခဲ့သည်။ သူ၏အကြံပြုစကားမှာ အလွန်အမြော်အမြင်ရှိပါသည်။ ယုံကြည်သူများဖြစ်သည့် နည်းတူ ကျွန်ုပ်တို့သည် အထိနာသော အရှုံးသမားများဖြစ်နိုင်ကြသည်။ ကျွန်ုပ်တို့၏ ဆုံးရှုံးမှုများကိုလည်း ယဉ်ယဉ်ကျေးကျေးလက်ခံကြရမည်။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ညီအစ်ကို(သို့) ညီအစ်မတို့အကြားရှိ ပြဿနာအားဖြေရှင်းရန် အကောင်းဆုံးလုပ်ဆောင်စဉ်၌ပင် ပြဿနာအား ဖြေရှင်းရန် မဖြစ်နိုင်သောအခါတွင်လည်း သူ့အား ဆက်လက်၍ချစ်ခင်နေရမည်ဖြစ်ပြီး၊ ပြဿနာကို ချန်ထားပြီး၊ ထိုပြဿနာမှ ကောင်းသောအရာများကို ပြုလုပ်ဖန်တီးရန် ဘုရားသခင်အား ယုံကြည်စိတ်ချရမည်ဖြစ်သည်။

**အတိတ်ကို မေ့ထားပြီး ရှေ့သို့ဆက်လှမ်းပါ။**

ပရောဖက် ဟေရှာယပြောဆိုထားချက်ရှိ နောက်ဆုံးစိန်ခေါ်ချက်အား ဖော်ပြရင်း နိဂုံးချုပ်ရေးသားခွင့်ပေးပါ။

(၁၈) ဖြစ်ဖူးသောအမှုကို မအောက်မေ့ကြနှင့်။ ရှေးကာလ
အရာတို့ကို ပမာဏမပြုကြနှင့်။ (၁၉) ကြည့်ရှုလော့။
အမှုသစ်ကို ငါပြုမည်။ ယခု ပေါ်လာလိမ့်မည်။
သင်တို့သည် အမှန်သိမြင်ရကြလိမ့်မည်။ အကယ်စင်စစ်

တော၌လမ်းကို၎င်း၊ လွင်ပြင်၌စီးသောရေကို၎င်း၊
ငါဖန်ဆင်းမည်။" (ဟေရှာယ၊ ၄၃း၁၈-၁၉)။

အတိတ်ကအကြောင်းအရာများကို မမေ့ပျောက်နိုင်သောသူများအား ကျွန်ုပ်တို့အားလုံးတွေဆုံဖူးခဲ့ကြပါလိမ့်မည်။ သူတို့သည် သူတစ်ပါး၏ပြစ်မှားခြင်းကို တနည်းနည်းဖြင့် ခံစားခဲ့ကြရပြီး နှစ်ကာလများ ကုန်လွန်သွားသော်လည်း ထိုအဖြစ်ကို မေ့ပျောက်၍မရနိုင်ဖြစ်နေခဲ့ကြသည်။ သူတို့အား ပြစ်မှားခဲ့ကြသောညီအစ်ကို (သို့) ညီအစ်မတို့မှ သူတို့၏လုပ်ရပ်များ(သို့) စကားလုံးများအတွက် ပြန်လည်ပေးဆပ်မှုအား လုပ်ဆောင်ရန် လိုအပ်နေကြောင်း ယခုတိုင်ခံစားနေကြသည်။ ကျွန်ုပ်တို့သည် အတိတ်၏အကြောင်းအရာများကို ပခုံးနထား၍ လွယ်ကူစွာ ပြောဆိုတတ်ကြသည်။ ဘုရားသခင်သည် အတိတ်၌ဖြစ်ခဲ့သောအရာများကို မေ့ပျောက်၍ရှေ့၌လုပ်ဆောင်စေလိုသည့်အရာများကို လုပ်ဆောင်ကြရန် ကျွန်ုပ်တို့အား ဆင့်ခေါ်ခဲ့ပါသည်။ အတိတ်ဖြစ်ရပ်များ၌ ကိုယ်ကိုယ်ကို ချည်နှောင်၍ ပစ္စုပ္ပန်ကောင်းချီးမင်္ဂလာများအား မခံစားနိုင်သောအခြေအနေမျိုးမရောက်လာသင့်ပေ။ ယမန်နေ့က ပြဿနာများဖြင့် ယနေ့အား အကြိမ်ကြိမ်ပျက်စီးစေခဲ့ကြပြီး ဘုရားသခင်အား ယုံကြည်ကိုးစားကြမည့်အစား နာကျည်းခါးသီးမှုနှင့် ဒေါသဖြစ်မှုများ၌ ကျွန်ုပ်တို့၏ အသက်တာများအား ဖြုန်းတီးပစ်ခဲ့ကြသည်။ သင့်အပေါ်၌ပြုခဲ့ကြသောအရာများကို သင်မပြောင်းလဲနိုင်ပါ။ သို့သော် ယနေ့၌ သင်မည်သို့မည်ပုံနေထိုင်သွားမည်ကိုတော့ သင်ပြောင်းလဲနိုင်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တတ်နိုင်သမျှလုပ်ဆောင်ခဲ့သောအချိန်ကို၎င်း၊ ပြဿနာအား ဘေး၌ချထားကြရမည့်အချိန်ကို၎င်း၊ ကျွန်ုပ်တို့မဖြေရှင်းနိုင်သောအရာများအား စောင်မပေးရန် သူ့အား ကိုးစားယုံကြည်ရမည့်အချိန်တို့ကို သိရှိနိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ကျေးဇူးတော်ကို ပေးမျှပါ

စေသော်။

**ဆင်ခြင်သုံးသပ်ရန်အချက်များ**

* လူများနှင့်ဖြစ်သော ကျွန်ုပ်တို့၏ ပဋိပက္ခများအတွက် အဖြေကို ကျွန်ုပ်တို့အမြဲတမ်း တွေ့နိုင်ပါမည်လော။ သင်နှင့် ဖြေရှင်း၍ မရသော ပဋိပက္ခရှိနေသည့် သူများ သင့်အသက်တာ၌ရှိပါသလား။
* သင်နှင့် သင့်ညီအစ်ကို(သို့) ညီအစ်မကြား၌ရှိသော ပဋိပက္ခကို ဖြေရှင်းရန် သင်မည်သည့်ကြိုးပမ်းမှုများကို ပြုလုပ်ပေးခဲ့ပါသနည်း။ သခင်ယေရှုကိုယ်တိုင်၌ပင် သူ့အား မနှစ်မြို့သူများ(သို့) သူနှင့် စိတ်သဘော မတိုက်ဆိုင်သူများရှိနေခဲ့သည် ဟူသော အချက်က သင့်အားမည်ကဲ့သို့သော နှစ်သိမ့်မှုမျိုးကို တွေ့ရှိ ခံစားရပါသနည်း။
* သင်နှင့် ညှိနှိုင်းမရသော ပဋိပက္ခရှိနေသောသူအား သင်မည်သို့ မှတ်ယူခဲ့ပါသနည်း။ သူတို့ထံ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ ဂရုဏာနှင့်မေတ္တာတရားကို သင်လက်တွေ့ပြသခဲ့ဖူးပါသလား။
* ပဋိပက္ခအား ကျွန်ုပ်တို့ဖြေရှင်းရာတွင် ပို၍ဆိုးရွားသွားသောအခြေအနေမျိုးမည်သို့ဖြစ်နိုင်သနည်း။
* သင်၏ဖြေရှင်းမရသော ပဋိပက္ခကို ဘုရားသခင်မည်သို့ အသုံးပြုနိုင်သနည်း။

  ထိုပဋိပက္ခများဖြင့်သင်၏အသက်တာကို မည်သို့ ပုံသွင်းခဲ့သနည်း။
* သင်သည် အတိတ်အကြောင်းကို မေ့ပျောက်၍ဘုရားသခင်ပြုလုပ်နေသောအသစ်သောအရာများဆီသို့ လျှောက်လှမ်းနိုင်ပါသလား။
* သင်၌ရှိနေသော မေ့ပျောက်ရန်ခက်ခဲသည့်အရာကား အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

* သင်နှင့်ဖြေရှင်း၍မရသော ပြဿနာများရှိနေသော သူတို့အား ဆက်လက်၍ ချစ်ခင်နိုင်ရန်အတွက် ဘုရားသခင်၏ကူညီမစမှုကို တောင်းလျှောက်ပါ။
* သင်နှင့်သင့်ညီအစ်ကို (သို့) ညီအစ်မတို့အကြားရှိ ပြဿနာ၏ အဖြေအတွက် သင်လုပ်ဆောင်ရမည့်အရာများကို ဖော်ပြပေးရန် ဘုရားသခင်အားတောင်းလျှောက်ပါ။ ပြဿနာကို ချန်ထားခဲ့ရန်နှင့် လက်တော်၌အပ်နှံရန် သင်လိုအပ်လာလျှင် ထိုအချင်းအရာကိုလည်း ဖော်ပြပေးရန် တောင်းဆိုပါ။
* ဘုရားသခင်သည် ကျွန်ုပ်တို့ရင်ဆိုင်နေရသော ပြဿနာများကို အသုံးပြု၍ ကြီးမြတ်သောအရာများကို အထမြောက်စေနိုင်သောကြောင့် ဘုရားသခင်အား ကျေးဇူးတင်ပါ။
* အတိတ်ကိုမေ့ပျောက်နိုင်သောအစွမ်းကိုပေးရန်နှင့် သင့်အတွက်ပြင်ဆင်ထားသော ကောင်းမြတ်ခြင်းအရာများဆီသို့ လျှောက်လှမ်းသွားနိုင်ရန် ဘုရားသခင်အားတောင်းလျှောက်ပါ။

## ***Light To My Path*** စာအုပ်ဖြန့်ဖြူးရေး

*Light To My Path* စာအုပ်ဖြန့်ဖြူးရေးအဖွဲ့ (*LTMP*)သည် စာအုပ်စာပေရေးသားပြုစုခြင်းနှင့် ဖြန့်ဖြူးခြင်းသာသနာလုပ်ငန်းဖြစ်ပြီး၊ အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများရှိ လိုအပ်ချက်များနှင့် မပြည့်စုံသော ခရစ်ယာန်အမှုဆောင်များအား လက်ကမ်းပေးနေသော သာသနာပြုလုပ်ငန်းဖြစ်သည်။ ဤဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရစ်ယာန်အမှုဆောင်များစွာ၌ သမ္မာကျမ်းစာသင်တန်းရှိလာရန် (သို့) သူတို့၏ သာသနာလုပ်ငန်းအတွက် သမ္မာကျမ်းစာလေ့လာရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ဝယ်ယူနိုင်ရန်နှင့် ကိုယ်ပိုင် လေ့လာမှုများအတွက် အရင်းအမြစ်များ မရှိကြပါ။ *F. Wayne Mac Lead* သည် *Action International Ministries* ၏အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး သူသည် လိုအပ်ချက်များရှိနေသော ကမ္ဘာ့တဝှမ်းရှိ သင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုဆောင်များအား အခမဲ့(သို့)အရှုံးခံ၍ဖြန့်ဖြူး ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်များအား ရေးသားခဲ့သည်။

ယနေ့တွင်ထောင်ပေါင်းများစွာသော စာအုပ်များ နိုင်ငံပေါင်း သုံးဆယ်ကျော်ရှိ ဒေသန္တရအသင်းများအတွက် တရားဟောခြင်း၌၎င်း၊ သင်ကြားခြင်း၌၎င်း၊ ဧဝံဂေလိလုပ်ငန်းများ၌၎င်း၊ ခွန်အားပေး တိုက်တွန်းခြင်းများ၌၎င်း အသုံးပြုလျက်ရှိကြသည်။ ဤအတွဲများ၌ရှိနေသော စာအုပ်များအား အိန္ဒိယဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်နှင့် ဟေတီခရီအိုလဲဘာသာတို့ဖြင့် ပြန်ဆိုထားခဲ့ပြီဖြစ်သည်။ ရည်ရွယ်ချက်မှာ ခရစ်ယာန်များအားလုံးအတွက် အတတ်နိုင်ဆုံးအလုံအလောက်ရရှိနိုင်ရန် ပြုလုပ်ပေးခြင်းဖြစ်သည်။

*LTMP* သာသနာလုပ်ငန်းသည် ယုံကြည်ခြင်း၌တည်ထား

သော အမှုတော်ဖြစ်သည့်အားလျော်စွာ၊ ကမ္ဘာတဝှမ်းရှိ ယုံကြည်သူများအား ခွန်အားပေးခြင်း၊ နိုးဆော်တိုက်တွန်းခြင်းများအတွက် စာအုပ်များကို ဖြန့်ဖြူးနိုင်ရန် လိုအပ်သောအရင်းအမြစ်များအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ပုံအပ်ထားသည်။ ဤစာအုပ်များအား အခြားဘာသာစကားဖြင့် ပြန်ဆိုခြင်းအတွက်၎င်း၊ ဤထက်မကပို၍ဖြန့်ဖြူးနိုင်ရန်အတွက်၎င်း၊ ဘုရားသခင်လမ်းဖွင့်ပေးရန် သင်ဆုတောင်းပေးနိုင်ပါသလား။

*Light To My Path* သာသနာလုပ်ငန်းနှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို သိလိုလျှင် ကျွန်ုပ်တို့၏ *website* ဖြစ်သော *www.ltmp.ca.* ၌ လေ့လာပါ။